
ဗုဒ္ဓ၏နောက်ဆုံးသာဝကနှင့်
လက်ရွေးစင်ဓမ္မဝတ္ထုတိုများ
အောင်ထိုက်
ရွှေဘို
ပန်းချီ ခင်သူ

၂၈၃၀၈

# သောင်ဆိုက် ။ရွှေဘို။

ဗုဒ္ဓ၏ နောက်ဆုံးသာဝကနှင့်

လက်ရွေးစင် ဓမ္မဝတ္ထုတိုများ

စာမူခွင့်ပြုချက် ၀၆/ ၈ (၁၂)

မျက်နှာဖုံးခွင့်ပြုချက် ၅၆/၉၁ (၇)

ထုတ်ဝေသူ ဦးအောင်ကြီး (၀၁၀၆)
ရွှေပုဒ်စာပေ
အမှတ် ၅၊ ကင်ဆန်းလမ်း၊
ဂွတ္တလစ်၊ ရန်ကုန်။

ပုံနှိပ်သူ ဒေါ်ခမ်းစမ်းကြည် (၇၃၄၄၄)
ဂျင်ကူးမြေ ပုံနှိပ်တိုက်
၃၆၃၊ ဗိုလ်ချုပ်လမ်း၊
ဖုန်း....၇၁၂၀

မျက်နှာဖုံးရိုက် ဦးဝါ မောင်ခင် (၀၄၄၇၀)
အမှတ် ၁၃၈ ၃(ဖ)ဆက်
၁၀၊ ရေကျော်လမ်း၊
ရန်ကုန်။


အုပ်ရေ ၁၀၀၀

တန်ဖိုး ၂၅ ကျပ်

ပထမအကြိမ်၊ ၉၉၁ ခုနှစ်၊ ဧပြီလ။

## မာတိကာ


| | | |
|---|---|---|
| ၁။ | ဗုဒ္ဓ၏ နောက်ဆုံးသာဝက | ၁ |
| ၂။ | ကမ္ဘာ့ကုန်ကျယ်သံရွှေ | ၁၁ |
| ၃။ | မိဘတို့ဝမ်း | ၂၃ |
| ၄။ | တုံ့ပြန်ဝင်ကြွေး | ၃၇ |
| ၅။ | နှုတ်မြည်လှလှမှညီယောပါ | ၄၇ |
| ၆။ | အဝဇာတသား အတိဇာတသမီး | ၅၉ |
| ၇။ | အရှက်ကွဲ၍တရားရ | ၇၃ |
| ၈။ | ကံ့ ကံ၏ အကျိုး | ၈၅ |
| ၉။ | တိရစ္ဆာန်နှိသော်မှ | ၁၀၁ |
| ၁၀။ | မင်းသမီးခေါင်းစွပ်ထားသော ဘီလူးမ | ၁၁၁ |



## ၁။ ဗုဒ္ဓ၏ နောက်ဆုံးသာဝက

ချစ်သား သုဘဒ္ဒ၊ စင်စစ် တရားဓမ္မတစ်ခုတွင် အင်္ဂါရှစ်ပါး ရှိသော မဂ္ဂင်တရား မရှိခဲ့ပါလျှင် ထိုတရား၌ ပဌမဖြစ်သော သောတာပတ္တိမဂ်ကို မရနိုင်ရာ။

ဒုတိယဖြစ်သော သကဒါဂါမိမဂ်ကိုမူ အဘယ်မှာ ရနိုင်ပါတော့မည်နည်း။

ချစ်သား သုဘဒ္ဒ၊ အကြင်တရား၌ ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော မဂ္ဂင်တရားများကိုရအံ့၊ ထိုတရား၌ ပဌမ၊ ဒုတိယ စသည့် မဂ်တရားများကို ရမည်သာဖြစ်သည်။

## ဗုဒ္ဓ၏နောက်ဆုံးသာဝကနှင့် အခြားဝတ္ထုတိုများ

- ဗုဒ္ဓ၏ ပထမဆုံးသာဝကရှိခဲ့သလို၊ နောက်ဆုံးသာဝက ကြီးလည်း ရှိခဲ့၏။

ဗုဒ္ဓက နောက်ဆုံးသာဝကကြီး ဖြစ်မည့်သူအား ဤသို့ ဟောကြားခဲ့၏။

"ချစ်သား သုဘဒ္ဒ၊ စင်စစ် တရားဓမ္မတစ်ခုတွင် အင်္ဂါ ရှစ်ပါးရှိသော မဂ္ဂင်တရား မရှိခဲ့ပါလျှင် ထိုတရား၌ ပထမ ဖြစ်သော သောတာပတ္တိမဂ်ကို မရနိုင်ရာ၊ ဒုတိယဖြစ်သော သကဒါဂါမိမဂ်ကိုမူ အဘယ်မှာရနိုင်အံ့နည်း။ ချစ်သားသုဘဒ္ဒ အကြင်တရား၌ ရှစ်ပါးသောအင်္ဂါနှင့် ပြည့်စုံသော မဂ္ဂင်တရား များကို ရအံ့၊ ထိုတရား၌ ပထမ၊ ဒုတိယ စသည့် မဂ်ဘရား များကို ရမည်သာဖြစ်သည်။ အကယ်၍ ရဟန်းသည် မှန်သော သစ္စာတရား၌ တည်အံ့၊ ထိုသို့တည်သောလောကဝယ် ရဟန္တာ တို့ဖြင့် ဆိတ်သုဉ်းခြင်းမရှိနိုင်ပေ။ အခြားသော အယူဝါဒတို့၌ ဤမှန်ကန်သော သစ္စာတရားများကို တစ်စိတ်တစ်ဒေသမျှ ရှိ လိမ့်မည်ဟု ငါဘုရား မမြင်ချေ"

ဤသို့ဤနှယ် ဘာသာရေးအသိ ကြွယ်ဝရေးကို အလေး ပေးသော ဗုဒ္ဓ၏ နောက်ဆုံးသာဝကဝတ္ထုနှင့်အတူ အခြား ဓမ္မဝတ္ထုတိုင်းမှာလည်း မှတ်သားဖွယ် အနှစ်သာရများစွာကို ရေးဖွဲ့ထားတဲ့ ချမ်းမြေ့စာပေရဲ့ စာအုပ်ကောင်းလေးတစ်အုပ် ဖြစ်ပါတယ်။

# ဗုဒ္ဓ၏ နောက်ဆုံးသာဝက

ကျွန်ုပ်ဘဝကား အတိုးကျန်ဆန်ပွန်းလှပေသည်၊ ကျွန်ုပ်သည် ကျွန်ုပ်၏ဖခင်ကို ဖြူသည့်နည်းသည် မသိရပေ၊ ကျွန်ုပ် လသားအရွယ်မှာပင် မိခင်အပေါ်၌ စိတ်နာကာ အနန္တဇိနထံ ထွက်သွားသည်ဟု သိရလေသည်။

ကျွန်ုပ်ဖခင်နှင့်မိခင်သည် အသက်အားဖြင့် မြေးအဘိုးတမျှ ကွာခြားသည်ဟုဆိုသည်။ ကျွန်ုပ်ဖခင်ကား ကျွန်ုပ် အဘိုးဖြစ်သူ မွေးမိ မုဆိုးကြီးထက်ပင် အသက်ကြီးသေးသည်။ ကျွန်ုပ်မိခင်နှင့် မတွေ့မီက ကျွန်ုပ်ဖခင်သည် သံသရာမှ လွတ်မြောက်ကြောင်းဖြစ်သော ဝိမောက္ခတရား ရှာနေသူဖြစ်သည်၊ ဖခင်သည် ဝိမောက္ခတရား ရှာနေစဉ်က အနန္တဇိနကို ပထမဆုံး တွေ့သူဖြစ်သည်။ တွေ့သော်လည်း သူလိုကိုယ်လို တရားရှာနေသူဟုသာ ထင်မှတ်နေခဲ့သည်။ ထို့ကြောင့် ဖခင်က စတင်၍ အနန္တဇိနအား—

'ငါ့ရှင် သင့်ဣန္ဒြေကား ကြည်လင်လှပေ၏၊ အဘယ်ပုဂ္ဂိုလ်ကို ရည်စူး၍ ရဟန်းပြုခဲ့ပါသနည်း၊ သင့်ဆရာကား အဘယ်သူနည်း၊ သင် အဘယ်တရားကို နှစ်သက်ပါသနည်း' ဟု မေးလေသည်။

ထိုအခါ အနန္တဇိနက—

'ငါ့ရှင် ဥပက ငါကား အလုံးစုံသော ကိလေသာတို့ကို ဖယ်ရှားဖျက်ဆီးနိုင်၍ တရားအပေါင်းတို့ကို အလိုလို သိတော်မူသောကြောင့် ငါ့မှာ ဆရာဟူ၍ မရှိပေ၊ ငါ့အမည်ကား မာန်ငါးပါးကို အောင်မြင်သောကြောင့် အနန္တဇိနဟုခေါ်သည်ဥပက' ဟု မိန့်တော်မူလေသည်။

ထိုစဉ်က ဖခင်သည် အလုံးစုံသော တရား အပေါင်းကို သိလျှင် ကျွန်ုပ်အား တရားဟောပါဟုဆိုလျှင် အနန္တဇိနက တရားဟောမည်ဖြစ်ပေသည်။ သို့သော်လည်း ဖခင်သည်၊ ဤမျှငယ်ရွယ်သူက ဆရာမရှိဘဲ တရားအလုံးစုံကို သိသည်ဟု ဆိုခြင်းကို သံသယဖြစ်ဟန် တူပေသည်။

'ဩော်....အနန္တဇိနဆိုသည်မှာ ဟုတ်ပေလိမ့်မည်' ဟူ၍သာ ပြောပြီး အနန္တဇိနနှင့် လမ်းခွဲခဲ့လေသည်။

အနန္တဇိနနှင့် လမ်းခွဲပြီး ကျွန်ုပ်အဘိုးတို့ နေထိုင်ရာ ဝင်္ကဟာရ ဇနပုဒ်သို့ ရောက်လာပြီး အဘိုးနှင့်တွေ့လေသည်။ အဘိုးသည် ကျွန်ုပ်ဖခင်အား ရဟန္တာဟုထင်မှတ်ကာ ကြည်ညိုစွာဖြင့် ကျောင်းဆောက်၍ ကိုးကွယ်ထားလေသည်။

သို့ကိုးကွယ်ထားသော်လည်း အိမ်ထောင်ဦးစီးဖြစ်၍ အိမ်ထောင်တာဝန်ကို ထမ်းဆောင်ရသည်။ အဘိုးအသက်မွေးမှု အလုပ်ကား မုဆိုးဖြစ်သည်။ အဘိုးသည် နေ့တိုင်း သားကောင်ရှာ ထွက်နေရသဖြင့် ရဟန်းကြီးဥပကနှင့် အနေဝေးလေသည်။ တစ်ခါတစ်ရံသာ ကျောင်းသို့ ရောက်ဖြစ်သည်။ အဘွားသည်လည်း အဘိုး ရလာသော သားကောင်များကို ရောင်းရ ကြွေးကျန်များကို လျှော်တောင်းရနှင့် မအားမလပ်ပေ၊ ထို့ကြောင့် ဆွမ်းကိစ္စတာဝန်ကို သမီးဖြစ်သူ မစာပါခေါ် ကျွန်ုပ် မိခင်အား လွှဲထားလိုက်သည်။

ထိုသို့လွှဲအပ်ထားသောအခါ ဖခင်ဥပကနှင့် မိခင်မစာပါတို့သည် နေ့တိုင်းတွေ့ဆုံနေကြရလေသည်။ နေ့တိုင်းတွေ့ဆုံရသောအခါ

အသက်ခြောက်ဆယ်ပင် ကျော်စပြုနေပြီဖြစ်သော ကျွန်ုပ်ဖခင်သည် ကျွန်ုပ်မိခင်အပေါ် ချစ်ခင်စွဲလမ်း ကပ်သက်မိတော့သည်။

ထိုအဖြစ်ကို သိရသော ကျွန်ုပ်အဘိုးသည် သဘောတူ ကြည်ဖြူစွာပင် သူ့သမီးမစာပါကို ဖခင်ဥပကနှင့် ပေးစားလိုက်လေသည်။ မိခင်မစာပါသည် အဘိုးပေးစားရှိသော လက်ကြားအိုကြီးကို ယူလိုက်ရသော်လည်း လုံးဝချစ်ခင်နှစ်သက်ခြင်း မရှိခဲ့ပေ။

ထို့ကြောင့်လည်း ကျွန်ုပ်ဖခင်အား အချိုးမျိုးသဲဆိုကြိမ်းမောင်းနေလေ့ ရှိသည်ဟု ဆိုသည်။ ပြောဆိုခံရဖန်များတော့လည်း ဖခင်သည် မိခင်အပေါ် စိတ်ကုန်ခမ်း၍ သူယခင်ကတွေ့ခဲ့သော အနန္တဇိနထံ သွားလေတော့သည်။

ကျွန်ုပ်မိခင် မစာပါလည်း လင်ပစ်သွားသော အခါကျမှ သူမှားကြောင်း နောင်တရနေလေသည်၊ ထိုအချိန်က လင်ပစ်ခံရသော မိန်းမများကို ကြည်ထားလေ့ရှိသည်။ ကျွန်ုပ်မိခင်သည် လူအများက ကြည်ထားခြင်း ခံရသဖြင့် စိတ်အညစ်ကြီး ညစ်ရရှာလေသည်။

ထို့နောက် ကျွန်ုပ် တစ်နှစ်သားကျော်အရွယ်တွင် အနန္တဇိနထံ သွားသော ဖခင်ကို လိုက်ရှာမည်ဟုဆိုကာ ကျွန်ုပ်အား အဘိုးအဘွားတို့ထံအပ်နှံပြီး အိမ်က ထွက်သွားတော့သည်။

ဤကား အဘိုးပြောပြ၍ သိရသော အကြောင်းများ ဖြစ်သည်။ ကျွန်ုပ်ဖခင်နှင့် မိခင်သည် သူတို့ချင်း ပြန်ဆုံကြလေသလား၊ အနန္တဇိနနှင့် တွေ့ကြလေသလား၊ ယခုတိုင် အသက်ထင်ရှား ရှိကြလေသလားဆိုသည်ကိုတော့ ကျွန်ုပ် တပ်အပ်မသိပေ။

ကျွန်ုပ်အဖို့ကား အဘိုးသည်ပင် ဖခင်၊ အဘွားသည်ပင်မိခင် ဖြစ်ပေသည်၊ မိခင်ဖခင် အုပ်ထိန်း၍ ကြီးပြင်းလာခဲ့သူ မဟုတ်ဘဲ အဘိုးအဘွား အုပ်ထိန်း၍ ကြီးပြင်းလာရသူဖြစ်လေသည်။

ကျွန်ုပ်သည် အရွယ်ရောက်လာတော့ ယောကျ်ားတို့ တတ်အပ်သော ပညာများကို သင်သည်။ ထို့နောက် အဘိုးနှင့်အတူ သားကောင်အရှာထွက်သည်။ ကျွန်ုပ်အဘိုး သင်ပေး၍ လေးကိုင်နည်း

မြွားပစ်နည်းကို ကျွမ်းကျင်စွာ တတ်မြောက်သည်။ ကျွန်ုပ်သည် အဘိုးအဘွားတို့နှင့်အတူ လုပ်ကိုင်စားနေရာ၊ အဘိုးအဘွားတို့သည် အသက်ကြီးလာသဖြင့် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ဆုံးသွားကြရှာသည်။

ထိုအခါ ကျွန်ုပ်တစ်ဦးတည်း လောကအလယ်တွင် အထီးကျန်ဖြစ်ခဲ့ရလေသည်။ တစ်ယောက်တည်း အထီးကျန်ဘဝ ဖြစ်နေရသဖြင့် ကျွန်ုပ်သည် လောကကြီးကို ငြီးငွေ့လာသည်။ စိတ်ပျက် ရှုံမုန်းလာသည်။ သာယာချမ်းမြေ့ မပျော်မွေ့တော့ပေ။ သူတစ်ပါးအသက်သတ်ရသော မုဆိုးအလုပ်ကိုလည်း စက်ဆုပ်လာသည်။ ဖခင်တို့ကဲ့သို့ ဝိမောက္ခတရား ရှာခြင်းသည်သာ ကောင်းလိမ့်မည်ဟု စိတ်ဆုံးဖြတ်ကာ မိမိပိုင်ဆိုင်သော ပစ္စည်းများနှင့် လေး မြားကိုစွန့်၍ ဖန်ရည်စွန်းသော သင်္ကန်းကို ဝတ်ပြီး ဆရာအရှာ ထွက်ခဲ့လေတော့သည်။

ကျွန်ုပ်သည် ဆရာအမျိုးမျိုးကို တွေ့ခဲ့သည်။ သူတို့တတ်ထားသော အတတ်များကိုလည်း သင်ယူခဲ့သည်။ သို့သော်လည်း အားရကျေနပ်ခြင်း မရှိခဲ့ပါချေ။

ထို့ကြောင့် ဖခင်တွေ့ခဲ့သော အနန္တဇိနဆိုသော ပုဂ္ဂိုလ်ကို တွေ့လိုသည်။ အနန္တဇိနကို ကျွန်ုပ် တွေ့အောင်ရှာရမည်။ ကျွန်ုပ် အနန္တဇိနအား မိမိသိလိုသော အရာများကို မေးချင်သည်။ အခြားအခြားသော ဆရာများကို ကျွန်ုပ် မေးခဲ့ဖူးသည်။ သို့သော်လည်း ကျွန်ုပ်စိတ်တိုင်းကျသော အဖြေများ မဟုတ်ခဲ့ပေ။

ယခု ကျွန်ုပ်အသက်သည် လေးဆယ်ပင်ကျော်ခဲ့ချေပြီ။ အနန္တဇိနရှိရာ သတင်းအနံ့ခံ၍ လိုက်ရှာခဲ့သည်။ ကျွန်ုပ်နှင့် အနန္တဇိနတားတေ့လွဲ လွဲနေတော့သည်။

နောက်ဆုံးကြားရသော သတင်းကား ကျွန်ုပ် ရင်ဆို့မောဟိုက် သွားလေသည်။ အနန္တဇိနသည် နောက်သုံးလလွန်လျှင် ပရိနိဗ္ဗာန်ပြုတော့မည်ဆိုသော သတင်းပင်ဖြစ်သည်။

အနန္တဇိန ပရိနိဗ္ဗာန်မပြုမီ ကျွန်ုပ် တွေ့ရမှဖြစ်မည်။ အကယ်၍ မတွေ့လိုက်ရလျှင် ကျွန်ုပ်မေးချင်သော ပြဿနာများ မေးလိုက်ရတော့မည် မဟုတ်ပေ။

ရာဇဂြိုဟ်တွင် အနန္တဇိရှိသည်ဟုကြားသဖြင့် လိုက်သွားသည်။ ကျွန်ုပ် ရာဇဂြိုဟ်ရောက်သော် ဝေသာလီသို့ ကြွမြန်းသွားပြီဟု သိရပြန်သည်။ တစ်ဖန် ဝေသာလီသို့ ကျွန်ုပ်လိုက်ရပြန်သည်၊ ဝေသာလီသို့ ကျွန်ုပ် ရောက်ပြန်တော့သည်း ပါဝါပြည်သို့ ဒေသစာရီကြွချီသွားပြီဟု ရင်မောစွာ သိရပြန်သည်။ ပါဝါပြည်သို့ ကျွန်ုပ် လိုက်ရပြန်သည်၊ သို့သော်လည်း အနန္တဇိနကို မတွေ့ရပေ။ ကုသိနာရုံသို့ ထွက်ခွာသွားပြီ ဆိုသဖြင့် ကုသိနာရုံသို့ လိုက်ရပြန်သည်။

အနန္တဇိနသည် သက်တော်အားဖြင့် ရှစ်ဆယ်တင်းတင်း ပြည့်ချေပြီ။ သတ္တဝါတို့အား တရားရေအေးအမြိုက်ဆေး တိုက်ကျွေးခဲ့သည်မှာ (၄၅)နှစ်ပြည့်ပြီဟု ဆိုသည်။ မလ္လာမင်းတို့ အင်ကြင်းဥယျာဉ်မှာ ပရိနိဗ္ဗာန်ပြုတော့မည်ဖြစ်ကြောင်း ကုသိနာရုံရောက်သည်နှင့် ကျွန်ုပ် ကြားသိရလေတော့သည်။

မလ္လာမင်းများ နှင့် ပြည်သူပြည်သားတို့သည် အနန္တဇိနကို သဒ္ဓါတရား ထက်သန်စွာ အလွန်ကြည်ညိုကြလေသည်။ သူတို့သည် အချိန်အခါမရွေး ကြွလာလေ့ရှိသော အနန္တဇိနအား မပျက်မကွက်သွားရောက် ရှိခိုးပူဇော်မှုပြုရမည်။ ပျက်ကွက်သူများကို ဒဏ်ထားစတမ်းဟူ၍ ကတိဝတ်စကား ရှိလေသည်ဟုဆိုပေသည်။

ထို့ကြောင့် အနန္တဇိန ရဟန်းများစွာခြံရံ၍ ကြွလာမည်ကိုပင် ကြိုတင်၍ အသိပေး မောင်းကြေးနင်း ခတ်ထားသည်ဟု ကြလေသည်။

အနန္တဇိန ကြွမြန်းလာသည်နှင့် မလ္လာမင်းတို့နှင့်တကွ ကုသိပြည်သူပြည်သားတို့သည် ပန်းနံ့သာ လက်စွဲ၍ သူ့ထက်ငါင် အနန္တဇိနထံ သွားကြလေသည်ဟု သိရသည်။

ကျွန်ုပ်လည်း အနန္တဇိနရှိရာ လှမ်းတို့ အင်ကြင်းဥယျာဉ်သို့ လိုက်သွားသည်။ ဥယျာဉ်ရှိရာသို့ ရောက်သော် လူထု လူအုပ်ကြီးသည် အနန္တဇိနအား တိုးဝှေ့ဖူး မြော်ကန်တော့နေကြသည်ကို တွေ့ရသည်။ အချို့လည်း မျက်ရည်ယိုင်လျက် ပစ်အော် ငိုကြွေးကြသည်။ အချို့လည်း 'မြတ်စွာဘုရား ဒေတ္တပါတွေကို သနား ငဲ့ညှာသော အားဖြင့် ပရိနိဗ္ဗာန် ပြုတော်မမူပါနှင့်ဦး ဘုရား' ဟူ၍ ငမ်းနည်း ပက်လက်လျှောက်ထားကြသည်။ အချို့လည်း 'အရှင်မြတ်ဘုရား။ အရှင်မြတ်မရှိလျှင် တပည့်တော်တို့ အားကိုးရာမဲ့ ဖြစ်ကြရပါတော့မည် ဘုရား။ ဘယ်သူ့ကို အားကိုးရမလဲဘုရား' ဟု ပူဆွေးသောအာဖြင့် လျှောက်ထားကြသည်။

ထိုသို့ လျှောက်ထားကြ ငိုကြွေးကြသော အသံများကား ဘဝဂ်လျှံမျှ အုံးအုံးကြွက်ကြွက် ဆူညံနေတော့သည်။

ရဟန်းတစ်ပါးမှ ရောက်လာသော ပရိသတ်ကြီးကိုဖြောင်းဖျ တရားစကား ပြောဆိုမိန့်ကြားနေသည်။

ကျွန်ုပ်သည် ဆူညံငိုကြွေးနေသော လှုပ်လှုပ်ရွရွ လူအုပ်ကြီးကိုသာ တွေ့နေမြင်နေရသေးသည်။ သူတို့ခေါ်သော မြတ်စွာဘုရား ဆိုသည့် အနန္တဇိနကိုမူ ကျွန်ုပ်မမြင်ရသေးပေ။ ကျွန်ုပ်သည် လူအုပ်ကြားသို့ အတင်းတိုးဝှေ့ပြီးလျှင် ကျွန်ုပ်တွေ့လိုသော အနန္တဇိနရှိရာ ရောက်အောင်သွားရသည်။

ကျွန်ုပ် အနန္တဇိနကို လှမ်းမြင်လိုက်ရသောအခါ ကျွန်ုပ်စိတ်သည် မချင့်မရဲ ဖြစ်သွားသည်။ 'ငါမေးလိုတာမှ မေးလိုက်ရပါမည်လား' ဟူ၍လည်း စိုးရိမ်စိတ် ပါဝင်မိလေသည်။ အဘယ်ကြောင့် ဆိုသော် အင်ကြင်းပင်နှစ်ပင်ကြား သလွန်ထက်ဝယ် မြောက်ဘက် ဦးခေါင်းပြုလျက် ဖျော့တော့နွမ်းနယ်လှစွာ ကာယိကဒုက္ခကို ခံစားကာ လျောင်းစက်နေသည်ကို မြင်တွေ့ရသောကြောင့်ဖြစ်သည်။

ကျွန်ုပ် အချိန်သိပ်ဆွဲ၍ မဖြစ်တော့ပေ။ အချိန်ဆွဲနေလျှင် ကျွန်ုပ်မေးလိုသော ပုစ္ဆာကို မမေးလိုက်ရဘဲ ပရိနိဗ္ဗာန်ပြုသွားလျှင် ကျွန်ုပ်အဖို့ အဆုံးရှုံးကြီး ဆုံးရှုံးရပေတော့မည်။ ထို့ကြောင့် အနန္တဇိနထံ ချဉ်းကပ်သွားလိုက်သည်။

သို့သော် ကျွန်ုပ် ချဉ်းကပ်ခွင့်မရမီ ရဟန်း တစ်ပါးက ကျွန်ုပ်အား အနန္တဇိနထံမှောက် မဝင်ရောက်ရန် တားမြစ်လေသော သည်။

'ငါ့ရှင် ပရိဗိုဇ်၊ မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် ပြုတော့မည်ဖြစ်၍ ကိုယ်ကာယနွမ်းနယ်လှပြီ၊ သင်တို့ တိတ္ထိစသော ပရိဗိုဇ်များသည် ဘုရားမြတ်စွာအား အကြိမ်ကြိမ် ညှဉ်းဆဲခဲ့ပြီးပြီ။ ယခု နောက်ဆုံး ပရိနိဗ္ဗာန်ပြုမည့်အချိန်ထိ ညှဉ်းဆဲရန် လာချေသေးသည်။ ဤအချိန်မှာ ညှဉ်းဆဲရန်မသင့်တော့ပါ' ဟု ဆိုလေသည်။

'ငါ့ရှင်ရဟန်း သင်တို့ဆရာကို ညှဉ်းဆဲလို၍မဟုတ်ပါ၊ ငါ မေးချင်သည်ကို တကယ်မသိ၍ မေးလိုခြင်းသာ ဖြစ်ပါသည်'

ကျွန်ုပ်က ထိုသို့ တောင်းပန်တိုးလျှိုးစွာ ပြောသော်လည်း ထိုရဟန်းသည် ကျွန်ုပ်အား အနန္တဇိနနှင့် တွေ့ခွင့်မပေးချေ။

ကျွန်ုပ်သည် သုံးကြိမ်တိုင်တိုင် အနန္တဇိနနှင့်တွေ့ရန် ခွင့်တောင်း သည်။ ရဟန်းကလည်း သုံးကြိမ်တိုင်တိုင်ပင် တားမြစ်လေသည်။

ကျွန်ုပ်နှင့် ထိုရဟန်းတို့ ပြောဆိုနေကြသည်ကို အနန္တဇိနသည် ကြားတော်မူဟန် တူပေသည်၊

'ချစ်သားအာနန္ဒာ၊ သုဘဒ္ဒသည် ငါ့ကို ညှဉ်းဆဲလို၍မဟုတ် ပါ။ စင်စစ် သူသိချင်သည်ကို မေးလို၍သာ လာခြင်းဖြစ်သေသည်။ အာနန္ဒာ၊ သုဘဒ္ဒကို ငါ့ထံလွှတ်လိုက်ပါဘိ' ဟု မိန့်မြွက်လေသည်။

ထိုအခါမှ အာနန္ဒာဆိုသော ရဟန်းသည် အနန္တဇိနနှင့် တွေ့ဆုံခွင့်ပေးလေတော့သည်။

ကျွန်ုပ်သည် အနန္တဇိနထံ ချဉ်းကပ်တွေ့ဆုံခွင့်ရသည်နှင့် လျှင်မြန်စွာ ရှင်တော်မြတ်အား ငါးပါးသောရှိခိုးခြင်းဖြင့် ရှိခိုးပြီးလျှင် ကျွန်ုပ်သိလိုသော ပြဿနာကို လျှောက်ထားလိုက်လေသည်။

'အနန္တဇိနရှင်မင်းမြတ်ဘုရား၊ အချို့သော သူတို့က သမဏ ဗြာဟ္မဏတို့၌ ဂေါရစသည်တို့က မြင့်မြတ်သောသူများဖြစ်သည်ဟုယုံကြည် ပါကုန်သည် ဘုရား၊ ထိုသူတို့သည် ကာယပင် မိမိတို့ အယူဝါဒကို သိကုန်ကြပါသလော၊ သို့မဟုတ် တစ်စိတ်တစ်ဒေသသာ သိကုန်ကြ ပါသလော အရှင်ဘုရား'

ကျွန်ုပ်သည် ဝိုဘုံနှင့် မိမိသိလိုသော အကြောင်းအရာကိုသာ လိုရင်း လျှောက်ထားလိုက်တော့သည်။

'ချစ်သား သုဘဒ္ဒ၊ သင့်မေးခွန်းကို ထားဘိဦး၊ သင့်အား ငါဘုရားရှင်သည် တရားဟောကြားမည်၊ ကောင်းစွာ နာယူလော့ ချစ်သား သုဘဒ္ဒ၊ စင်စစ် တရားဓမ္မတစ်ခုတွင် အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်တရား မရှိခဲ့ပါလျှင် ထိုတရား၌ ပထမဖြစ်သော သောတာပတ္တိ မဂ်ကိုမရနိုင်ရာ။ ဒုတိယဖြစ်သော သကဒါဂါမိမဂ်ကိုမူ အဘယ်မှာရနိုင် ပါတော့မည်နည်း၊ ချစ်သား သုဘဒ္ဒ၊ အကြင်တရား၌ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံသော မဂ္ဂင်တရားများကိုရအံ့၊ ထိုတရား၌ ပထမ၊ ဒုတိယ စသည့် မဂ်တရားများကို ရမည်သာဖြစ်သည်၊ အကြယ်၍ ရဟန်းသည် မှန်သောသစ္စာတရား၌ တည်အံ့၊ ထိုသို့တည်သော် လော ကငယ် ရဟန္တာတို့ဖြင့် ဆိတ်သုဉ်းခြင်း မရှိနိုင်ပေ။ အခြားသော အယူဝါဒတို့၌ ဤမှန်ကန်သော သစ္စာတရားများကို တစ်စိတ်တစ် ဒေသမျှရှိလိမ့်မည်ဟု ငါဘုရား မမြင်ချေ'

ကျွန်ုပ်သည် အနန္တဇိနဟောသော တရားတော်ကို နှစ်သက် သွားလေသည်။ အနန္တဇိနသည် ငါဘုရား၏ တရားသာ အမှန်ဆုံးဟု မဆိုပေ၊ အနန္တဇိန ဆိုလိုသည်က အဘယ်တရားမဆို အင်္ဂါရှစ်ပါး ရှိသော မဂ္ဂင်တရားနှင့် ပြည့်စုံလျှင် သောတာပတ္တိ စသော မဂ်တရား ဖိုလ်တရားများ မဆိတ်သုဉ်းဟု ဆိုခြင်းဖြစ်သည်။

အနန္တဇိနသည် ထို ထက်များစွာလည်း ကျွန်ုပ်အား ဟောကြား ပေသည်။ ထို့ကြောင့် ကျွန်ုပ်သည် အနန္တဇိနထံ ရဟန်းပြုခွင့်ပေး ပါရန် လျှောက်ထားလိုက်ပေသည်။

'မြတ်စွာဘုရား၊ တပည့်တော်အား သနားသောအားဖြင့် ရှင်တော်မြတ်၏ သာသနာ၀ယ် ရဟန်းပြုခွင့် ပေးတော်မူပါ ဘုရား'

ထိုကဲ့သို့ ကျွန်ုပ်က ရဟန်းပြုပေးရန် လျှောက်ထားသောအခါ မြတ်စွာဘုရားသခင်က ကျွန်ုပ်အား လွယ်လွယ်နှင့်ရဟန်းပြုမပေးချေ။ အကြောင်းမှာ တိတ္ထိဘောင်မှ ဗုဒ္ဓသာသနာဘောင်သို့ ကူးပြောင်း လာလိုသူများကို ဝတ်ဆောက်တည်စေပြီးမှသာ ရဟန်းပြုပေးရိုး ထုံးစံရှိသည်ဟု ဆိုသောကြောင့်ဖြစ်၏။

သို့ရာတွင်ကျွန်ုပ်၏ဘက်သန်သော သဒ္ဓါတရားကို သိမြင်တော် မူသော ရှင်တော်မြတ်ဘုရားသည် ကျွန်ုပ်အား ဘုရားရှင်နှင့် တွေ့ခွင့် မပေးသော ရဟန်းကိုခေါ်၍....

'ချစ်သား အာနန္ဒာ၊ သုဘဒ္ဒအား ရဟန်းပြုပေးလိုက်လော့' ဟု မိန့်ကြားလေသည်။

ကျွန်ုပ်အား ရဟန်းပြုပေးသော ရဟန်းတော်သည် ဘုရား ရှင်၏ ညီတော်ဝမ်းကွဲဖြစ်သော၊ ဘုရားအား အလုပ်အကျွေးပြုနေ သော တေဒဂ်ငါးဖြာရ ညီတော်အာနန္ဒာဟု သိရလေသည်။

ကျွန်ုပ်သည် ရဟန်းပြုပြီးနောက် အနန္တဇိနဖြစ်သော မြတ်စွာ ဘုရား ပရိနိဗ္ဗာန်ပြုတော့မည် မပြုတော့မည်ကို အမိကမသားတော့ဘဲ သံသရာမှ လွတ်မြောက်ကြောင်း ဝိမောက္ခတရားကို သိရသဖြင့် လျင် စွာ ကြိုးစားအားထုတ်လေတော့သည်။

ကျွန်ုပ်သည် ရှင်တော်ဘုရား ဟောကြားသော တရားကို ကြိုးစားအားထုတ်လိုက်ရာ လူကို၏အသိထက် လွန်မြတ်သော စတ္တရိ မန္ဒသာဓမ္မတရားထူးကို ရရှိခံစားရလေတော့သည်။

ကျွန်ုပ် တရားထူးရ၍ ရဟန္တာဖြစ်သည့်တိုင် ရှင်တော်မြတ် ဘုရားသည် ပရိနိဗ္ဗာန် မပြုသေးချေ။ ထို့ကြောင့် ကျွန်ုပ်သည် ဗုဒ္ဓ၏ နောက်ဆုံးသာဝက ဖြစ်လေသည်။

ကျွန်ုပ်သည် အနန္တဇိနဖြစ်တော်မူသော မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုသော်လည်း စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုတော့ပေ။ ကျွန်ုပ်အား ရဟန်းပြုပေးသော ညီတော် အာနန္ဒာ စသော သောတာပန် သကဒါဂါမ် ရဟန်းများနှင့် ပုထုဇဉ် ရဟန်းတို့သာလျှင် ဖြေမဆည်နိုင်အောင် ငိုကြွေးကြလေသည်။

လူပုဂ္ဂိုလ်၊ သာမန်ပုထုဇဉ် မင်း၊ သူဌေး၊ ပရိသတ်များကား ရင်ကိုထု၍ ဘစ်ချိုး၊ ခေါင်းကိုဆောင့်၍တစ်ဖုံ ပူဆွေးငိုကြွေးကြလေကုန်သည်။ ကျွန်ုပ်ကား နာကမ္ဘတိ၊ မတုန်မလှုပ် လောကဓံကို ကြံ့ကြံ့ခံနိုင်ခဲ့လေသတည်း။

(ပရိနိဗ္ဗာနသုတ်နှင့် ဇိနတ္ထပကာသနီတို့မှ)



## ၂။ ကမ္ဘာ့ကုန်ကျယ်သရွေ့

မိန်းမတို့မည်သည် မောင် တစ်ယှာ၊ တစ်ထောင်ပင် ရှိသော်လည်း၊ လင်မရှိက မတင့်တယ် ဟူ၍ လည်းကောင်း၊ မိန်းမတို့၏ကိုးကွယ်ရာကား လင်သာလျှင်တည်း ဟူ၍ လည်းကောင်း ဆိုရိုးစကား ရှိလေသည်။

'ဒီကောင်မဟာ ကိုယ့်လင်ကို အိမ်ဦးနတ်ရယ်လို့ ရိုရိုသေသေ လေးလေးစားစားမှ မရှိတာပဲအေ၊ သူက ငယ်တယ်ဆိုပြီး အဘိုးကြီးကို နိုင်ချင်သလို နိုင်နေတာ၊ ဟိုက သည်းခံရှာပါတယ်၊ ကြာတော့လဲ သစ်ငုတ်မှ မဟုတ်တာ၊ ဘယ်ခံနိုင်တော့

## ကမ္ဘာကုန်ကျယ်သရွေ့

ကျွန်မ မှားမှန်းလည်းသိပြီ၊ နောင်တလည်း ရချေပြီ။

ကျွန်မသည် လင်အပစ်ခံရသဖြင့် လင်ပစ်မဟု ကင်ပွန်းတတ်ကြသည်။ လင်စွန့်ပစ်သွားသဖြင့် အထင်လည်း သေးကြသည်။ အရောလည်း မဝင်ကြပေ။

လောကလူများ အလွန်အသိရခက်သော သတ္တဝါများ ဖြစ်သည်။ လိုလျှင် လိုသလို၊ မလိုလျှင် မလိုသလို ပြောဆိုဆက်ဆံတတ်ကြသည်။ ကျွန်မနှင့် ဥပကကြီး ယူလိုက်ချိန်ထဲတော့ ကျွန်မကိုအထင်သေးကြသော၊ အရောမဝင်ကြသော လူများကပင် ကျွန်မဘက်မှ စုတ်တသတ်သတ်ဖြင့် နှမြောတွန့်တိုစွာ ပြောခဲ့ကြသည်။

'ဟယ်....စာပါရယ်၊ ညည်းအသက်အရွယ် ငယ်ငယ်လေးနဲ့ အဘိုးလောက်ကြီးကို လင်လုပ်ရတာ နှမြောသိုက်တာအေ' ဟူ၍ တစ်မျိုး ။

စာပါလေး သနားစရာပါအေရယ်၊ သူ့လို အရွယ်ငယ်ငယ် ရုပ်ရည်ချောချောလေးဟာ အမျိုးတူ လူလင်တစ်ယောက် ကောင်းကောင်း ရနိုင်လျက်နဲ့ အခုဘော့ ဘယ်ကမှန်းမသိတဲ့ ရဟန်းလူထွက် အဘိုးကြီးကို လင်ပြုထားရရှာတယ်' ဟူ၍တစ်ဖုံ ပြောကြ ဆိုကြ

ကျွန်မသည် ပတ်ဝင်းကျင်၏ ထိုအပြောမျိုးကြောင့် ကျွန်မ ခင်ပွန်း ဦးပကကြီးအပေါ် နိုင်လိုစိတ်ဟစ်ဝက် ပါခဲ့လေသည် ထင်သည်။

ကျွန်မ ဦးပကကြီးကို အမျိုးမျိုးစကားဖြင့် နှိပ်စက်ခဲ့သည်။ ဦးပကဆိုသောသူ့နာမည်ကိုလည်း မည်သည့်အခါမှ ကျွန်မ မခေါ်ခဲ့၊ 'ရဟန်းလူထွက်ကြီး' 'ဦးပြည်းကြီး' 'သေခါနီးကြီး' 'သက်ကြား အိုကြီး' စသဖြင့် ကျွန်မ မထင်လျှင် မထင်သလိုသာ ခေါ်ခဲ့သည်။

ကျွန်မ သားလေး သိပ်၍ ပုခက်လွှဲလျှင်ပင် ဦးပကကြီးအား စောင်းချိတ်ရွဲ့၍ သီချင်းဆိုခဲ့သည်။

'ကြိုးလေးမှာ ကြိမ်ပုခက်ကယ်နှင့် စက်ပါရော့ သားရွှေညို တောင်၊ စက်ပါရော့မောင်။ စက်အောင်လို့ လွှဲပါတယ်ကို၊ သား မောင်ငယ့် ပုခက်ထဲက စွဲကျင့်လို့ငို။ မင့်ဖေကို မောင်လူထွက်လို့ပဲ၊ အားကက်သလား၊ သားမောင်ရွှေသွယ်၊ မင့်ကျင့်ဆိုးလှတယ်။ မကျယ်ပါနဲ့ သည်းချေ ရွှေရိုး၊ မင့်ဖအေ ရဟန်းကျိုး။ ရဟန်းကျိုးပီပီ ကျောင်းဆောင်ထဲမှာ၊ ပျော်လည်းမပျော် ဟို လူလူလိုလို ရှိပါပဲနှင့်၊ လူထဲကို လာပြန်ချင်တယ်၊ ဆိုးလူထွက်ကယ်၊ မင်းမွေးမေ ငါက ဆဲရင်လား၊ မင်းဖအေအို မောင်ခပြုံမှာတဲ့၊ မုန်းနိုင်ပဲ ကျွဲရေလိုနှယ်၊ ဒုံးခံတော့တယ်။ မင်းမွေးမေ သည်လူထွက်ကိုတဲ့၊ ခါခါခလ ဝေဒ နာ ပျက်ပါလို့၊ အသက်ကယ် သေပါစေလို၊ တောင်းတဲ့ဆုကိုးမသေ လိုပါနိုင်ပဲနှင့် သည်မွေးမောင်တေတေး၊ ကြင်းပြန်ရအသး၊ နေလည်း ယင်ယင်နေး။ ရွှေစင်ရင်သွေးမယ့်သားလေး၊ နေလည်းယင်ယင်နေး'

(စလေဦးပုည)

ထိုအခါ ဦးပကကြီးက ...

'ဟေ့ မိစာပါ၊ အမိက ကျုပ်ကို အားကိုးရာမဲ့မှတ်နေသလား။ ကျုပ် အားကိုးရာမဲ့ မဟုတ်ဘူး၊ ကျုပ်မိတ်ဆွေ အနန္တဇိနရှိတယ်၊ ကျုပ် သူ့ဆီလိုက်သွားလို့ အမိ ကလေးတစ်ကောင်နဲ့ မုဆိုးမဖြစ်နေ ရစ်မယ်' ဟု ကျွန်မကို ခြိမ်းခြောက်ပြောဆိုသည်။

သို့သော်လည်း ထိုစဉ်က ကျွန်မသည် ဥပကကြီး အနန္တဇိနထံ တကယ်သွားလိမ့်မည် မထင်မိခဲ့ပါ။ ယင်စရာလည်းမလို၊ ငယ်ငယ်ရွယ်ရွယ်နှင့် ရုပ်ရည်ချောမောသော ဇနီးကိုလည်း ရထားသည်။ သူ ခင်တွယ်ရမည့် သားတစ်ယောက်လည်း ရှိနေပြီ။ သူလည်း အသက်ကြီးနေပြီ ဖြစ်သောကြောင့် ကျွန်မအား စွန့်ပစ်မသွားနိုင်ဟု တစ်ထစ်ချ တွက်ထားခဲ့သည်။

ထို့ကြောင့်လည်း ဥပကကြီးက ဘာပြောပြော ဂရုမစိုက်ဘဲ သူ့အပေါ် နိုင်လိုမင်းထက် ပြောချင်တိုင်းပြော ဆိုချင်တိုင်းဆိုနေသည်သာပင်။

ဖခင်မုဆိုးကြီးနှင့် မိခင်ကြီးတို့က မိမိခင်ပွန်း အပေါ်တွင် ဤသို့ နိုင်ထက်ကလူ မပြောဆိုသင့်ကြောင်း ဆိုဆုံးမကြသော်လည်း မှနာယူခဲ့ချေ။

ကြာတော့လည်း ကျွန်မ၏ ပြုမူပြောဆို ဆက်ဆံမှုတို့ကို စိတ်ကုန်ခမ်းနေဟန် တူသည်။ စက်ဆုပ် ရွံရှာလာဟန်တူသည်။ ထို့ကြောင့်လည်း ကျွန်မကို အသိမပေးတော့ဘဲ မယားမကြင် သားမခင်နှင့် အနန္တဇိနထံ ထွက်ခွာသွားတော့သည်။

ယခုတော့ ကျွန်မသည်လျှင် သားတစ်ယောက်နှင့် ဒုက္ခရောက်ပြီး မုဆိုးမဖြစ်ရတော့သည်။

'မိန်းမတို့မည်သည် မောင်တစ်ရာတစ်ထောင်ပင် ရှိသော်လည်း လင်မရှိက မတင့်တယ်' ဟူ၍လည်းကောင်း၊ 'မိန်းမတို့၏ ကိုးကွယ်ရာတား လင်သာလျှင်တည်း' ဟူ၍ လည်းကောင်း ဆိုရိုးစကား ရှိပေသည်။

ကျွန်မကို လင်စွန့်ပစ်ခံရသဖြင့် ဥပကကြီးနှင့် ညားစဉ်က ကျွန်မအတွက် နှမြောခဲ့ကြသော သူများကလည်း ကျွန်မအား မိန်းမယုတ်၊ မိန်းမဆိုးဟု သတ်မှတ်ကာ ကဲ့ရဲ့ပြစ်တင်ကြတော့သည်။

'ဇီကောင်မက ကိုယ့်လင်ကို အိမ်ဦးနတ်ရယ်လို့ ရိုရိုသေသေ လေးလေးစားစားမှ မရှိတာပဲအေ၊ သူက ငယ်တယ်ဆိုပြီး အဘိုးကြီးကို နိုင်ချင်သလိုနိုင်နေတာ၊ ဟိုဆ သည်းခံရှာပါတယ်၊ ကြာ

တော့လဲ သစ်ငုတ်မှမဟုတ်ကာ ဘယ်ခံနိုင်တော့မှာလဲ၊ အလှဂုဏ် ယယ်ဂုဏ်တက်နေတဲ့ ကောင်မအော့' ဟူ၍ လည်းကောင်း။

'လင်ကိုမရှိသေတဲ့ ကောင်မ၊ စွန့်ပစ်သွားတာတောင် နည်းသေး၊ သတ်ပစ်သွားဖို့တောင် ကောင်းတယ်' ဟူ၍ လည်းကောင်း ပြောဆိုကြပြန်သည်။

ပတ်ဝန်းကျင်သည် မည်သည့်ဘက်ကမှ အကောင်းသာဘာ မမြင်တော့ချေ။

ယခုဆိုလျှင် ကျွန်မကို မည်သူမှ အပေါင်းအဖော် မလုပ်ချင်ကြ၊ ကျွန်မတစ်ဦးတည်း ရေခပ်သွားလျှင်ပင် ရေဟွင်း ရေကန်မှာ ကျွန်မနှင့် ဆုံတွေ့ရမည်ကိုပင် မဆုံတွေ့လိုကြပေ။

ကျွန်မကာသည် မြင်သည်နှင့် ခပ်မြန်မြန် ထွက်ခွာသွားကြတော့သည်။

ပြော်....ကျွန်မအဖြစ်ကား ဆိုးလှချေစွတကား။

* * *

'ကဲဟာ....ကဲဟာ ငါ့မှာ လုပ်စရာရှိကာကတစ်ဖက်၊ နင်က အရေးထဲ မအိပ်ဘူး ငိုနေကောက်နေရသလား'

ကျွန်မသည် သား သုဘဒ္ဒအား အိပ်ရန် သိပ်သော်လည်း ငိုကြွေးသန်နေသဖြင့် စိတ်ဆိုးဒေါသဖြစ်ကာ တင်ပါးကို နှစ်ချက်ဆင့် ရိုက်လိုက်သည်။ သုဘဒ္ဒသည် တစ်အားအော်ငိုပါတော့သည်။

'သမီးရယ်၊ မြေးလေးကို မရိုက်ပါနဲ့ကွယ်၊ သူ့မှာ ဖတဆိုးလေးပါ'

မိခင်ကြီးက သူ့မြေးရိုက်သည်ကို မနှစ်သက်၍ စိတ်မချမ်းမသာ ပြောလေသည်။ မိခင်ကြီးစကားကြောင့် ကျွန်မရင်ထဲမှာလည်း နင့်ခနဲ ခံစားလိုက်ရသည်။

ကျွန်မသားလေးသည် ဖခင်ရှိလျက် ဖခင်ခေါ်စရာမရှိ ဖြစ်ရရှာလေသည်။ ကျွန်မသည် သားသုဘဒ္ဒရှေ့ရေး တွေးလိုက်လျှင် စိတ်မရွှင်ပျချေ။ ကျွန်မသားလေးအတွက် အိပ်ရာခေါင်းအုံးပေါ်တွင် သူ့ဖခင် ထွက်သွားတာတည်းက ကျခဲ့ရသောမျက်ရည်ကား အကြိမ်ပေါင်း မနည်းတော့။

ယခုလို မိခင်ကြီးက ဖဘဆိုးလေးဟု ပြောလိုက်သောအခါ ကျွန်မအား သတိပေးသကဲ့သို့ ဖြစ်ခဲ့သည်။

'ဟုတ်ပါတယ် မိခင်၊ ကျွန်မသားလေးကို ကျွန်မ မရိုက်ရက်ပါဘူး၊ ကျွန်မ စိတ်မထိန်းနိုင်လို့ ရိုက်လိုက်မိတာပါ'

ကျွန်မသည် စီးကျလာသောမျက်ရည်ကို သုတ်လျက် မိခင်ကြီးအား ပြောလိုက်သည်။

'ဒါပေါ့သမီးရယ်၊ ဒေါသကိုထိန်းပေါ့၊ သမီးဖခင်လဲ သမီးအတွက် စိတ်မကောင်းဖြစ်နေရှာတာပါပဲကွယ်'

မိခင်ကြီးသည် ကျွန်မအား ကရုဏာလွှမ်းသောမျက်ဝန်းဖြင့် ကြည့်၍ မသက်မသာ ပြောရှာလေသည်။

စင်စစ် ကျွန်မသည် ဥပကကြီးအပေါ်တွင် နိုင်ချင်တိုင်းနိုင်ခဲ့သော်လည်း ဥပကသည် အိမ်၏ လုပ်စရာရှိသော အလုပ်များကို မလစ်ဟင်းအောင် လုပ်ပါသည်။ ဥပကကြီးမှာ အသက်ကြီးသည်က လွဲ၍ အပြစ်ဆိုစရာမရှိပါ။ လူဆိုသည်က အတူနေစဉ် အတူနေသူ၏ တန်ဖိုးကိုမသိဘဲ ကွဲကွာသွားလေမှ ကွဲကွာသွားသူ၏တန်ဖိုးကို သိကြတော့သည်။

ကျွန်မလည်း ဥပကကြီးနှင့်နေစဉ် ဥပကကြီး၏ တန်ဖိုးကို မသိခဲ့ချေ။ ဥပကကြီးက ကျွန်မကိုစွန့်ပစ်သွားမှ သူဆောင်ရွက်ခဲ့သော အရာများကိုကြည့်၍ သူ့တန်ဖိုးကို နားလည်ခဲ့တော့သည်။

ဥပကကြီးသည် ဖခင်မုဆိုးကြီးနှင့် တောသို့လိုက်၍ သားကောင်များကို တစ်ဖက်မှ ပိတ်ဆို့ပေးခြင်း၊ ရလာသည့်သားကောင်များကို အိမ်သို့ယူလာခြင်းများကို မညည်းမညူ လုပ်ရှာသည်။

အိမ်ရောက်ပြန်တော့လည်း ထင်းခွဲခြင်း၊ ရေခပ်ခြင်းများကိုလည်း လုပ်ရရှာသည်။ အိမ်ခြံပင်း မလုံခြုံလျှင်လည်း သူပင်ကာရံရလေသည်။

ညအိပ်၍ သုဘဒ္ဒငိုလျှင် ကျွန်မကိုမနှိုးရက်၍ သူကိုယ်တိုင်ချော့သည်။ သား၏ သေးစိုချေးစို အဝတ်များကိုလည်း မရွံမရှာ ဥပတာကြီးပင် လျှော်ဖွပ်ရှာသည်။ ကျွန်မအတွက်လည်း ရေချိုးရန် ခပ်ပေးရှာသည်။ ကုန်ကုန်ပြောရလျှင် ကျွန်မယဘီ မလျှော်သည်ကလွဲ၍ ကျန်အားလုံး သူသာလုပ်ရှာသည်။

ဤကဲ့သို့ ကောင်းသော လင်ကိုပင် မိမိထက် အသက်ကြီးသည်ဟူသောအစွဲဖြင့် ဥပကကြီးကို အကောင်းလည်း မထင်ခဲ့၊ အကောင်းလည်း မပြောခဲ့ချေ။

'သမီး....မိမိလင်ကို မချေမင် မဆက်ဆံရဘူး၊ လင်ဆိုတာ မယားရဲ့ကိုးကွယ်ရာ မြတ်နိုးရာဖြစ်တယ်'

ဖခင်မှဆိုးကြီးသည် ကျွန်မက ဥပကြီးအား နိုင်လွန်းသဖြင့် တိုးတိုးတိတ်တိတ် ကျိတ်ဆုံးမခဲ့သည်။

ထိုစဉ်က ဖခင်ကြီးစကားကို မနာယူခဲ့၊ သဘောမပေါက်ခဲ့၊ ယခုကဲ့သို့ ဥပကကြီး တကယ်ပစ်သွားမှသာ သူ့တန်ဖိုးကို နားလည်ရတော့သည်။

*　　*　　*

'ဟီး....ဟီး၊ မိခင် ကျွန်တော့်ဖခင် ဘယ်မှာလဲ....ဘယ်မှာလဲ ပြောပါ'

သုဘဒ္ဒသည် ငိုလျက် ကျွန်မထံ ပြေးလာပြီး မေးလေသည်။

'သား ဘယ်လိုဖြစ်တာလဲ သားရယ်'

ကျွန်မသည် အထိတ်တလန့်ဖြင့် သုဘဒ္ဒကိုလှမ်းပွေ့ချီလိုက်ပြီး ပြန်မေးလိုက်သည်။

'မိခင်၊ ကျွန်တော့ ဖခင် ဘယ်မှာလဲဟင်'

သုဘဒ္ဒက ကျွန်မကို ထပ်မေးပြန်သည်။ ကျွန်မသား မေးသည်ကို မည်သို့ ပြန်ဖြေရမည်မသိ ဖြစ်သွားလေသည်။

'သားရယ် ဒီမေးခွန်းကို ဘာကြောင့် မေးရတာလဲကွယ်၊ သားကော ဘာဖြစ်လို့ ငိုရတာလဲ ပြောပါဦး'

ကျွန်မက သားအမေးကို မဖြေဘဲ သားကို ပြန်မေးလိုက်သည်။

'ကျွန်တော် ရွာလယ်က ကောင်လေးတွေဆီ ကစားမလို့ သွားတယ် မိခင်၊ ကျွန်တော့ကို သူတို့က ကစားမခံဘူး၊ ဟေ့....သုဘဒ္ဒ၊ မင်းက ဖခင်မရှိဘူး၊ တို့နဲ့ လာမကစားနဲ့လို့ ပြောလွှတ်လိုက်တယ် မိခင်'

သားက ပြောပြီး ငိုပြန်ပါလေ၏။

ကျွန်မသားသည် ယခုမှ စကားပြောတတ်ခါစ အရွယ်မျှသာ ဖြစ်ပါသေးသည်။ ကလေးအချင်းချင်းက အဖေမရှိသူဟု အပြောခံလိုက်ရသဖြင့် အလွန်ဝမ်းနည်းဟန် တူပါသည်။

ကျွန်မလည်း ကျွန်မသား အမေးကို မည်သို့ဖြေရမည် မသိပါ။ ကျွန်မရင်ထဲတွင် စူးစူးနစ်နစ် ကြေကွဲဝမ်းနည်းစွာ ခံစားရပါသည်။ မငိုဟု အားတင်းထားလျက်က အလိုလို ကျလာသော မျက်ရည်များက ပါးပြင်ပေါ်တွင် ကလူကျီစယ် နေကြပါတော့သည်။

မိခင် မုဆိုးကတော်ကြီးသည် ကျွန်မတို့ သားအမိကို ကြည့်လျက် သူလည်း စိတ်မကောင်း ဖြစ်နေပါတော့သည်။

'မိခင်၊ သားဖခင် ဘယ်မှာလဲဟင်၊ သားမှာ တကယ်ပဲ ဖခင် မရှိဘာလား'

ကျွန်မကို သားက ထပ်မေးလိုက်ပြန်သည်။ ကျွန်မသည် စိတ်ကိုထိန်းခြင်းငှာ မစွမ်းနိုင်တော့ဘဲ အားရပါးရ ငိုချလိုက်ပါတော့သည်။ ကျွန်မ ငိုနေသည်ကို သားက နားမလည်စွာ ကြည့်နေရှာသည်။

'တိတ်ပါသမီးရယ်၊ သမီးငိုနေရင်မြေးလေးပါ စိတ်မကောင်း ဖြစ်နေပါမယ်'

မိခင်ကြီးသည် ကျွန်မတို့ သားအမိအနီးသို့ ရောက်လာပြီး ကျွန်မအား ချော့မော့လေသည်။

'သမီးကံကိုက ဆိုပါတယ် မိခင်ရယ်'

ကျွန်မသည် မိခင်ကြီးကိုပြောပြီး ရှိုက်ကြီးတငင် ငိုလိုက်ပြန်ပါသည်။ မိခင်ကြီးသည် ကျွန်မကို အမျိုးမျိုး ချော့ရှာသည်။

'ကဲ....သမီး ရေချိုးချင်ချိုးချေ၊ လာ မြေး သုဘဒ္ဒ၊ ဘွားဘွား ထမင်းကျွေးမယ်၊ မြေးဖခင်က မြေးအတွက် ငွေအသပြာ သွားရှာတာ မြေးရဲ့၊ မကြာခင် ပြန်လာတော့မှာကွယ်'

မိခင် မုဆိုးကတော်ကြီးသည် ကျွန်မရင်ခွင်ထဲမှ သုဘဒ္ဒကို ဆွဲယူပွေ့ချီကာ ချော့မော့ခေါ်သွားသည်။

ကျွန်မကတော့ ငေးငိုင်လျက် တစ်ယောက်တည်း လွမ်းမော ဆွေးမြေ့စွာ ကျန်ရစ်ခဲ့သည်။

* * *

ကျွန်မ ဤဂေဟာရွာ၌ ဆက်လက်နေ၍ မဖြစ်တော့ပါ။ ဤတစ်ရွာလုံးသော မိန်းမအချင်းချင်းက တစ်စထက်တစ်စ ကြည်ထားကြသည်၊ ယောကျ်ားပျိုများကလည်း ကျွန်မကို မရှိမသော မလေးမစားနှင့် ရိသဲ့သဲ့ စော်ကားလိုချင်ကြသည်။ ဖခင်မုဆိုးကြီးက လည်း ကျွန်မကို တဖျစ်တောက်တောက် ဆူနေတော့သည်၊ သား သုဘဒ္ဒကလည်း သူ့ဖခင်ရှာပေးရန်သာ အမြဲတမ်း ပူဆာနေတော့သည်။

ကျွန်မသည် တောကြီးမျက်မည်းထဲဝယ် မျက်စိလည်နေသူ ကဲ့သို့ ဘယ်သွား၍ ဘယ်လာရမည်မသိ ဖြစ်နေတော့သည်။

ဥပကာကို လိုက်ရှာမှ ဖြစ်တော့မည်၊ ဥပကသွားသည်က အနန္တဇိနထံ။

အနန္တဇိနဆိုတာ ဘယ်သူလဲ၊ သူ ဘယ်မှာ ရှိသလဲ။

ကျွန်ုပ် စဉ်းစားမရနိုင်၊ ဥပကသည် အကယ်၍ပင် အနန္တဇိနထံ သွားလေသလော၊ သူ့ပြောစကားအရဆိုလျှင် အနန္တဇိနဆီ သွားမည်မှာ သေချာသည်၊ ဥပကနှင့် တွေ့မှတွေ့ပါမည်လား။

သူနှင့်တွေ့လျှင် ကျွန်ုပ် ဘာပြောရမည်နည်း၊ တောင်းပန်ရမည်။ မိမိမှားကြောင်း၊ မိုက်ကြောင်း ဝန်ခံရမည်၊ မိမိ အပြစ်အားလုံးကို ခွင့်လွှတ်ရန် အသနားခံ၍ ဝက်ဟာရသို့ ပြန်ခေါ်ရမည်။ သား သုဘဒ္ဒကလည်း ဖခင်ကို တစာစာမေးနေကြောင်း ပြောပြရမည်။

လင်မရှိ၍ အထင်သေးကြကြောင်း၊ ဖခင်မရှိ၍ သားလေး မျက်နှာငယ်ရကြောင်း ရင်ဖွင့်လိုက်မည် စသည် စသည် ပြောရန် စိတ်ကူးနေမိသည်။

ကျွန်ုပ် စိတ်အတွေးများသည် ဂနာမငြိမ်၊ ယောက်ယက်ခတ်နေသည်။

ကျွန်ုပ် ဥပကကြီးဆီလိုက်လျှင် သား သုဘဒ္ဒပါ တစ်ပါတည်း ခေါ်သွား၍ မဖြစ်ပေ။ သူ့ဖခင် ဥပကကြီးတွေ့ဖို့ အရေးသား ဘယ်ချိန် ဘယ်ကာလမှ တွေ့ရမည် မသိသေး၊ ခေါ်သွားလျှင် သား ပင်ပန်းရုံသာရှိမည်။

ကျွန်ုပ် အနန္တဇိနထံသွားသော ခင်ပွန်း ဥပကနောက် လိုက်ရန် ဆုံးဖြတ်လိုက်သည်။

'မိခင်၊ အနန္တဇိနဆီသွားတဲ့ ကျွန်ုပ်မခင်ပွန်းနောက် ကျွန်ုပ် လိုက်သွားမယ်၊ သား သုဘဒ္ဒကို ကြည့်ရှုစောင့်ရှောက်ရစ်ပါ'

မိခင်ကြီးသည် ကျွန်ုပ်မစကားကြောင့် ထိတ်လန့်အံ့သြစွာဖြင့်....

'ဟယ်....မဟုတ်တာ သမီးရယ်၊ ဖခင်လဲ တောသွားနေတယ်၊ အနန္တဇိနကလဲ ဘယ်ရှိမှန်းမသိဘူး၊ ပြီးတော့ သမီးက မိန်းမသား၊ အဖော်မပါ တစ်ဦးတည်းရယ်'

မိခင်ကြီးက အနန္တဇိနထံသွားသော [illegible]

တားမြစ်လေသည်။

ဂကြေညီဘိုက်

၂၀၃၈၈ ထမ္ဘာဓေအား - ရန်ကုန်

'ကျွန်မ သွားမှဖြစ်မယ် မိခင်၊ သူ့ကို အကျိုးအကြောင်း ပြောပြီး ဒီကိုပြန်ခေါ်ခဲ့မယ်'

မိခင်ကြီးက ကျွန်မ မသွားရန် အခက်အခဲ အမျိုးမျိုးပြော၍ တားရှာပါသည်။ ဖခင်ကြီးမရှိသေး၍လည်း မသွားစေလို၊ ကျွန်မကလည်း တစ်ခွတ်ထိုးသမားမို့ သွားရန်ဆုံးဖြတ်ပြီးကြောင်း ပြောလိုက်သည်။

မိခင်ကြီးသည် ကျွန်မကို တားမရမှန်းသိသဖြင့် မလွှတ်ချင်ဘဲ လွှတ်ရသည်။ စိတ်ဘော့ မကောင်းရှာ မိခင်၏ မျက်နှာတစ်ခုလုံးတွင် မျက်ရည်တို့ဖြင့် ဖုံးလွှမ်းနေသည်။

ကျွန်မလည်း မျက်ရည်များဖြင့် မိခင်ကြီးအား ရှိကိုးစွာ တန်တော့လိုက်သည်။

ထို့နောက် သားလေးကို မိခင်ထံအပ်နှံပြီး မဆုတ်မနစ်သော ဇွဲဖြင့် စားနပ်ရိက္ခာများကိုယူ၍ အနန္တဇိနထံသွားသော ကျွန်မခင်ပွန်းကိုရှာရန် ထွက်လာခဲ့ပါတော့သတည်း။ ။

(မစပါနေရာမှ ခံစားရေးဖွဲ့ပါသည်။)



## ၃။ မိဘတို့ဝမ်း

ဤစာလေးကို ငါမြင်ရသည်၌ ငါ့ရင်တွင်းဝယ် ပီတိတွေ ဖုံးလွှမ်းသွားတော့သည်။

ကြည်းကြည်းရှင်ပျော်၊ တကြော်ကြော်ဖြင့် ဟစ်အော်မြူးရယ်၊ လူသူငယ်မူလူဝယ်ခေါ်နည်းအိမ်ဆည်းလည်းတည်း....တဲ့။

သားသမီးတို့ မည်သည်ကား မိဘတို့ မျက်ရှုပါပင်တည်း။ ထို့ကြောင့်လည်း သားတို့ရုပ်ရည် သီတာမည်သား၊ ရေကြည်ချမ်းမြ တစ်ပေါက်ကျက 'မိဘတို့ဝမ်း' ငြိမ်းစတမ်းဟု....။

# မိဘတို့ဝမ်း

ငါသည် မဖွယ်မရာသော ချစ်ခြင်းဆာသော ဖြစ်၍နေချေပြီ။ ငါတပ်မက်သော ချစ်ခြင်းကား လုံးဝမလျော်ကန်သော ချစ်ခြင်းတည်း။ ငါခံစားနေရသော ချစ်ခြင်းအာသာကို မောင်တော်ဘုရားအား လျှောက်ထားရမည်ကို ဝန်လေးလွန်းလှပေသည်။ မောင်တော်ဘုရားမှမဟုတ် မှူးကြီးမတ်ကြီးများနှင့် ခြွေရံသင်းပင်းများကိုပင် ဖွင့်ဟမိန့်မြွက်၍ မဖြစ်ချေ။ မိန့်မြွက်မိလျှင် မောင်တော်ဘုရားရှေ့နားမတော် ပေါက်ကြားသွားမည်မှာ ဧကန်ဖြစ်သည်။

ငါ၏ ချစ်ခြင်းကို မောင်တော်ဘုရား ကြားသိပေလျှင် စိတ်တော်မကောင်း ရှိလိမ့်မည်။ ငါ့ကိုယ်ငါ ကြိတ်မှိတ်သည်းခံနေခြင်းသာ အကောင်းဆုံး ဖြစ်ပေလိမ့်မည်။

'မပြောဘူး မပြောဘူး၊ မည်သူ့ကိုမှ ငါ ပြောကြား၍ မဖြစ်ဘူး၊ ငါ့ကိုယ်ငါ ခိုင်မာစွာ သန္နိဋ္ဌာန်ချလိုက်မိသည်။

* * *

'မိဖုရား၊ မိဖုရားကိုရှုစားရသည်မှာ ယခင်နှင့် မတူချေ။ ခြောက်ပြစ်ကင်းကွာ ကောင်းငါးဖြာနှင့်ပြည့်စုံသော သင်မိဖုရားသည် ကြုံလှီလှချေသည်၊ သင့်မျက်နှာလည်း မရွှင်မပျရှိချေသည်။ သင့်မှာ မချမ်းသာသော တစ်စုံတစ်ခုသောအကြောင်းသည် ရှိသလော'

မောင်တော်ဘုရားသည် ငါ့ကို မေးတော်မူပြီ။ ငါ မည်သို့ ပြောကြား လျှောက်ထားရပါမည်နည်း။ လျှောက်ထား၍ မဖြစ်၊ မောင်တော်ဘုရားကို ဟန့်တားမှုဖြစ်မည်။

'မှန်လှပါ မောင်တော်ဘုရား၊ မမေးတော်မမူပါလင့်ဘုရား'

ငါက စကားပြတ်ရန် လျှောက်တင်သော်လည်း ငါလျှောက်တင်သည်ကို မောင်တော်ဘုရား မကြည်မသာ ဖြစ်သွားလေသည်။ မောင်တော်ဘုရား၏ မျက်နှာတော်သည် ခက်ထန် မာကျောသော အသွင် ဆောင်သွားသည်။

'မိဖုရား၊ သင်၏အလိုဆန္ဒကို ငါ့အားမလျှောက်ထား မပြောကြားသော် မည်သူ့ကိုပြောကြားအံ့နည်း၊ သင်မိဖုရား ပြောလော့'

မောင်တော်ဘုရားသည် ပြတ်သား တင်းမာစွာ နှုတ်စခွဲ ပြွက်တော်မူလေသည်။

ငါ ဘာပျမလျှောက်ထားမိ၊ ခေါင်းကိုသာ အောက်စိုက်ထား မိသည်။

'မိဖုရား၊ သင့်အလိုဆန္ဒကို ငါ့အား လျှောက်ကြားလော့၊ ဘယ့်ကြောင့် မကြား မလျှောက်နေသနည်း'

မောင်တော်ဘုရားသည် ဒေါသယှက်နွယ်သော ရာဇမာန်ဖြင့် ထပ်မံ၍ လျှောက်ကြားခိုင်းသည်။

မောင်တော်ဘုရားက တစ်ကြိမ်မှ နှစ်ကြိမ် မိန့်တော်မူသဖြင့် ငါ မလျှောက်ကြား၍မဖြစ်တော့ မလျှောက်ကြားလျှင် မင်းအာဏာ ဖီဆန်ရန် ကျန်ခဲ့မည်။ ထို့ကြောင့် ငါ့စိတ်တွင် ဖြစ်ပေါ်နေသော ချင်ခြင်းကို ဟုတ်တိုင်းမှန်ရာ မောင်တော်ဘုရားအား လျှောက်ကြား လိုက်သည်။

'မောင်တော်ဘုရား၊ နှမတော်သည် ပတ္တမြားရွှေကြုတ် နှုတ်ငုံတော်ရသည်မှစ၍ မောင်တော်ဘုရား၏ လက်မောင်းသွေး ဖောက်သောက်လိုသော အာသာချင်ခြင်းသည် ဖြစ်ပေါ်နေပါသည်ဘုရား၊ ငါ၌ဖြစ်သော ချင်ခြင်းကား အရာမဟုတ်လေစွဟု သဘောပိုက်လျက် မောင်တော်အား မလျှောက်ကြားခြင်း ဖြစ်ပါသည်။ ထိုချင်ခြင်းကြောင့် နှမတော်သည် ကြုံလှီ၍ စိတ်တော်မကောင်း မျက်နှာတော်မရွှင် ဖြစ်နေရကြောင်းပါ မောင်တော်ဘုရား'

မောင်တော်ဘုရားအား ငါ၏ ချင်ခြင်းအာသာကို လျှောက်ကြားလိုက်သည်။ ငါ လျှောက်ထားပြီးသည်နှင့် မောင်တော်ဘုရား မျက်နှာတော်သည် ပြုံးယောင်သန်းသွားသည်။

'ဟဲ့....အမိုက်မ၊ ထိုမျှသော ကိစ္စကလေးဖြင့် ဝန်လေးစွာ မိမိကိုယ်ကို ဒုက္ခခံနေရသလော'

မောင်တော်ဘုရားသည် ငါ့အား အပြစ်တင်တော်မူပြီးလျှင် ဆေးသမားတစ်ဦးကို ခေါ်စေ၍ ရွှေဓားဖြင့် လက်ရုံးကိုဖောက် ရွှေခွက်ဖြင့်ခံကာ ငါ့အား ရေနှင့်ရော၍ တိုက်စေသည်။

ငါသည်လည်း မောင်တော်ဘုရား၏ လက်မောင်းသွေး သောက်ရသဖြင့် ချင်ခြင်းအာသာ ပြေပြီးလျှင် ကြုံလှီသော ကိုယ်ခန္ဓာသည် ဆူဖြိုးလာလေသည်။

* * *

နန်းတော်၏ညီလာခံတွင် နိမိတ်လက္ခဏာဖတ်တတ်သော ပညာရှိပုရောဟိတ်ပုဏ္ဏားများနှင့် မှူးမတ်များ ခစားနေကြသည်။

'ပုရောဟိတ် ပညာရှိကြီးများ၊ ကျွန်ုပ်၏မိဖုရားသည် နှုတ်ငုံတော် ရသည်မှစ၍ ကျွန်ုပ်၏လက်မောင်းသွေး ဖောက်သောက်လိုကြောင်း ချင်ခြင်းဖြစ်တော်မူသည်။ ကျွန်ုပ်သည် မိဖုရား၏အလိုဆန္ဒ

အတိုင်း လက်မောင်းသွေးဖောက်၍ တိုက်ခဲ့သည်။ ထိုအကြောင်း ခြင်းရာသည် မည်သို့ဖြစ်လာမည်နည်း၊ နိမိတ်ဖတ်ကြားကြလော့'

မောင်တော်ဘုရားသည် စုံညီစွာ ခစားနေကြသော မင်း ပရိသတ်အလယ်တွင် ပုဏ္ဏားရာဟိတ် ပညာရှိကြီးအား မေးတော်မူ လေသည်။

ပုဏ္ဏားရာဟိတ်ပညာရှိကြီးများသည် မောင်းတော်ဘုရား၏ မိန့် စကားကြောင့် မျက်နှာအိုသွားကြသည်ကို ငါ သတိပြုမိလိုက်သည်။

ထို့နောက် အကြီးဆုံးဖြစ်သော ပုဏ္ဏားရာဟိတ်ကြီးက မောင် တော်ဘုရားအား လျှောက်ထားလေသည်။

'မြတ်သော မင်းကြီး၊ ထိုချင်ခြင်းသည် မကောင်းသော အတိတ်နိမိတ် ဖြစ်ပါသည်ဘုရား'

အလို...ဘုရား ဘုရား၊ မကောင်းသော အတိတ်နိမိတ်ဆိုပါ လား၊ ဘယ်လိုများ ဖြစ်ပွားနိုင်ပါလိမ့်၊ မောင်တော်ဘုရား၏ အသက် အန္တရာယ် စိုးရိမ်ဖွယ်ရာလော၊ တိုင်းသူပြည်သား ဖြစ်ကြကုန်သော သူများပင် ဘေးတွေ့ရာသလော။

'ပုဏ္ဏားရာဟိတ်ပညာရှိကြီး၊ ဖြစ်ပေါ်လာမည့် အကြောင်းကို မကြွင်းမကျန် မှန်တိုင်း လျှောက်ထားလော့'

မောင်တော်ဘုရားက ပုဏ္ဏားရာဟိတ်ကြီးအားမိန့်ကြားလိုက်သည်။

'မှန်လှပါ အရှင်မင်းကြီး၊ ထိုကဲ့သို့ချင်ခြင်းကြောင့် မိဖုရား ဝမ်းကြာတိုက်ဘွင်ရှိသော သားတော်သည် ရှင်မင်းကြီးရန်သူ ဖြစ် ပါလိမ့်မည်၊ ရှင်မင်းကြီးကို သတ်ပါလိမ့်မည် ဘုရား'

ပုဏ္ဏားရာဟိတ်ပုဏ္ဏားကြီး လျှောက်ထားသောစကားကို ကြားလိုက် ရသော ငါသည် မူးမေ့မတတ် တွေဝေယိမ်းယိုင်သွားသည်။ မောင် တော်ဘုရားက တော့မူ ပုဏ္ဏားရာဟိတ်ကြီးစကားကြောင့် တုန်လှုပ်ခြင်း လည်းမရှိ၊ စိုးရိမ်ခြင်းလည်းမရှိ၊ ဘာမျှမဖြစ်သလို ပကတိငြိမ်သက် တည်ကြည်လှသည်။

'ပုရောဟိတ်ကြီး ရှေ့ဖြစ်လာမည့် အတိတ်နိမိတ်သည် ထိုမျှ သာလော့'

မောင်တော်ဘုရားက ပုရောဟိတ်ကြီးအား ထပ်မံ၍ မေးတော် ရှိလိုက်သည်။

'မှန်လှပါ ရှင်မင်းကြီး၊ အခြားအန္တရာယ်များ မရှိကြောင်း ပါ ဘုရား'

'သို့ဖြစ်လျှင်ရှိစေ ပုရောဟိတ်ကြီး၊ ငါမေးအံ့'

မောင်တော်ဘုရား ဘယ်လိုမိန့်တော်မူလိုက်ပါလိမ့်၊ မိမိကို သတ်မည့်သားကို မွေးဦးမည်ဟဲ့။

မောင်တော်ဘုရားသည် လို့သို့မိန့်တော်မူပြီးလျှင် ညီလာခံကို ရုပ်သိမ်းလိုက်လေတော့သည်။

* * *

မောင်တော်ဘုရားက မမွေးလိုတော်သည်၊ ငါ့အား မမွေးလို ချေ။ ပုရောဟိတ် ပညာရှိတို့၏ စကားများသည် မလွဲမသွေ မှန်တတ် သည်။ ဤသားကို ယခုကတည်းက ငါဖျက်ဆီးတော့မှ ဖြစ်ပေမည်။ မဖျက်ဆီးလျှင် မောင်တော်ဘုရားမှာ အန္တရာယ် ရှိလာသည်။

မဖြစ်ဘူး....မဖြစ်ဘူး၊ သန္ဓေမရင့်မီ လျှင်မြန်စွာ ဖျောက်ဖျက် ပစ်မှ ဖြစ်တော့မည်၊ မောင်တော်ဘုရား မသိအောင် ပြုရမည်။

'အထိန်းတော်ကြီး'

ငါ့အနီးတွင် ခစားနေသော အထိန်းတော်ကြီးအား ခေါ် လိုက်သည်။

'မှန်လှပါ၊ မိန့်တော်မူပါ မိဖုရားခေါင်ကြီးဘုရား'

'အထိန်းတော်ကြီး၊ ကျွန်မတို့ ဥယျာဉ်တော် သွားကြမည် ယာဉ်ရထား စီရင်ချေလော့'

အထိန်းတော်ကြီးသည် ငါ့အမိန့်အတိုင်း ယာဉ်စီမံရန် ထွက်သွားသည်။ မကြာမီ အထိန်းတော်ကြီး ပြန်ရောက်လာသည်။

'မှန်လှပါ မိဖုရားခေါင်ကြီးဘုရား၊ ရထားထိန်းအား ရထားပြင်ခိုင်းပြီးခဲ့ကြောင်းပါ'

ငါသည် အထိန်းတော်ကြီးနှင့် ရထားထိန်းတို့ကို ခေါ်ပြီး ဥယျာဉ်သို့ ထွက်လာခဲ့ကြသည်။ ဥယျာဉ်သို့ရောက်သော် ရထားထိန်းအား ရထားကို စောင့်နေစေရန် မှာကြားပြီး အထိန်းတော်ကြီးနှင့် နှစ်ဦးတည်း အေးမြရာဖြစ်သည့် သစ်ပင်ရိပ်တစ်ခုတွင် ဖျာနှင့် ကမ္ဗလာကော်ဇောများကို ခင်းစေ၍ ငါလည်း လဲလျောင်းလိုက်ပြီးလျှင် အထိန်းတော်ကြီးအား မိန့်ကြားလိုက်သည်။

'အထိန်းတော်ကြီး၊ ကျွန်မ၏ဝမ်းဗိုက်ကို နှိပ်နယ်လော့'

အထိန်းတော်ကြီးသည် ငါ့အမိန့်ကြောင့် အံ့ဩသွားဟန်ရှိသည်။ မင်း၏ ရာဇဝင်ပြစ်ဒဏ် သင့်မည်ကိုလည်း စိုးရိမ်ဟန်ရှိသည်။

'မှန်လှပါ မိဖုရားခေါင်ကြီး၊ မသင့်လျော်ကြောင်းပါ'

အထိန်းတော်ကြီးက ငါ့အား လျှောက်ထားလေသည်။

'အထိန်းတော်ကြီး ကျွန်မခိုင်းသည်ကိုသာ ပြုလော့၊ ကျွန်မဝမ်းတွင်းရှိသော သားကား ဘုရင်မင်းမြတ်ကိုသတ်မည့်သူ ဖြစ်သည်'

အထိန်းတော်ကြီးသည် ငါ့အလိုကို မလိုက်လျောချင်သော်လည်း ငါ့အမိန့်ကို မလွန်ဆန်ဝံ့သဖြင့် ငါ့ဝမ်းဗိုက်ကို နှိပ်ပေးလေသည်။

ငါလည်း ငါ့ချင်သွေးအပေါ် မရက်စက်လိုပါ။ သို့သော်လည်း မောင်တော်ဘုရားကို သတ်မည့်သားဖြစ်သောကြောင့် သားကိုသာ ကိုယ်ဝန်ကို ပျော်ပီးစွာ ဖျက်ချရခြင်း ဖြစ်ပါသည်။

သို့သော်လည်း သန္ဓေသားကား ပျက်မကျပါ။ လွန်စွာ ခိုင်မြဲနေပါသည်။

ငါ ဤကဲ့သို့ ဥယျာဉ်တွင်လာ၍ အထိန်းတော်ကြီးအား အနှိပ်စိုင်းခြင်းသည် တစ်ကြိမ်တည်း မဟုတ်ပါ။ ဝါ့သန္ဓေ မပျက်မချင်း လာ၍ ဘုရင်မင်းမြတ် သိတော်မမူအောင် လုပ်ရမည် ဖြစ်ပါသည်။

* * *

'မှန်လှပါ မိဖုရားခေါင်ကြီးဘုရား၊ ဘဝရှင် မင်းတရားကြီးက ရှေ့တော်မှောက် ဝင်ရောက်ခစားရပါမည်တဲ့ ဘုရား'

အလို မောင်တော်ဘုရားက လာ၍ ခစားရမည်တဲ့၊ မည်သို့သော အကြောင်းချင်းရာများ ရှိတော်မူလေသည်မသိ။

မောင်တော့် အမိန့်တော်ကြောင့် မောင်တော့် ထံပါး အခစားဝင်ရောက်ခဲ့ရလေသည်။

'မိဖုရား၊ ဥယျာဉ်တော်သို့ သွား....သွားပြီးလျှင် မိမိရင်၌ဖြစ်သော သားကို အဘယ်ကြောင့် သတ်ရန် လုံ့လပြုနေသနည်း'

မောင်တော်ဘုရားသည် ငါ ဥယျာဉ်တော်သို့ နေ့တိုင်းသွား၍ သန္ဓေဖျက်ချနေသည်ကို သိရှိသွားတော်မူလေပြီ။

'မိဖုရား၊ မိမိဝမ်းဂယ် သားယောကျ်ားလေးဟူ၍ လည်းကောင်း၊ သားမိန်းမဟူ၍ လည်းကောင်း မသိဘဲလျက် ဘယ့်ကြောင့်သတ်လိုရသနည်း၊ သင်မိဖုရားထိုသို့ပြုခြင်းကြောင့် ငါ့တို့အား များစွာသော ကျေးဇူးမဲ့ခြင်းသည် ဇမ္ဗူဒီပါကျွန်းမှာ အကင်အရှားအမည်းစက် ကျန်ရစ်နေလိမ့်မည်၊ ထို့ကြောင့် သင့်ဝမ်းတွင်းက သားကို မသတ်ပါနှင့်လော့'

မောင်တော်က ထိုသို့ မိန့်တော်ရှိသော်လည်း ငါ့အား ဤသားကို အလိုမရှိနိုင်ပါချေ၊ မောင်တော့်ကို ရှိသေမြတ်နိုးသော

အားဖြင့် အမိန့်တော်ကို နာခံလိုက်ပေသည်ရှိစေ မွေးလာမှ သတ်မည်။

ထိုအချိန်မှစ၍ ငါ့ကို မောင်တော်ဘုရားသည် သတ်ခွင့်မရရန် အစောင့်အရှောက်များ ဖြင့် တင်းကျပ်စွာ ထားလေသည်။

ဤသို့ဖြင့် ငါလွယ်ထားရသော ရင်သွေးငယ်သည် ကိုးလလွန် မြောက် ဆယ်လအရောက်တွင် ဖွားမြင်လေသည်။

ဖွားလာသောအခါတွင်လည်း ထိုသူငယ်ကို ငါ မြင်ခွင့်မရ၊ အစောင့်အရှောက်များက ငါမသိအောင် ဝှက်ကွယ်၍ ယူသွားကြသည်။

ငါက 'ငါ့သားကို ငါ့အားပေးလော့၊ ငါ့အား ပေးလော့' ဟု ဆိုသည်တိုင် သူတို့က မပေးကြ။ ငါသတ်လိမ့်မည်ကို သူတို့ သိထားကြသောကြောင့်ဖြစ်သည်။ သူတို့ကိုယ်တိုင် ဖျောက်ဖျက်လိုက်ပြီတဲ့။

မည်သို့ဆိုစေ ဤကလေးကို မမြင်ရသည့်အတွက် ငါ စိတ်ချမ်းသာသည်။ ဤကလေးကြောင့် ကိုးလကျော် ဆယ်လမျှ ကာယိထနုက္ခ၊ စေတသိက ဒုက္ခများ ခံစားခဲ့ရသည်။ ယခုမှ လွတ်ရကျွတ်ရ ပေတော့သည်။

ရောက်ချင်ရာရောက်စေ၊ ငါ့အနီးတွင် မရှိသောကြောင့်လည်း ကောင်း၊ မောင်တော်ဘုရား အသက်အန္တရာယ်နှင့် ဝေးသွားပြီဖြစ်၍ လည်းကောင်း စိတ်ကြည်လင်ရွှင်ပျရလေပြီ။

* * *

မောင်တော်ဘုရားထံ အခစား ဝင်ရောက်ခဲ့သည်။

အလို...မောင်တော်ဘုရား ရင်ခွင်တော်တွင် သူငယ်လေးပါ လား၊ တစ်နှစ်သားခန့်မျှသာရှိပေလိမ့်ဦးမည့်အရွယ်။ မောင်တော်ဘုရား

သည် သူငယ်လေးကို ကလူကျီစယ်နေသည်။ သူငယ်လေးက မောင်တော့်အား ပြုံးပြလိုက်၊ မောင်တော့် ရင်အုံတော်သို့ လက်ဖြင့် ပုတ်လိုက်နှင့် မောင်တော်ကလည်း သူငယ်လေးကို မြှောက်ချီလိုက် နမ်းရှုပ်လိုက်နှင့် ငါ ဝင်ရောက်ခစားလာသည်ကိုပင် မောင်တော်ဘုရားသတိမထားမိချေ။

'မောင်တော်ဘုရား၊ အဘယ်မိဖုရား၏ သားတော်ပါလဲဘုရား၊ သူငယ်လေးက ချစ်စဖွယ် ကောင်းလှပေစွ မောင်တော်'

မောင်တော်ဘုရားသည် ငါ ဤသို့ လျှောက်ကြားလိုက်လေမှ ငါရောက်နေကြောင်း သိရကာသည်။

'ဪ....မိဖုရား၊ အခစား ဝင်ရောက်လာသလော'

မောင်တော်ဘုရားသည် သူငယ်လေးကို တစ်ချက် နမ်းရှုပ်လိုက်ပြီး ငါ့ကို နှုတ်ခွန်းဆက်လိုက်သည်။

'မှန်ပါ မောင်တော်'

မောင်တော်ကို ရိုသေစွာလက်အုပ်ချီလျက် ခစားလိုက်သည်။

'မိဖုရား၊ ဤသားတော်ကလေးသည် အဘယ်မိဖုရား၏ သားတော်ဟု ထင်မိသနည်း'

'မှန်လှပါ မောင်တော်၊ နှမတော် မထင်တတ်နိုင်အောင်ပါဘုရား'

ငါ၏ လျှောက်ထားချက်ကြောင့် မောင်တော်ဘုရားသည် ငါ့ကို စူးစိုက်စွာကြည့်လျက် ပြုံးတော်မူလေသည်။ မောင်တော်၏ အပြုအမူကို နားမလည်တတ်နိုင်အောင် ဖြစ်ရပေသည်။

'မိဖုရား၊ ဤသူငယ်ကား သင်မိဖုရားနှင့် ငါ၏ ရင်သွေးတော်တည်း'

ငါ့နားကိုပင် ငါမယုံမိ၊ မောင်တော်ဘုရားသည် ငါ့အား ကျီစား၍ ပြောလေသလော၊ တကယ်ပင် ငါ့ရင်သွေး ဟုတ်ပါလေစ၊ ငါ့အဖြစ်ကို မောင်တော်ဘုရားသည် ရိပ်မိဟန်တူသည်၊

'မိဖုရား၊ ဤသူငယ်ကား သင့်သားအစစ် ဖြစ်ပေသည်။ သင့်ရင်တွင်းရှိစဉ်က သင်သတ်ရန် လို့လထုတ်ခဲ့သော သားတော်တည်း'

ငါ သဘောပေါက်ပေပြီ။ ငါ့ရင်တွင်း နေစဉ်ကလည်း ငါ သတ်ခဲ့သည်။ မွေးလာတော့လည်း ငါသတ်ရန် အကောင့်အရှောက်များထံ တောင်းခဲ့သည်။ ယခု ဤကလေးငယ်သည် မသေခဲ့။ ငါ မသိအောင် ဝှက်ကွယ် မွေးမြူခဲ့ဟန် တူပေသည်။

ဤကလေးကို ငါမြင်သည့်ခါ ငါ့ရင်ဘွင်းဝယ် ပီတိတွေဖုံးလွှမ်းသွားတော့သည်။

သားတော်လေးသည် ငါ့အား စိုက်ကြည့်နေရှာသည်။ တီတီတာတာ ပြုံ့သည်။ ငါ့ကို မျက်နှာချိုသွေး၍ နေရှာသည်။

(ကြည်းကြည်းရှင်ဘုရင် ပင်ကြွင်ကြွင်ပြုဖြင့်၊ ဟစ်အော်မြူးရယ်၊ လူသူငယ်မူ လူ့ငယ်ခေါ်နည်း၊ အိမ်ဆည်းလည်းတည်း)တဲ့။ စင်စစ် သားသမီးရတနာကား အိမ်၏ ဆည်းလည်းပင် ဖြစ်ပါပေသည်။ သားတော်လေးအား ငါ သတ်ရန် လုံ့လထုတ်ခဲ့သည်မှာ မသေခဲ့၍သာ ယခု တွေ့မြင်ရချေသည်။

သားတော်လေးကား လွန်စွာ ချစ်စဖွယ် ကောင်းလှပါသည်။ သားသမီးတို့မည်သည်ကား မိဘတို့ မျက်ရှုပါပင်တည်း ထို့ကြောင့်လည်း သားတို့ရုပ်ရည် သိဘာမည့်သား ချေကြည်ချမ်းမြ တစ်ပေါက်ကျက မိဘတို့ဝမ်း ငြိမ်းစေတယ်ဟု ဆိုခဲ့ကြခြင်း ဖြစ်လေသည်။

ငါသည် သားတော်လေးကို မောင်တော်၏ လက်တော်မှ လှမ်းယူဆွဲ၍ ပွေ့ပိုက်လိုက်သည်။ သားတော်လေးကလည်း ငါ့ထံဘွင် မငြင်းဆန်ဘဲ လိုက်လေသည်။ သားတော်လေး၏ပါးပြင် ဘယ်ညာ နှစ်ဖက်ကို ငါ နမ်းရှုပ်လိုက်မိသည်။

ငါ့ရင်တွင်းငယ် ပျောက်ကွယ်နေသော မိခင်စိတ်သည် ဘယ်ဆီက ထွက်ပေါ်လာသည်မသိ၊ သားတော်လေးအပေါ် မေတ္တာအရောင်များ ယှက်သန်းဖြာပေသွားသည်။ ယခုအခါ သားတော်လေးကို ငါ သတ်ရန်ဝေးစွ၊ အခြားသူများက သတ်မည်ဆိုလျှင်ပင် ငါ့အသက်ပေး ကာကွယ်မည်မှာ အမှန်ပင်ဖြစ်သည်။

မောင်တော်သည် ငါနှင့် သားတော်တလေးကိုရှုလျက် ဘဝင်ချမ်းမြေ့ ရွှေစိတ်တော် ကြည်မွေ့နေပေတော့သည်။

'ဒါနဲ့ မောင်တော်၊ သားတော်လေးကို အမည်နာမ ကင်ပွန်းတပ်တော် မမူသေးဘူးလား ဘုရား'

'အမည်တော်ပေးပြီးပြီ မိဖုရား၊ သားတော်ကလေး နာမည်တော်က အဇာတသတ်ဟူ၍ ဖြစ်ပေသည်'

သားတော်ကလေး နာမည်တော်က အဇာတသတ်ဆိုပါလား။ ငါချစ်ရ မြတ်နိုးရသည့် သားလေးအဇာတသတ်၊ အဇာတသတ်။ ငါ့ရင်တွင်းဝယ် ပွဲ့ဘင်ထပ်၍နေချေပြီ။

ငါနှလုံးသားတွင်လည်း အေးမြကြည်လင် စမ်းရေလျှဉ်လည်း တသွင်သွင် စီးကျ၍နေချေပြီတကား။

(သံဝေဂဒီပနီပဋ္ဌာတွဲမှ)

ဝ



၄။ တုံ့ပြန်ဝင့်ကြွေး

ချစ်သမီး၊ သင်ချစ်သမီး ဤသို့ ရိုက်ပုတ် ညှဉ်းဆဲခံရခြင်းအည် သင်ချစ်သမီး ပြုခဲ့သော အမှုကြောင့်သာ ခံရပေသည်။ ဤအမှုသည် မည်သူမှု မဖန်တီး၊ မိမိကိုယ်တိုင်သာ ဖန်တီးခဲ့ပေသည်။ ဘင်ချစ်သမီးနှင့် ပုဏ္ဏားမတို့၏ တည်ခဲ့သော ရန်ကြွေးကား....

# တုံ့ပြန်ဝဋ်ကြွေး

ယခင်က ဤဂယာရွာသည်လည်း သာယာလှပ အေးချမ်း ငြိမ်သက်ဘိသည်။ ရွာသူရွာသားများသည်လည်း ပျော်ရွှင်မြူးတူး တစ်ဦးကိုတစ်ဦး ခင်မင်ဖော်ရွေကြဘိသည်။ မိမိ၏ သခင်များဖြစ်ကြသော ပုဏ္ဏားကြီးလင်မယားနှင့် ပုဏ္ဏားကြီးလင်မယား၏ သားသည်လည်း မိမိအပေါ်တွင် ကြင်ကြင်နာနာ ရှိခဲ့ကြဘိသည်။

ယခု ပုဏ္ဏားကြီး၏ ချွေးမ၊ သခင်လေး၏မယား ဖြစ်လာသူ ပုဏ္ဏေးမ ဤဂယာရွာသို့ ရောက်လာကတည်းက အရာအားလုံးတို့က ကပြောင်းကပြန် ဖြစ်ကုန်ကြတော့သည်။ ဤသခင်လေး၏ မယားသည် မိမိအပေါ်၌ ဘာကြောင့် မလိုမုန်းထား အမျက်ပွားနေသည်ကို မတွေးတတ်နိုင်အောင် ဖြစ်ဘိသည်။

မိမိအား ကျိန်ဆဲရိုက်ပုတ် ညှဉ်းပန်းသည်မှာ နေ့စဉ်လိုပင် ဖြစ်သည်။ အစက မိမိအသက်ငယ်သေး၍ မသိမှုသေး၍ ကျိုးနွံရန် ဆိုဆုံးမ ရိုက်ပုတ်သည်ဟု ထင်ခဲ့မိသည်

ယခု မိမိအသက် အပျိုအရွယ် ရောက်လာသည့်တိုင် ပုဏ္ဏေးမကား အညှဉ်းအပန်း အနှိပ်စက် မလျော့ပေ။ အဘယ်ဝဋ်ကြွေးများ ခံနေရသည် မသိတဲ့နိုင်အောင် ဖြစ်ဘိသည်။

မိမိသည် 'အိပ်သော်နောက်ကျ၊ ထသော်ကား ရှေး၊ ပေးမှယူအပ်၊ စေ့စပ်ဆောင်ရွက်၊ ကျေးဇူးမြွက်' ဆိုသည့် ကျွန်ကျင့်ဝတ်နှင့်အညီ နေခဲ့သည်။

မိမိသည် သခင်များ၏အလျင် မည်သည့်အခါမှ မအိပ်စဖူးခဲ့။ သခင်တို့အိပ်မီ ခြေဆုပ်လက်နယ်ပြုခြင်း၊ သိမ်းဆည်းစရာရှိသည်ကို သိမ်းဆည်းခြင်း စသည့် ဧည့်လုပ်များ လုပ်ပြီးမှသာ အိပ်လေ့ရှိသည်။

နံနက်ဆိုလျှင်လည်း သခင်များမထမီ ယာဂုကျိုခြင်း၊ သောက်ရေ ဖြည့်ခြင်း သခင်များအတွက် မျက်နှာသစ်ရေ၊ တံပူ၊ မျက်နှာသုတ်ပဝါတို့ကို အသင့်ပြုလုပ်ထားခြင်း စသောအမှုတို့ကို အလျင်ထ၍ ဆောင်ရွက်သည်။

အစားအသောက်ကိုသော်လည်းကောင်း၊ အဝတ်အထည်ကိုသော် လည်းကောင်း အရှင်တို့မပေးဘဲ အရှင်တို့မသိဘဲ မစားစဖူး မယူစဖူးခဲ့။

ဤအိမ်၏ ဆောင်ရွက်ရန်ကိစ္စရှိသမျှ မယိုဖိတ်တန်မယိုဖိတ်ရန် မကုန်တန်သာမကုန်ရင် စေ့စေ့စပ်စပ် လုပ်ဆောင်ခဲ့သည်။

မိမိ၏သခင်များ အပေါ်တွင်လည်း ကျေးဇူးမဲ့ စကားကို မည်သည့်အခါမှ မပြောဖူးခဲ့၊ သို့ပါလျက် ဤသခင်မသည် မိမိအား ဘာကြောင့်များ ငြူစူစောင်းမြောင်း နှိပ်စက်နေဘိသနည်း။

အဆိုးဆုံးကား အကြောင်းမရှိ အကြောင်းရှာလျက် မိမိဆံပင်ကို ဆွဲကာဆွဲကာ ရိုက်ပုတ် ညှဉ်းဆဲနေခြင်းပင် ဖြစ်သည်။ 'ဆံတစ်ပင်တင်း ချစ်ခြင်းမယား' တဲ့၊ ဆံပင်အားလုံးကို မဆိုထားဘိ ဆံတစ်ပင် အဆွဲခံရသည်ကို မည်မျှနာကျင်ကြောင်း လူတိုင်းသဘော ပေါက်ကြလိမ့်မည် ထင်ပါသည်။

မိမိသည် ဆံတစ်အုံလုံး အဆွဲခံရသောအခါ ပြင်းစွာ ခံစားရပြီး မျက်ရည်တောက်တောက် ကျရဘိသည်။ ဤသို့ ဆံပင်ကိုဆွဲကာ ညှဉ်းဆဲခံရသဖြင့် မိမိသည် ဆံအပေါ်တွယ်တာစိတ် ကုန်ခန်းလာသည်။ 'ကုလားမနိုင် ရခိုင်မဲ့' ဆိုဘိသို့ 'ဤဆံပင်ရှိ၍ ငါ့အား အနှိပ်စက်ခံရသည်၊ အဆွဲခံရသည်၊ နာကျင်သောဝေဒနာ ခံစားရသည်။

ဤဆံပင်မရှိလျှင် သခင်မသည်း ဆံပင်ကိုမဆွဲနိုင်သော့၊ ငါလည်း ဆင်းရဲခြင်းဒုက္ခမှ ကင်းဝေးလိမ့်မည်' ဟု စဉ်းစားမိသဖြင့် ဆတ္တာသည်တို့ထံ သွား၍ ဆံပင်ကို ရိတ်ဖြတ်ယိုက်ဘိတော့သည်။

ဤကဲ့သို့ ဆံပင်ကို ရိတ်ဖြတ်လိုက်လေသောကြောင့် သခင်မသည် အမျက်ချောင်းချောင်းထွက်ကာ 'ငါသည် ငါ့ကိုအသိမပေးဘဲ ဦးပြည်းကတုံး လုပ်ရသလော၊ ဟဲ့' ဟု ခေါ်ပြီး မိမိဦးခေါင်းကို ကြိုးကွင်းစွပ်ပေးထားသည်။ ယင်းကြိုး ကွင်းကိုလည်း လုံးဝ မဖြုတ်စေရ၊ ဖြုတ်လျှင် သည့်ထက်ဆိုးမည်ဆိုသဖြင့် မဖြုတ်ရဲ၊ မိမိအား ဆံပင်အစား ခေါင်းကြိုးကိုဆွဲ၍ ဦးနှိမ့် တံတောင် ဒူးဖြင့် အမျိုးမျိုး နှိပ်စက် ညှဉ်းဆဲလေတော့သည်။

ဤအချိန်မှစ၍ မိမိနာမည်လည်း 'ရဇ္ဇုမာလာ' ဟု အမည်တွင်လာလေတော့သည်။ ရဇ္ဇု-ကြိုး မာလာ—ပန်း၊ ကြိုးပန်း၊ ခေါင်းမှာ ကြိုးခွေစွပ်ထားသောကြောင့် မကြိုးပန်း 'ရဇ္ဇုမာလာ' ဟု ခေါ်ကြကုန်တော့သည်။

မိမိသည် ပုဏ္ဏေးမ၏မတရား ညှဉ်းပန်းနှိပ်စက် ခံနေရသဖြင့် လူ့ဘဝကိုပင် ငြီးငွေ့လာသည်။ စိတ်ကုန်လာသည်။ ထို့ကြောင့်လည်း 'ငါသည် ဤကဲ့သို့ နေ့တိုင်း အနှိပ်စက် ခံနေရသည်ထက် သေသည်က ကောင်းသေးတော့သည်' ဟု စိတ်ကို ဆုံးဖြတ်ချက်ချကာ အိုးတစ်လုံးကို ကောက်ရွက်ပြီး ရေဆိပ်တွင် ရေခပ်သွားမည့်ဟန် ထွက်လာခဲ့တော့သည်။

တောထဲသို့ရောက်သော် သစ်ပင်တစ်ပင်မှအခက်ကို ချိုး၍ ကြိုးကွင်းပြုလုပ်ပြီး သစ်ပင်တစ်ပင်ပေါ် တက်ခဲ့သည်။ သစ်ပင်ပေါ်မှ ကြိုးကွင်းဖြင့်သတ်သေရန် ဖြစ်သည်။ မိမိ ဤသို့ပြုသောအမှုကို လူသူလေးပါး သိလေမည်လားဟု အကဲခတ်ကြည့်လိုက်သည်။ မြတ်စွာဘုရားသခင်ကို မြင်တွေ့ရလေတော့သည်။

(မြတ်စွာဘုရားသခင်လည်း နံနက်စောစော မဟာကရုဏာသမာပတ်မှထ၍ လောကကိုကြည့်သော် ရဇ္ဇုမာလာ သောတာပန်တည်မည်ကို လည်းကောင်း၊ ပုဏ္ဏေးမ သရဏဂုံတည်မည်ကို လည်း

ကောင်း မြင်တော်မူ၍ ရဋ္ဌမာလာ လာမည့်အရပ်တွင် ကို့စောင့်ကာ ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်လျက် နေတော်မူခြင်း ဖြစ်သည်။)

မိမိသည် ဘုရားရှင်ကိုမြင်သော် ဘုရား၌ ရှိသေခြင်းစိတ်နှလုံး ရှိ၍....

'ငါသည် တရားကိုနာကြားလိုသည်၊ တရားကိုနာကြားရလျှင် ဤဆင်းရဲပြိုဖြင်ခြင်းမှ လွတ်မည်၊ ငါ့အား မြတ်စွာဘုရားသည် တရားဟောအံ့လော' ဟု စဉ်းစားမိသည်။

မြတ်စွာဘုရားရှင်လည်း မိမိစိတ်အကြံကို သိတော်မူသဖြင့် မိမိအား 'ရဋ္ဌမာလာ' ဟု ကြီးမားသော မဟာကရုဏာတော်ဖြင့် ခေါ်တော်မူလေသည်။

မိမိလည်း မြတ်စွာဘုရားရှင် ခေါ်သံ ကြားလိုက်သည်နှင့် တစ်ပြိုင်နက် အမြိုက်ရည်သွန်းဘိသကဲ့သို့ ပီတိတွေ တစ်ကိုယ်လုံးဖြာဝေသွားသည်။

မိမိသည် သစ်ပင်ပေါ်မှဆင်းပြီး မြတ်စွာဘုရားရှင်ထံ ကပ်၍ ရှိခိုးလျက် ရပ်ဘိသည်။

မြတ်စွာဘုရားရှင်လည်း မိမိအား အစဉ်သောတရားတော်ကို ဟောကြားတော်မူလေသည်။ မိမိသည် မြတ်သောတရားကို နာကြားရသဖြင့် ဘုရားရှင်၏ အရိယာသာဝကဖြစ်သော ရှစ်ယောက်သော ပုဂ္ဂိုလ်တို့တွင် သောတာပန် ဖြစ်သွားလေသည်။

(မြတ်စွာဘုရားရှင်လည်း 'ရဋ္ဌမာလာအား ဤမျှ ချီးမြှောက်ခြင်းဖြင့် တော်ပြီ။ ယခုအခါ ရဋ္ဌမာလာကို တစ်စုံတစ်ယောက်သော သူသည် မညှဉ်းဆဲအပ်' ဟု သိတော်မူသဖြင့် ရဋ္ဌမာလာအနီးမှ ခွာပြီးလျှင် တစ်ခုသော သစ်ပင်ရင်း၌ နေတော်မူ၏။)

သောတာပန်ဖြစ်သွားသော မိမိသည် သတ်သေခြင်းငှာ မထိုက်တော့သဖြင့် ခန္တိ—မေတ္တာကရုဏာတို့ ပြည့်စုံသွားပြီ ဖြစ်သောကြောင့်....

'ပုက္ကုသမသည် ငါ့ကို သတ်လိုကသတ်စေ၊ ညှဉ်းဆဲလိုက ညှဉ်းဆဲစေ' ဟု နှလုံးပိုက်၍ အိုးဖြင့် ရေကိုခပ်ပြီး အိမ်ပြန်ခဲ့တော့သည်။

အိမ်ရှင်ဖြစ်သော သခင်ပုက္ကုသကြီးသည် မိမိပြန်လာသည်ကို အိမ်တံခါးမှာ မှီရပ်နေရင်း မြင်သွားသည်။

'ရက္ခိုမာလာ၊ သင် ရေဆိပ်သွားသည်မှာ ကြာမြင့်လှချေတကား၊ သင်၏ မျက်နှာအဆင်းလည်း အလွန်ကြည်လင်သည်၊ သင် ကား ထူးလှဘိ၏။ အကြောင်းကား သို့နည်း'

ပုက္ကုသကြီးက မေးသော် မိမိသည် ဖြစ်ကြောင်းအကုန်ကို ဇာတ်စုံကျဉ်း၍ ခင်းပြလိုက်ဘိတော့သည်။

'ရက္ခိုမာလာ သို့ဖြစ်လျှင် ကောင်းပြီ၊ သင်သည် တစ်စုံတစ်ခု သော အမှုကိုမျှ မပြုနှင့်တော့၊ လာ သင်နှင့်ငါ မြတ်စွာဘုရားရှင်ထံ သွားကြကုန်အံ့' ဟု ပြောပြီး ဘုရားရှင်ထံ ပုက္ကုသကြီးက ခေါ်သဖြင့် လိုက်သွားရတော့သည်။

ဘုရားရှင်ထံရောက်သော် ရိုသေမြတ်နိုးစွာ ရှိခိုးကြပြီး ဘုရားရှင်အား ယနေ့ အိမ်သို့ ဆွမ်းစားရန် ပုက္ကုသကြီးက ပင့်ဖိတ်လေသည်။

ဘုရားရှင်သည်၊ ပုက္ကုသကြီး၏ပင့်ဖိတ်ခြင်းကို ဆိတ်ဆိတ်သည်းခံ၍ လက်ခံလေဘိသည်။

အိမ်သို့ရောက်သော် မြတ်စွာဘုရားရှင်အား မြတ်သောနေရာကို ခင်း၍ပေးပြီးလျှင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ဆက်ကပ်လှူဒါန်းလေသည်။

ဆက်ကပ်လှူဒါန်းပြီးလျှင် ပုက္ကုသကြီးနှင့်တကွ အားလုံးသော အိမ်သားတို့သည် သင့်တင့်လျော်ကန်သော အရပ်၌ နေ၍ ဘုရားရှင်အား လက်အုပ်ချီမိုး ရှိခိုး၍နေကြကုန်တော့သည်။

မိမိအား မုန်းသော နှိပ်စက်ညှဉ်းပန်းသော ရက်စက်သော ပုဏ္ဏားကြီး၏ ချွေးမ သခင်မလည်း အများနည်းတူ မြတ်စွာဘုရားရှင်အား ကောက်အုပ်ချီမိုး ရှိခိုး၍နေလေတော့သည်။

ဝယ ရွာသား ပုဏ္ဏားကြွယ်တို့သည်လည်း ဘုရားရှင်လာသည်ကို သိကြ ဖြင့် ဘုရား ရှင်ထံကပ်၍ အချို့ကား ရှိခိုး၍နေတော့သည်။ အချို့ကား ဝမ်းမြောက်ဝမ်းသာ စကားပြော၍နေကြသည်။

မိမိလည်း 'ယခုအခါဝယ် မိမိနှင့် ပုဏ္ဏားမတို့အကြောင်းကို လျှောက်ထားရသော် ကောင်းလေစွ' ဟု ဆုံးဖြတ်ကာ ပုဏ္ဏားမနှင့် မိမိတို့အကြောင်းကို လျှောက်ထားလိုက်တော့သည်။

'ရဇ္ဇုမာလာ ချစ်သမီး၊ သင်ချစ်သမီး ဤသို့ရိုက်ပုတ် ညှဉ်းဆဲခံရခြင်းသည် သင်ချစ်သမီးပြုခဲ့သောအမှုကြောင့်သာ ခံရပေသည်။ ဤအမှုသည် မည်သူ့မှုမဖန်တီး မိမိကိုယ်တိုင်သာ ဖန်တီးခဲ့ပေသည်။ သင်ချစ်သမီး နှင့် ပုဏ္ဏားမတို့၏ မတည့်ခဲ့သောရန်ငြိုးကား ကဿပဘုရားရှင်လက်ထက် ဖြစ်ပေသည်။ ချစ်သမီး ရဇ္ဇုမာလာ၊ ငါဟောကြားအံ့၊ နာလော့' ဟု မိန့်တော်မူပြီးလျှင် မိမိနှင့် ပုဏ္ဏားမတို့၏ အတိတ်ဇာတ်ကြောင်းကို ဟောတော်မူလေသည်။

'ကဿပဘုရားရှင် လက်ထက်တော်ဝယ် ရဇ္ဇုမာလာသည် ပုဏ္ဏားမ၏သခင်မဖြစ်၍ ပုဏ္ဏားမသည် ကျွန်မဖြစ်ခဲ့သည်။ ထိုစဉ်က သခင်မဖြစ်ခဲ့ဖူးသော ရဇ္ဇုမာလာသည် ကျွန်မဖြစ်ခဲ့ဖူးသော ပုဏ္ဏားမအား အမျိုးမျိုး ညှဉ်းပန်းနှိပ်စက် အနိုင်ထက်ပြုခဲ့ဖူးလေသည်။ ဤသို့ နှိပ်စက်ခံရသော ကျွန်မသည် သခင်အပေါ် စိတ်ဆနာကြီး နာလျက် ၊တ်အားသမျှ ဒါန အစရှိသော ကုသိုလ်ကောင်းမှုတို့ကို ပြု၍ ဆုတောင်းလေသည်။ 'နောင်အခါ ငါသည် ဤမိန်းမ၏ သခင်မဖြစ်၍ သင့်အား တဖန် ပြန်၍ နှိပ်စက်ညှဉ်းပန်းရပါလို၏' ဟု ဆုတောင်းလေသည်။ ယင်းသို့ဆုတောင်း၍ ကျွန်မသည် ဘဝ

အဆက်ဆက် ကျင်လည်ပြီးလျှင် ယခု 'ဂယာရွာ၌ ပုဏ္ဏားကြီး၏ ချွေးမ ရဇ္ဇုမာလာ၏သခင်မ ဖြစ်လာလေသည်' ဟု ဟောတော်မူ ဘိသည်။

မြတ်စွာဘုရားရှင် ဟောကြားပြီးသည့်အဆုံး၌ ပုဏ္ဏားမသည် လည်းကောင်း ကြွင်းသောသူတို့သည် လည်းကောင်း သရဏဂုံ သီလ တည်ကြကုန်သည်။

မြတ်စွာဘုရားရှင်လည်း နေရာမှထ၍ သာဝတ္ထိပြည်သို့ ကြွ သွားလေတော့သည်။

မြတ်စွာဘုရားကြွပြီးနောက် ပရိသတ်အကြားဝယ် ပုဏ္ဏား ကြီးသည် မိမိအား ဤသို့ပြောကြားလေဘိသည်။

'ရဇ္ဇုမာလာချစ်သမီး၊ ငါ့အား ယနေ့မှစ၍ ငါသည် သမီး အဖြစ် မွေးစားလိုက်ပြီ၊ ကျွန်စာရင်းမှ ပယ်ဖျက်လိုက်ပြီ' ပုဏ္ဏားကြီး စကားကြောင့် မိမိနှင့်တကွ အားလုံးသောသူများကလည်း ဝမ်း မြောက်ဝမ်းသာ ဖြစ်ကြကုန်ဘိသည်။ မိမိ၏သခင်မဖြစ်သော ဖခင် ပုဏ္ဏားကြီး၏ချွေးမလည်း ကြင်နာသောနှလုံး၊ ပြုံးရွှင်သောမျက်နှာ သာယာသောအသံဖြင့်....

'ညီမရဇ္ဇုမာလာ၊ ငါနှင့် ညီမတို့၏ ရန်ငြိုးရန်စကို ဘုရားရှင် ဟောကြားသဖြင့် သိကြရချေပြီ။ ငါသည် သင့်အပေါ် ပြုသော အမှုတို့ကို သည်းခံရန် တောင်းပန်ပါသည်၊ ကျေပါလော့'

မိမိသည်လည်း သခင်မအား ရွှင်ပျသောမျက်လုံး၊ ဖုံးလွှမ်း သောပီတိဖြင့်....

'သည်းခံပါသည် သခင်မ၊ စင်စစ်ဘော့ သခင်မအဖြစ် မဟုတ်ပါ၊ ကျွန်မ၏အပြစ်သာ ဖြစ်ပါသည်။ မိမိမကောင်းမှုက မိမိ အား ဒဏ်ခတ်ခြင်းသာ ဖြစ်ပါသည်။ ကျွန်မအားလည်း သခင်မက ပြန်၍ အပြစ်ရှိသမျှ ခွင့်လွှတ်ပါလော့'

မိမိကလည်း ပြန်၍တောင်းပန်လိုက်သည်။

ယခုအခါ ဂယာရွာသည် သာယာလှပ အေးချမ်းငြိမ်သက်ပါချေပြီ။ ရွာသားများလည်း ပျော်ရွှင်မြူးတူး တစ်ဦးကိုတစ်ဦး ခင်မင် ဖော်ရွေကြချေပြီ။ ပုဏ္ဏားကြီးတို့ တစ်အိမ်သားလုံးလည်း မေတ္တာအရောင်တွေဖုံး၍ အကြင်နာအပြုံးတွေ ဝေလှိုင်၍နေကြချေပြီတကား။ ။

(သံဝေဂဒီပနီ ပဌမတွဲမှ)



## ၅။ နာမည်လှလှ မှည့်ပေးပါ

ဆရာကြီးခင်ဗျာ၊ မောင်သက်ရှည် အမည်ရှိသူလဲ သေကြပါတယ်၊ အခြား အမည်ရှိသူလဲ သေကြပါတယ်။ မသေချေးအမည်ရှိသူလဲ ဆင်းရဲပါတယ်၊ အခြား အမည်ရှိသူလဲ ဆင်းရဲပါတယ်၊ ငခိုး အမည်ရှိသူလဲ လမ်းမှားပါတယ်၊ အခြား အမည်ရှိသူလဲ လမ်းမှားကြပါတယ်။

အမည်ဆိုတာ ခေါ်ရန်မှည့်ထားတဲ့ ပညက်ချက်သာ ဖြစ်ပါတယ်၊ အမည်နဲ့ ဘာမှ မသက်ဆိုင်ပါဘူး၊ မိမိရဲ့ ပြုမှုဆောင်ရွက်ချက် သာ ပမာဏဖြစ်ပါတယ်ဆိုတာ....

## နာမည်လှလှ မှည့်ပေးပါ

မိဘကို အပြစ်တင်ရမလား၊ လောကကို အပြစ်တင်ရမည်လား၊ မည်သူ့ကို အပြစ်တင်ရမည်မသိ၊ ဟိုလူကလည်း 'ငယုတ်မာ' သည်လူကလည်း 'ငယုတ်မာ'ဟု ခေါ်ကြသည်။ ဘာကြောင့်များ သည်နာမည်ကို မှည့်ခဲ့ကြပါသနည်း၊ မောင်ယုတ်မာ မတွေးတတ်နိုင်။

မိမိရပ်ရွာတွင် နေစဉ်ကလည်း 'ငယုတ်မာ' 'မောင်ယုတ်မာ' ဟု ခေါ်တော့ ခေါ်ကြသည်သာ။ သို့ဖြစ်သည့်တိုင် ထိုစဉ်က အဓိပ္ပါယ်လည်းမထား၊ ဂရုသည်း မစိုက်မိခဲ့ချေ။ ယခုကဲ့သို့ တိုင်းပြည် အသိုင်းမှ ကျောင်းသားများစုဝေးရာ တက္ကသိုလ်သို့ ရောက်လာမှသာ မောင်ယုတ်မာဆိုသော မိမိနာမည်သည် ကျက်သရေမရှိမှန်း၊ မင်္ဂလာမရှိမှန်း သတိပြုမိတော့သည်။

အခြားကျောင်းသားများ နာမည်ကား အလွန်ကောင်းသည်။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသည်။ 'မောင်ရနံ့' 'မောင်ချမ်းသာ' 'မောင်ရုပ်ချော' စသဖြင့် မှည့်ထားကြသည်။ မောင်ယုတ်မာသည် သူ့နာမည်သာလျှင် အလွန်ကျက်သရေယုတ်သော မင်္ဂလာမရှိသော နာမည် ဖြစ်နေကြောင်း သိရလေသည်။

အချို့ကျောင်းသားများသည် မောင်ယုတ်မာအား ပြောင်လှောင် သရော်လိုသောကြောင့် ခဏခဏ ခေါ်သူလည်းရှိသည်။ မပီကလာ ခေါ်သူလည်းရှိသည်။

မိမိနာမည်က 'ယုတ်မာ' ဖြစ်နေ၍ ဖြင့် သူတို့တမင်နောက်ပြောင်ခေါ်နေမှန်း သိသည့်တိုင် စိတ်ဆိုးရမည်လည်းအခက်။ ရန်ဖြစ်ရမည်လည်းအခက် ဖြစ်နေလေသည်။

သည် 'ယုတ်မာ'ဆိုသော နာမည်ကို ပြောင်းမှ ဖြစ်ပေလိမ့်မည်။ 'ယုတ်မာ' နာမည်သာ ဆက်လက်တည်ရှိနေမည်ဆိုလျှင် တစ်နေ့မဟုတ် တစ်နေ့တွင် ကျောင်းသားများနှင့် မောင်ယုတ်မာ ရန်ဖြစ်ရတော့မည်မှာ သေချာသည်။

မောင်ယုတ်မာ နာမည်မှ အခြားနာမည်သို့ ဆရာကြီးအား အမှည့်ခိုင်းမှ ဖြစ်တော့မည်။ ထို့ကြောင့် မောင်ယုတ်မာသည် ဆရာကြီးရှိရာဆီသို့ လာခဲ့လေတော့သည်။

* * *

မောင်ယုတ်မာသည် ဆရာကြီးထံတွင် ကျောင်းသားများရှိနေသဖြင့် ကိုယ်ရှိန်သတ်ကာ တစ်နေရာမှ စောင့်ဆိုင်းနေလေသည်။

ကျောင်းသားအချို့သည် သင်ကြားပို့ချပြီးသော သင်ခန်းစာများတွင် သူတို့မတောမပေါက်သော အကြောင်းများကို ဆရာကြီးအား မေးနေကြသည်။ အတန်ကြာမှ ဆရာကြီးအနီးမှ အသီးသီးထွက်သွားကြသည်။ ထိုအခါမှ မောင်ယုတ်မာသည် ဆရာကြီးထံ ချဉ်းကပ်ရတော့သည်။

'ဟော...မောင်ယုတ်မာ၊ ဘာမေးချင်လို့လဲကွယ်'

ဆရာကြီးက မောင်ယုတ်မာအား မေးလိုက်သည်။

မောင်ယုတ်မာသည် ဆရာကြီးအမေးကို ဘာမှမပြောသေးဘဲ ဘေးဘီတွင် ကျောင်းသား ရှိမရှိ တစ်ချက် စောင်းငဲ့ကြည့်လိုက်သေးသည်။ တစ်ယောက်မှမရှိကြောင်း သေချာလေမှ...

'ဆရာကြီးခင်ဗျာ' ဟု ခေါ်လိုက်သည်။

'ပြောလေ မောင်ယုတ်မာ၊ ဘာကိစ္စလဲကွယ့်'

မောင်ယုတ်မာသည် ပြောရမည့်စကားကို ရှာနေသည်။ ဆရာကြီးက ပြောပါဆိုသည့်တိုင် စကားတစ်လုံးမှ သူ့နှုတ်က မထွက်လာသေးပေ။

'မောင်ယုတ်မာ ပြောစရာ ရှိတာပြော၊ မေးစရာရှိတာ မေးလေကွယ်' ဆရာကြီးက ထပ်မံ၍ ဆိုလိုက်သည်။

'ဒီ...ဒီလိုပါ ဆ...ဆရာကြီး'

မောင်ယုတ်မာကား စကားကို ဖြောင့်စွာမပြောနိုင်ရှာ၊ တစ်ထစ်ထစ် ငေါ့ငေါ့သာ ထွက်လာသည်။

'ပြောပါ၊ ဆရာနားထောင်နေပါတယ်' ဆရာကြီးက ထောက်ပေးလိုက်သည်။

'ဒီ...ဒီလိုပါ ဆရာကြီးခင်ဗျာ၊ ကျွန်တော့်နာမည် ယုတ်မာဆိုတာကြီးက ကျက်သရေမရှိလို့ အခြားသင့်တော်မယ့် နာမည်ကို ပြောင်းပေးပါ ဆရာကြီး'

မောင်ယုတ်မာသည် ဆရာကြီးအား မျက်စိ ပေကလပ် ပေကလပ်ဖြင့်ကြည့်ကာ မရဲတရဲ ပြောလိုက်သည်။

မောင်ယုတ်မာစကားကြောင့် ဆရာကြီးသည် ပြုံးမိသွားသည်။

'ငါ့တပည့်က ယုတ်မာဆိုတဲ့ နာမည်ကို မကြိုက်ဘူးဆိုရင် အခြား ဘယ်နာမည်ကို ကြိုက်သလဲကွယ့်' ဟု ဆရာကြီးက မေးလိုက်သည်။

'အဲဒါလဲ ကျွန်တော် မပြောတတ်ပါဘူး ဆရာခင်ဗျား၊ ဆရာကြီး သင့်တော်မယ့် နာမည်ကိုသာ ပြောင်းပေးပါ'

မောင်ယုတ်မာသည် ဆရာကြီးအား အားကိုးတကြီးဖြင့် ပြောလိုက်သည်။

ဆရာကြီးသည် မောင်ယုတ်မာအား ဘာမှ မပြောသေးဘဲ မျက်လုံးမှေး၍ ခေတ္တမျှ စဉ်းစားနေပြီးလျှင်....

'ကဲ....ငါ့တပည့် ဒီလိုလုပ်၊ မောင်ယုတ်မာဆိုတဲ့ လက်ရှိ နာမည် မကြိုက်ဘူးဆိုရင် ငါ့တပည့်ကြိုက်တဲ့ နာမည်ကို ဇနပုဒ် မြို့ရွာတွေမှာ သွားပြီး လှည့်လည်ရှာချေ၊ ငါ့တပည့် နှစ်သက်တဲ့ မင်္ဂလာရှိမယ့် အမည်ကိုမှတ်ခဲ့၊ ယုတ်မာအမည်ကိုဖျောက်ပြီး ငါ့တပည့် ရှာလာတဲ့ အမည်ကို မှည့်ပေးမယ်'

ဆရာကြီးက ကိုယ်တိုင် အမည်မှည့်မပေးဘဲ အမည်ရှာရန် မောင်ယုတ်မာအား ခိုင်းလိုက်သည်။

မောင်ယုတ်မာသည် ဆရာကြီးအား....

'ဟုတ်ကဲ့ပါ ဆရာကြီး ခင်ဗျာ'ဟု အားရဝမ်းသာစွာ ပြောပြီးလျှင် ဆရာကြီးအား ရှိခိုးဦးတင်၍ နာမည်ရှာရန် ထွက်ခွာသွားလေတော့သည်။

* *

မောင်ယုတ်မာသည် စားနပ်ရိက္ခာများကို ယူပြီးလျှင် တစ်ရွာမှသည် တစ်ရွာသို့ နာမည်ရှာ ထွက်လာခဲ့သည်။ မြို့တစ်မြို့သို့ ရောက်သော် မောင်ယုတ်မာသည် မြို့ပြင်သို့ တန်းစီထွက်လာသော လူစုကို မြင်တွေ့ရလေသည်။

ထိုလူစုသည် အဘယ်ကြောင့် မြို့ပြင်သို့ တန်းစီ၍ ထွက်လာကြသနည်းဟု သိချင်ဇောဖြင့် ထိုလူစုရှိရာသို့ ခပ်သုတ်သုတ်လိုက်၍ကြည့်လေသည်။ အနီးသို့ရောက်သော် သုသာန်သို့ အသုဘပို့သွားသော လူတန်းကြီးဖြစ်မှန်း သိရတော့သည်။

ဝါးလုံးထိမ်းစင်ဖြင့် ထမ်းသွားသော အသုဘနောက်တွင် ဆွေမျိုးများဖြစ်ဟန်တူသော မိန်းမအချို့ ငိုနေသည်ကို မြင်ရသည်။ မောင်ယုတ်မာသည် ငိုသူတို့အနီး ချဉ်းကပ်သွားပြီးနောက်....

'နေပါဦးခင်ဗျာ၊ အခုသေသူဟာ အသက်ဘယ်လောက်ရှိပြီလဲ'ဟု စူးစမ်းလိုစိတ်ဖြင့် မေးလိုက်သည်။

'အသက်နှစ်ဆယ်ပဲ ရှိပါသေးတယ် ငါ့တူရယ်'

ငိုယိုနေသော အဒေါ်ကြီးတစ်ယောက်က ရှိုက်၍ ပြောလိုက်သည်။

'ဒါနဲ့ခင်ဗျာ၊ သေသူရဲ့ နာမည်က ဘယ်လို ခေါ်ပါသလဲ'

မောင်ယုတ်မာက နာမည်ပါသိချင်သဖြင့် မေးလိုက်သည်။

'မောင်သက်ရှည်လို့ ခေါ်ပါတယ်ကွယ်'

'ဗျာ'

မောင်ယုတ်မာ လန့်ဖွာ အံ့သြသွားလေသည်။ မောင်သက်ရှည်ဖြစ်လျက် ဘာကြောင့် ငယ်ငယ်ရွယ်ရွယ် သေရပါလိမ့်၊ မောင်ယုတ်မာ မစဉ်းစားတတ်အောင် ဖြစ်သွားသည်။

'အဒေါ်ကြီးခင်ဗျာ၊ မောင်သက်ရှည်အမည် မှည့်ထားလျက် ငယ်ငယ်ရွယ်ရွယ် ဘာကြောင့် သေရပါသလဲ'

'ဟကောင်...မင်း ရူးနေသလား၊ သက်ရှည် မှည့်တိုင်း အသက်ရှည်ရမလား၊ ငယ်ငယ်ကြီးကြီး အသက် ရှည်ရှည်မရှည်ရှည်၊ ဘယ်လိုမှည့်မှည့် သေချင်သေမှာပေါ့ကွ၊ နာမည်က အဓိကမှ မဟုတ်တာ၊ မင်းဟာ အလွန်မိုက်တဲ့ ကောင်ပဲ'

မောင်ယုတ်မာအမေးကို မကျေနပ်သည့် ခပ်ဆတ်ဆတ် လူတစ်ယောက်က ဝင်ပြောလိုက်သည်။

ထိုအခါတွင်မှ မောင်ယုတ်မာသည် နောက်ထပ်မမေးတော့ဘဲ ခေါင်းအောက်စိုက်ပြီးလျှင် မြို့ထဲသို့ ဝင်သွားလေတော့သည်။

*      *      *

'အဲဒါမှတ်ဟဲ့၊ မပေးချင်ဦး....မပေးချင်ဦး'

မောင်ယုတ်မာသည် အမျိုးသမီးတစ်ယောက်အား ကြိုးတုပ်၍ ဆွဲကာ မြို့တံခါးဝ၌ ရိုက်နှက်နေသည်ကို တွေ့ရလေသည်။

ရိုက်နှက်နေသော မိန်းမများနှင့် ရိုက်နှက်ခံရသော မိန်းမကို လူများက ဝိုင်းအုံကြည့်နေကြသည်။

မောင်ယုတ်မာလည်း အများနည်းတူ ကြည့်ရှုနေကြသော လူအများကြားထဲသို့ တိုးဝှေ့ပြီးကြည့်သည်။

'နေပါဦးဗျ၊ ဒီအမျိုးသမီးကို ဘာဖြစ်လို့ ကြိုးတုပ်ပြီး ရိုက်နှက်နေကြတာလဲ' သူ့အနီးအနားမှ လူတစ်ဦးကို မေးလိုက်သည်။

'သူတစ်ပါးဆီက ယူထားတဲ့ အကြွေးတွေ မပေးနိုင်လို့တဲ့ဗျ'

'ဒါနဲ့ သူ့နာမည်က ဘယ်လိုခေါ်သတဲ့လဲ'

မောင်ယုတ်မာက နာမက်ကို သိလိုသဖြင့် မေးလိုက်သည်။

'သူ့နာမည်က မသေငွေ့မတဲ့'

လူတစ်ယောက်က ဝင်၍ ဖြေလိုက်သည်။

'မသေငွေ့မ နာမည် မှည့်ထားပြီးဗျာ၊ အကြွေးတောင် မပေးနိုင်ဘူးလား၊ အံ့ပါရဲ့ဗျာ'

မောင်ယုတ်မာက မသေငွေ့မကို အပြစ်ပြောလိုက်သည်။

'ဟဲ့....မိုက်မဲလှချေလား မောင်ရင်ရဲ့၊ မသေငွေ့မပဲဖြစ်ဖြစ် မကြွယ်ဝပဲဖြစ်ဖြစ် သူဆင်းရဲချင် ဆင်းရဲတာပဲပေါ့၊ နာမည်ဆိုတာ ခေါ်လွယ်အောင် ပညတ်အဖြစ် မှည့်ထားတာကွယ့်၊ မောင်ရင်လေး ဟာ တကယ့်လူမိုက်ပဲ'

လူကြားထဲမှ စိတ်ကြီးဟန်တူသော အဒေါ်ကြီးတစ်ယောက်က ဒေါင်းတင်မောင်းတင်ဖြင့် မောင်ယုတ်မာအား လက်ညှိုး ငေါက် ငေါက်ထိုး၍ ပြောလိုက်သည်။

မောင်ယုတ်မာသည် ကြာကြာနေလျှင် မိမိပါ အရိုက်ခံရတော့မည့် အခြေအနေကြောင့် နောက်ထပ် ဘာမှ စကားကြော မရှည်တော့ဘဲ ထိုသူတို့အနီးမှ အမြန်ဆုံး ထွက်ခွာခဲ့လေတော့သည်။

ထို့နောက် မောင်ယုတ်မာသည် တစ်ခုသော တောအုပ်သို့ ရောက်ရှိလာရာ မလှမ်းမကမ်းတွင် လူတစ်ယောက်ကို တွေ့ရလေသည်။

ထိုသူသည် တောင်မြောက်လေးပါးကိုကြည့်၍ အဘယ်အရပ်သို့ သွားရမည်မသိ ဖြစ်နေရှာဟန်တူလေသည်။

'မိတ်ဆွေ၊ ခင်ဗျား ဘာလုပ်နေသလဲ'

မောင်ယုတ်မာသည် ထိုသူ့အနီးရောက်လေလျှင် ထိုသူ့အဖြစ်ကို မနေနိုင်သဖြင့် မေးလိုက်သည်။

'အဆွေ၊ ကျွန်တော် ခရီးသွားတစ်ဦးပါ၊ ဘယ်သွားရမည်မသိ ဖြစ်နေပါတယ်ခင်ဗျာ'

ခရီးသွားမိတ်ဆွေက မောင်ယုတ်မာအား ပြန်ပြောလိုက်သည်။

'မိတ်ဆွေ ခင်ဗျားနာမည် ဘယ်လိုခေါ်ပါသလဲ'

မောင်ယုတ်မာသည် နာမည်အလွန် ထွက်လာခဲ့သူဖြစ်သဖြင့် နာမည်ကို အထူးအလေးထား မေးလိုက်သည်။

'ကျွန်တော့်နာမည် ခရီးလို့ခေါ်ပါတယ်'

ခရီးလမ်းမှားသောမိတ်ဆွေက ယဉ်ကျေးစွာပြောလိုက်သည်။

'ဟာ ခင်ဗျားနှယ် ခရီးအမည် မှည့်ထားလျက် ခရီးလမ်းမှား ရသေးလားဗျာ'

မောင်ယုတ်မာသည် ခရီးလမ်းမှားသူအား ခရီးလမ်းညွှန်ရမည့်အစား မညွှန်ပြဘဲ အပြစ်တင်လိုက်လေသည်။

ထိုအခါ ခရီးမှားသူသည် ခရီးမှားနေသဖြင့် စိတ်ညစ်နေသည်ကို မောင်ယုတ်မာက အပြစ်တင်လေလျှင် ဒေါသထွက်ပြီး မောင်ယုတ်မာအား မိုက်မိုက်ရိုင်းရိုင်း ပြောလေတော့သည်။

'ဟေ့လူ ခင်ဗျား ဘာပြောတာလဲဗျ၊ ကျုပ်နာမည် ခရီးပဲဖြစ်ဖြစ် မခရီးပဲဖြစ်ဖြစ် ခရီးလမ်းဆိုတာ လူမှားချင်မှားမှာပေါ့ဗျ၊ ခင်ဗျားက ခရီးလမ်းညွှန်ရမယ့်အစား ဘာလာပြီး အပြစ်တင်နေတာလဲ'

မောင်ယုတ်မာသည် ထိုခရီးသွား ဒေါသဖြစ်နေမှန်း သိရသဖြင့် ဆက်လက်မပြောတော့ဘဲ အမြန်ဆုံး ထိုသူအနီးမှ ခွဲခဲ့ပြီးလျှင် ဆရာကြီးရှိရာ တက္ကသိုလ်သို့ သုတ်သုတ်ချတင်ခဲ့လေတော့သည်။

* *

'ဘယ်နှယ်လဲ ငါ့တပည့် မောင်ယုတ်မာ၊ ငါ့တပည့်ကြိုက်တဲ့ နာမည် ရပြီလား'

ဆရာကြီးက တပည့်ဖြစ်သူမောင်ယုတ်မာ သူ့အနီးသို့ ရိုကျိုးစွာ ဝင်ရောက်လာသည်နှင့် မေးလိုက်လေသည်။

'ဆရာကြီးခင်ဗျာ၊ မောင်သက်ရှည်အမည်ရှိသူလည်း သေကြပါတယ်။ အခြားအမည်ရှိသူလည်း သေကြပါတယ်၊ မသေဌေးမအမည်ရှိသူလည်း ဆင်းရဲပါတယ်၊ အခြားအမည်ရှိသူလည်း ဆင်းရဲပါတယ်။ ခရီးအမည်ရှိသူလည်း လမ်းမှားကြပါတယ်၊ အခြားအမည်ရှိသူလည်း လမ်းမှားကြပါတယ်၊ အမည်ဆိုတာ ခေါ်ရန်မှည့်ထားတဲ့ ပညတ်ချက်သာဖြစ်ပါတယ်၊ အမည်နဲ့ ဘာမှမဆိုင်ပါဘူး၊ မိမိရဲ့ ပြုမူဆောင်ရွက်ချက်သာ ပဓာနဖြစ်ပါတယ်ဆိုတာ ကျွန်တော် သဘောပေါက်ပါပြီ၊ ကျွန်တော် တခြားအမည်ကို မမှည့်ချင်တော့ပါဘူး ဆရာခင်ဗျား ခုလက်ရှိမှည့်ထားတဲ့ ယုတ်မာအမည်ပဲ ကောင်းပါတယ်ခင်ဗျာ'

မောင်ယုတ်မာသည် သူတွေ့ကြုံခဲ့ရသမျှ အလုံးစုံကို ဆရာကြီးအား ပြောကြားလိုက်သည်။

ဆရာကြီးသည် သူ့တပည့်မောင်ယုတ်မာကို ကြည့်၍ ခေါင်းတညိတ်ညိတ်ဖြင့် ပီတိဖြာလျက် ရှိနေတော့လေသတည်း။

* * *

ဤဝတ္ထုဟောတော်မူရခြင်း အကြောင်းရင်း

ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် 'ဇီဝကာဥ္စမတံဒိသွာ' အစရှိသော ဂါထာဖြင့် တန်ဆာဆင်အပ်သော ဤနာမသိဒ္ဓိဇာတ်ကို တစ်ပါးသော ရဟန်းအား အကြောင်းပြု၍ ဟောတော်မူလေသည်။

တစ်ယောက်သော အမျိုးသားသည် အမည်အားဖြင့် 'ယုတ်မာ' မည်သတတ်။ ထိုအမျိုးသားသည် သာသနာတော်၌ အသက်ကို စွန့်၍ ရဟန်းပြု၏။ ရဟန်းတို့သည် ထိုရဟန်းအား 'ငါ့ရှင်ယုတ်မာ လာလော့' 'ငါ့ရှင်ယုတ်မာ ရပ်လော့' ဆိုသည်ရှိသော် လောက၌ ယုတ်မာအမည်သည် မင်္ဂလာမရှိဟူ၍ ဆိုအပ်၏။ တစ်ပါးသော မင်္ဂလာအမည်ရှိသောအမည်ကို မှည့်ရမူ ကောင်းအံ့ကြံ၏။

ထိုရဟန်းသည် ဆရာဥပဇ္ဈာယ်တို့ထံ ကပ်၍....

'အရှင်ဘုရားတို့၊ တပည့်တော်၏အမည်သည် မင်္ဂလာမရှိပါ၊ တပည့်တော်အား တစ်ပါးသောအမည်ကို မှည့်ပေးတော်မူကြပါ ဘုရား' ဟု လျှောက်ထားလေသည်။

ထိုအခါ ဆရာတို့သည် ယုတ်မာမည်သော ရဟန်းအား

'ငါ့ရှင်၊ အမည်ဆိုသည်မှာ ပညတ်မျှသာဖြစ်ချေသည်၊ အမည်ဖြင့် တစ်စုံတစ်ခုသောစီးပွား၏ ပြီးစီးခြင်းမည်သည် မရှိချေ။ မိမိအမည်ဖြင့်သာလျှင် ရောင့်ရဲလော့'ဟု တားမြစ်ကြလေသည်။

သို့ဖြစ်သည့်တိုင် ယုတ်မာမည်သောရဟန်းသည် အဖန်တလဲလဲသာလျှင် နာမည်ပြောင်းပေးရန် တောင်းပန် လျှောက်ထားလေသည်။ ယုတ်မာမည်သော ရဟန်း၏အမည် ပြောင်းလိုခြင်းသည် ရဟန်းသံဃာ၌ ထင်ရှားလေသည်။ ထိုအခါ တစ်နေ့သ၌ တရားသဘင်ဝယ် စည်းဝေးကုန်သော ရဟန်းတို့သည်....

'ငါ့ရှင်တို့ ယုတ်မာအမည်ရှိသောရဟန်းသည် မင်္ဂလာမရှိသဖြင့် အခြား မင်္ဂလာအမည်ရှိသော နာမည်ကို ပြောင်းလိုသတဲ့' ဟု ပြောဆိုနေကြကုန်၏။

ထိုသို့ပြောဆိုနေကြစဉ် မြတ်စွာဘုရားသည် တရားသဘင်သို့ ကြွတော်မူလာပြီးလျှင် 'ရဟန်းတို့ ယခုအခါ အဘယ်စကားဖြင့် စည်းဝေးကြကုန်သနည်း' ဟု မေးတော်မူလေသည်။

ရဟန်းတို့အား 'ငယုတ်မာမည်သောရဟန်းသည် အခြားမင်္ဂလာရှိသော အမည် ပြောင်းလိုကြောင်း စကားဖြင့် စည်းဝေးကြပါကုန်သည် ဘုရား' ဟု မြတ်စွာဘုရားအား ပြန်ကြား လျှောက်ထားကြလေသည်။

ထိုအခါ ရှင်တော်မြတ်ဘုရားက 'ရဟန်းတို့ ယခုအခါ၌သာလျှင် ဤငယုတ်မာမည်သောရဟန်းသည် အမည်ပြောင်းခြင်းကို အလိုရှိသည် မဟုတ်သေး၊ ရှေးလွန်လေပြီးသောကာလကလည်း အမည်ပြောင်းခြင်းကို အလိုရှိခဲ့သည်သာတည်း' ဟု မိန့်တော်မူလေသည်။

ရဟန်းတို့သည် တောင်းပန်အပ်သဖြင့် အတိတ်ဖြစ်သော အဆက်ပါ နာမသိဒ္ဓိဇာတ်ကို ဟောတော်မူခြင်း ဖြစ်လေသတည်း။

(ဧကနိပါတ်—နာမသိဒ္ဓိဇာတ်၊ လိတ္တဝဂ်)



### ၆။ အဝဇာတသား၊ အတိဇာတသမီး

ကျွန်ုပ်သည် ဖခင်ထံမှ ငွေအသပြာတစ်ထောင်ကို အလိုရှိသဖြင့် ဘုရားရှင်ဟောကြားသော တရားတော်ကိုနာ၍ ဟစ်ပုဒ်မျှ မှတ်ပြီးလျှင် ဖခင်အား ပြန်ပြောအံ့ဟု စိတ်ကူးမိပါသော်လည်း၊ အကယ်တရားနာရသောအခါ ဘုရားရှင်၏ ကြည်လင်ပြတ်သားသော အသံတော်၊ ကောင်းမြတ်သော တရားဒေသနာတော်များဖြစ်သဖြင့် ဆက်လက်နာယူရာ တရားထူးကို ရခဲ့ပါသည်။ ထို့ကြောင့် အသပြာတစ်ထောင်ကို မယူလိုခြင်းဖြစ်ပါသည်။ လိမ်ညာ၍ ယူခဲ့သော အသပြာများအတွက်ပင် ရှက်မိပါသည်။

# အဝဇာတသား၊ အတိဇာတသမီး

အနာထပိဏ် ကျောင်းဒါယကာကြီးသည် လည်းကောင်း၊ ဝိသာခါ ကျောင်းဒါယိကာ ကြီးသည် လည်းကောင်း၊ နေ့စဉ် နေ့တိုင်း သံဃာတော်နှစ်ထောင်ကို မိမိတို့အိမ်သို့ ပင့်ဖိတ်၍ ဆွမ်းလုပ်ကျွေးလေ့ရှိကြသည်၊ အခြားသော ဒါယကာ ဒါယိကာမတို့သည်လည်း မိမိတို့တတ်စွမ်းသမျှ ဆွမ်းကပ်ကြလေသည်။ သို့သော်လည်း အခြားသော ဒါယကာ ဒါယိကာမများသည် သံဃာတော်များနှင့်လည်း အကျွမ်းမဝင်၊ သံဃာတော်များ၏ အလိုဆန္ဒကိုလည်း မသိရှိသဖြင့် သူတို့ကပ်သောဆွမ်းကို သံဃာတော်များ၏ မနှစ်သက်ကြချေ။

အနာထပိဏ်နှင့် ဝိသာခါတို့ကား သံဃာတော်များနှင့်လည်း အကျွမ်းဝင်၏။ သံဃာတော်များနှစ်သက်အောင် ချက်ပြုတ်ဆက်ကပ်တတ်ကြသည်။ ထို့ကြောင့် သံဃာတော်များ ဆွမ်းကပ်လိုသော ဒါယကာ ဒါယိကာမတို့သည် အနာထပိဏ်ကိုဖြစ်စေ၊ ဝိသာခါ ကျောင်းအစ်မကြီးကိုဖြစ်စေ ဖိတ်ကြား၍ သံဃာတော်များအတွက် ဆွမ်းဘောဇဉ် ဝေယျာဝစ္စအတွက် စီရင်ခိုင်းရလေသည်။

အနာထပိဏ်ကျောင်းဒါယကာကြီးနှင့်ဝိသာခါကျောင်းအစ်မကြီးတို့သည်လည်း မိမိ မိမိတို့အိမ်တွင် သံဃာတော်များကို မပြတ်ဆွမ်းကျွေးရေးကို စီမံဆောင်ရွက်ရသဖြင့် အခြားသူများ ဖိတ်ကြားတိုင်း မသွားရောက်နိုင်ချေ။

အချို့ သံဃာတော်နှင့် မရင်းနှီးသူများသည် အနာထပိဏ်တို့ ဝိသာခါတို့ အခွင့်သာမည့်အချိန်ကိုသာ ငံ့လင့်ပြီး နေကြရသည်။ အချို့သူများကတော့မူ အနာထပိဏ်နှင့် ဝိသာခါတို့ အခွင့်သာမည့် အချိန်ကို မစောင့်တော့ဘဲ မိမိတို့ကိုယ်တိုင် စီမံချက်ပြုတ် ဆက်ကပ်ကြလေသည်။

သို့သော်လည်း သံဃာတော်များသည် အနာထပိဏ်နှင့် ဝိသာခါတို့ စီရင်ဆောင်ရွက်သော ဆွမ်းဘောဇဉ်လောက် မနှစ်သက်ကြချေ။

ထို့ကြောင့် ဆွမ်းေ[illegible]ပ်သို့ လာကြသောလူများက ဝိသာခါနှင့် အနာထပိဏ်တို့အား....

'ဘယ်လိုလဲ—သည် ဆွမ်းကျွေးရာမဏ္ဍပ်သို့ ကျောင်းဒါယကာ အနာထပိဏ်နှင့် ကျောင်းဒါယိကာမ ဝိသာခါတို့ မလာကြသလော' မေးကြသည်။

မလာရောက်ကြောင်း သိကြလျှင်....

'ဤဆွမ်းကျွေးခြင်းကား အဘယ်နည်း၊ တစ်သိန်းမျှကုန်သော အလှူဒါနဖြစ်သော်လည်း အလကားသာတည်း၊ သင်းတို့တစ်ဦးဦး လာရောက်ဖို့ကောင်းသည် မဟုတ်လော' ဟု အနာထပိဏ်နှင့် ဝိသာခါကို အပြစ်တင်ကြသည်။

ထိုသို့ အပြစ်တင်ဖန်များသော် အနာထပိဏ်နှင့် ဝိသာခါတို့သည် မနေသာတော့ဘဲ မိမိတို့အိမ်တွင် သံဃာတော်များကို ကိုယ်တိုင်လုပ်ကျွေးခြင်း အခွင့်မသာတော့ချေ။ မိမိတို့ကိုယ်စား သံဃာတော်များကို လုပ်ကျွေးနိုင်မည့်သူကို ထားရလေသည်။

ဝိသာခါကျောင်းအစ်မကြီးသည် သူ့သား၏သမီးဖြစ်သော မြေးမကို သူ့ကိုယ်စား လုပ်ကျွေးစေ၍ သူကိုယ်တိုင်က လာရောက်ဖိတ်သောအိမ်သို့ ဆောင်ရွက်ငြိမ်ပေးနေလေသည်။

အနာထပိဏ် ကျောင်းဒကာကြီးသည်လည်း မိမိကိုယ်စား သမီးကြီး မဟာသုဘဒ္ဒါအား ထားရလေသည်။ သမီးကြီး မဟာသုဘဒ္ဒါသည် သံဃာတော်များ၏ ဝေယျာဝစ္စကို ဆောင်ရွက်လျက် တရားတော်ကို မပြတ်နာကြားရသောကြောင့် သောတာပန်ဖြစ်သွားလေသည်။ ထို့နောက် မိန်းမတို့ဓမ္မတာအတိုင်း အိမ်ထောင်ပြုလေလျှင် လင့်နောက်လိုက်ရသည့်အတွက် သံဃာတော်များလုပ်ကျွေးရန် လစ်လပ်နေလေသည်။

ထိုအခါ အနာထပိဏ်သူဌေးကြီးသည် သမီးလတ်ဖြစ်သော စူဠသုဘဒ္ဒါအား မိမိကိုယ်စား သံဃာတော်များကို လုပ်ကျွေးစေသည်။

သမီးလတ်လည်း အစ်မကြီးနည်းတူ သောတာပန် ဖြစ်သော်လည်း ကိလေသာ ရာဂ မကင်းသေးသောကြောင့် အိမ်ထောင်ကျကာ လင့်နောက်သို့ လိုက်သွားရပြန်လေသည်။

အနာထပိဏ်သူဌေးကြီးသည် လစ်လပ်နေသော နေရာကို သမီးထွေး သုမနဒေဝီအား ထားလိုက်လေသည်။

* * *

အနာထပိဏ်သူဌေးကြီးသည် သားကာလအကြောင်းကို စဉ်းစားလျှင် စိတ်မအေး ရင်လေး၍နေလေသည်။

မိမိကိုယ်တိုင်က သာဝတ္ထိပြည်ကွင် ဇေတဝန်ကျောင်းတော်ကြီး၏ ကျောင်းဒါယကာကြီးလည်းဖြစ်သည်။ ဘုရားအမှူးရှိသော သံဃာတော်များကိုလည်း မပြတ်ဆွမ်းလုပ်ကျွေးသည်။ တရားတော်ကို

လည်း အခါအားလျော်စွာ နာကြားသည်။ ကျောင်းတော်သို့လည်း ဆည်းကပ်သွားလာနေသည်။ သမီးများလည်း လွန်စွာယဉ်ကျေးလိမ္မာကြသည်၊ ရတနာသုံးပါးကိုလည်း ယုံကြည်စွာ ကိုးကွယ်ကြသည်။

သားကာလကား မိဘဂုဏ်သိက္ခာကိုလည်းမထောက် ကိုယ့်ကိုယ်ကိုလည်း မလိမ့်သိ၊ အပေါင်းအသင်းများနှင့် ပျော်ပါးအချိန်ကုန်နေတော့သည်။ လောကအလယ်တွင် သားကာလသည် ငွေနှင့်အချိန်တို့ကို အလဟဿဖြုန်းတီးနေသော 'မောဃပုရိသ' ဖြစ်နေတော့သည်။

သည်အားအတွက် သူဌေးကြီး စိတ်ပူပန်သံသယ နှစ်ဖြာသော ကာလအတွက် မှုံးရိပ်လျက်ရှိသည်။

'ချစ်သားကာလ၊ ဖခင်တို့ တစ်အိမ်သားလုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်ကြရုံမျှမက ဖခင်ကိုယ်တိုင် ကျောင်းဒါယကာ ဖြစ်သည်၊ ချစ်သားလည်း ရတနာသုံးပါးကို ဆည်းကပ်လော့' ဟု ပြောသော်လည်း နားမထောင်ပေ။

မိမိအိမ်သို့ သံဃာတော်များ နေ့တိုင်းဆွမ်းကပ်နေသည်ကိုလည်း ဘာမျှ ကူညီလုပ်ကိုင်ပေးခြင်းမရှိ၊ တရားနာရကောင်းမှန်းလည်းမသိ။ သူနှင့်မဆိုင်သကဲ့သို့နေသည်။ သံဃာတော်များလာသည်နှင့် အခြားတစ်နေရာသို့ ရှောင်ထွက်သွားသည်ချည်းပင်။

သူဌေးကြီးကိုယ်တိုင်လည်း အခြားအခြားသောသူများအိမ်က ဆွမ်းကပ်သောမဏ္ဍပ်သို့ သံဃာတော်များအတွက် ဆောင်ရွက်နေရသည်က တစ်ကြောင်း၊ ကောသလမင်းကြီးထံ ခစားဝင်ရသည်က တစ်ကြောင်း၊ ကျောင်းတော်သို့သွားရောက်၍ ဘုရားရှင်အားဖူးမြော်ရသည်က တစ်ကြောင်းတို့ကြောင့် အားလပ်သည်ဟူ၍ မရှိသဖြင့် ကာလအား ထိထိရောက်ရောက် သွန်သင်ဆုံးမချိန်မရပေ။

ထို့ကြောင့်လည်း ကာလသည် ထင်တိုင်းကြဲနေသည်။ အဆာပြာလိုချင်လျှင် မိခင်ထံ လက်ဖြန့်တောင်း၍သုံးသည်။ နှမတွေထံ အပူကပ်သည်။ အနာထပိဏ်သူဌေးကြီးထံတော့ မတောင်းဝံ့ပေ။

အနာထပိဏ်သူဌေးကြီးသည် သားကာလကို မည်သို့လိမ္မာအောင် ဆုံးမရမည်နည်းဟု အကြံဖြစ်ပေါ်လေသည်။ တစ်နေ့တွင် သူဌေးကြီးသည် အကြံတစ်ခုရလေသည်။

သတ္တဝါတို့သည် သူတို့နှစ်သက်သော အရာဝတ္ထုဖြင့် ဖျားယောင်း သွေးဆောင်လျှင် ရတတ်စမြဲဖြစ်သည်။ ကာလသည် ငွေအသပြာကို အလိုရှိသူဖြစ်သည်။ ကာလအား ငွေအသပြာဖြင့် မြူဆွယ်ရလျှင် ကောင်းမည်ဆိုသောအကြံဖြစ်သည်။

'ချစ်သားကာလ လာဦးလေ့'

အနာထပိဏ်သူဌေးကြီးသည် ကာလနှင့်တွေ့ဆုံခိုက် ခေါ်လိုက်သည်။ ဖခင်ခေါ်ပြန်တော့လည်း ကာလသည် ရိုကျိုးစွာ ဖခင်အနီး ရောက်လာသည်။

'ချစ်သားကာလ၊ အသပြာ လိုချင်သလော'

သူဌေးကြီးက သွေးတိုးစမ်း မေးလိုက်သည်။

'လိုချင်ပါသည် ဖခင်' ကာလက ဖြေလိုက်သည်။

'လိုချင်လျှင် ဘုရားကျောင်းတော်သို့ တနားနာချေ၊ ချစ်သားအား တစ်နေ့အသပြာတစ်ရာပေးမည်'ဟု သူဌေးကြီးက ပြောလိုက်သည်။

ဖခင်စကားကြောင့် ကာလမျက်နှာ ဝင်းထိန်သွားသည်။

'ဖခင် အကယ်ပေးမည်လော'

သူဌေးကြီးအား မယုံသင်္ကာဖြင့် ပြန်မေးလိုက်သည်။

'အိမ်း၊ ချစ်သား တကယ်ပေးမည်၊ တရားကိုသာ နာချေလော့'

သူဌေးကြီးက ဤသို့ပြောလိုက်လျှင် ကာလသည်....

'ကောင်းပါပြီဖခင်'ဟု ဆိုကာ ထွက်ခွာသွားလေတော့သည်။

* * *

'ဖခင်၊ ကျွန်ုပ် ဘုရားကျောင်းတော်သို့သွား၍ တရားနာပြီး ပြန်လာခဲ့ပြီ၊ အသပြာတစ်ရာပေးလော့'

ကာလသည် ညနေစောင်းသည်နှင့် အိမ်ပြန်လာကာ သူဌေးကြီးအား ငွေတစ်ရာ တောင်းလိုက်သည်။

'ချစ်သား၊ ထမင်းအလျင် စားဦးလော့'

သူဌေးကြီးက သူ့သားကာလ ကျောင်းတော်သို့ အကယ်ပင် တရားသွားနာသည်ဟင်၍ ကြင်နာစွာဖြင့် ထမင်းကို အလျင်စားခိုင်းခြင်းဖြစ်သည်။ သို့သော်လည်း ကာလကားထမင်းကို မစားသေး၊ ဖခင်ထံမှ အသပြာတစ်ရာကို ထပ်တောင်းလေသည်။

'ဖခင်၊ ကျွန်ုပ်အား အသပြာတစ်ရာကို အလျင်ပေးပါ၊ အသပြာယူပြီးမှ ထမင်းစားပါမည်'ဟု ပြောလိုက်သည်။

သူဌေးကြီးသည် မိမိကတိရှိသည့်အတိုင်း သားကာလအား အသပြာတစ်ရာကို ထုတ်ပေးလိုက်လေသည်။

ကာလသည် ထိုသို့ ဖခင်ထံမှ အသပြာတစ်ရာကို နေ့တိုင်းယူလေသည်။ စင်စစ် ကာလသည် ကျောင်းသို့လည်းမသွား၊ တရားတော်ကိုလည်း မနာယူချေ။ တစ်နေ့ရာဝင်အိပ်၍ လည်းကောင်း၊ အပေါင်းအသင်းများနှင့် ပျော်ပါး၍လည်းကောင်းနေပြီးလျှင် ညနေစောင်းမှ ပြန်လာခြင်းဖြစ်သည်။

ပထမတွင် ဖခင်သူဌေးကြီးသည် သူ့သားကာလအား ထိုမျှဖြင့် ကျောင်းသို့သွား၍ တရားနာပါသည်ဟု ဝမ်းသာကြည်နူးနေလေသည်။ သို့သော်လည်း လေးငါးရက်မြောက်တွင် ကာလ၏ အပြုအမူကို ရိပ်မိဟန်တူလေသည်။

ထို့ကြောင့် တစ်နေ့တွင် ကာလအားခေါ်၍....

'ချစ်သားကာလ၊ ချစ်သား ကျောင်းသို့ တရားနာသွားနေသည်မှာ ကြာပြီ၊ ဒီအတိုင်းနာရုံမျှဖြင့် မပြီးသေး၊ တရားတစ်ခုခုကို မှတ်နိုင်မှ တန်ဖိုးရှိသည်၊ ချစ်သား ယနေ့ ဘုရားရှင် ဟောကြားသော တရားတော်ကို တစ်ခုခု မှတ်သားခဲ့၊ အသပြာ တစ်ထောင်ပေးအံ့'

ကာလသည် အသပြာတစ်ထောင် ပေးမည်ဟု ဖခင်ကြီးက ပြောလေလျှင် မိတ်တွေ ဝေဖြာလျက်ရှိသည်။

တစ်နေ့တည်းနှင့် ငွေအသပြာတစ်ထောင်ရသည်မှာ နည်းသောငွေမဟုတ်၊ ပင်ပန်းကြီးစွာလည်း လုပ်ရသော အလုပ်မဟုတ်။ တရားတစ်ပုဒ်မှတ်၍ ဖခင်ကြီးအား ပြောပြနိုင်လျှင် ငွေတစ်ထောင်ရမည်။ ဤကိစ္စကား ဘာမျှခက်ခဲသော ကိစ္စမဟုတ်၊ ငွေရခရီးသာ လိုရင်းဖြစ်သည်ဟု ကာလ တွေးတောပြီး…

'ကောင်းပါပြီဖခင်၊ ကျွန်ုပ် မှတ်သားလာခဲ့ပါမည်'

ကာလသည် လွယ်ကူစွာပင် ဖခင်အားပြောပြီး မကျောင်းသို့ ထွက်သွားလေသည်။

ညနေရောက်သော် သူဌေးကြီးသည် အသပြာ တစ်ထောင် ထုပ်ကိုကိုင်၍ ကာလ အလာကိုသာ ကြည့်နေသည်။

ကာလသည်း တရားတော်ကိုနာပြီး အိမ်သို့ ပြန်လာခဲ့သည်။ သူဌေးကြီးသည် သူ့သားကာလ လာနေသည်ကို လှမ်းမြင်နေရသည်။ ကာလကို သူဌေးကြီးသည် အကဲခတ်နေသည်။ ကာလကို ကြည့်ရသည်မှာ ယခင်ပုံစံနှင့်မတူ၊ လျှပ်ပေါ်လော်လီခြင်း မရှိသော လာခြင်းဖြင့် လာနေသည်၊ အခါတိုင်းဆိုလျှင် လူငယ်တို့ဘာဝ ခုန်ပေါက် ပြေးလွှားပြီးလျှင် ပျော်ကဲ့သို့ဖြစ်သည်။ ယခု တည်ငြိမ်အေးဆေးစွာ လျှောက်လာနေသည်ကို တွေ့ရသဖြင့် သူဌေးကြီးအံ့သြနေသည်။

'အဘယ်နည်း ချစ်သား၊ ဘုရားရှင် ဟောကြားသော တရားတော်ကို မှတ်သားခဲ့ပါ၏လော၊ ငါ့အား တစ်ဖန် ပြန်၍ ဟောကြားလော့၊ သင့်အား အသပြာတစ်ထောင်ပေးရန် အသင့်တည်း'

သူဌေးကြီးသည် ကာလ သူ့အနီးတွင် ရှိသောလာထိုင်သောလျှင် အသင့်ကိုင်ထားသော အသပြာထုပ်ကိုပြ၍ ပြောလိုက်သည်။

'ဖခင်၊ ဘုရားရှင်ဟောကြားသော တရားတော်ကို ဖခင်အား ကျွန်ုပ်တစ်ဆင့် ဟောကြားပါမည်၊ သို့သော်လည်း ဖခင်၏ အသပြာ တစ်ထောင်ကို ကျွန်ုပ် အလိုမရှိတော့ပါ'

ကာလသည် သူဌေးကြီးလက်ထဲမှ ငွေတစ်ထောင်ထုပ်ကို ရှက်ရွံ့စွာကြည့်၍ ပြောလိုက်သည်။

'ချစ်သား၊ သင်အသို့ ဖြစ်လာသနည်း'

သူဌေးကြီးသည် ကာလအား နားမလည်စွာ မေးလိုက်သည်။

'ဖခင် ကျွန်ုပ်သည် ဖခင်ထံမှ ငွေအသပြာတစ်ထောင်ကိုအလို ရှိသဖြင့် ဘုရားရှင်ဟောကြားသော တရားတော်ကိုနာ၍ တစ်ပုဒ်မျှ မှတ်ပြီးလျှင် ဖခင်အား ပြန်ပြောအံ့ဟု စိတ်ကူးမိပါသော်လည်း အကြယ် တရားနာရသောအခါ ဘုရားရှင်၏ ကြည်လင်ပြတ်သားသော အသံကော်၊ ကောင်းမြတ်သော တရားဒေသနာတော်များဖြစ်သဖြင့် ဆက်လက်နာယူရာ ကျွန်ုပ် တရားယူ ရခဲ့ပါသည် ဖခင်၊ ထို့ကြောင့် အသပြာတစ်ထောင်ကို မယူလိုခြင်း ဖြစ်ပါသည်၊ လိမ်ညာ၍ယူခဲ့သော အသပြာများအတွက်ပင် ရှက်မိပါသည်။

ကာလက ဤသို့ပြောပြီး ဘုရားရှင်ဟောကြားသော တရားတော်ကို ဖခင်သူဌေးကြီးအား တစ်ဆင့် ဟောပြောလိုက်လေသည်။

'ချစ်သား၊ တော်ပေစွ....တော်ပေစွ၊ သာဓု သာဓု သာဓု'

ဖခင်သူဌေးကြီးသည် သားကာလအား ပွေ့ဖက်ပြီးမှောင် ကောင်းချီးပေး၍ သာဓုသုံးကြိမ် ခေါ်လိုက်လေသည်။

* *

အနာထပိဏ်သူဌေးကြီးသည် သားကာလအတွက် စိတ်ချမ်းသာရသော်လည်း သမီးသုမနဒေဝီအတွက် သောကရောက်ရပြန်သည်။

သူဌေးကြီးသည် သမီးများဖြစ်ကြသော မဟာသုဘဒ္ဒါနှင့် စူဠသုဘဒ္ဒါကို အိမ်ထောင်ကျသွားကြသဖြင့် သံဃာတော်များ လုပ်ကျွေးရန် သမီးငယ် သုမနဒေဝီအား မိမိကိုယ်စားထားသည်။

သမီးငယ်သည် ပျို့ရွှယ်စဉ်မှာပင် အနာရောဂါစွဲကပ်၍ သေရှာလေသည်။ သူဌေးကြီးသည် ဘတ္တဝါမှန်သမျှ သေခြင်းတရားသည် သာလျှင် အဆုံးရှိ၏ဟု မသောတာပန်ပိပိ သဘောပေါက်ပါသည်။ သို့ရာတွင် သုမနဒေဝီသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆည်းကပ်လုပ်ကျွေးနေသူဖြစ်လျက် သေခါနီးဝယ် မပြောသင့်သော စကားများကို ကယောင်ချောက်ချားဖြင့် ပြောမိပြောရာ သူဌေးကြီး အား ပြောသွားသဖြင့် သူဌေးကြီး ပရိဒေဝ ဖြစ်နေခြင်းဖြစ်သည်။ အထူးအားဖြင့် သူဌေးကြီးသည် သမီးငယ် ကာတိမှောက်မှားသွားပြီ ထင်နေသောကြောင့်ဖြစ်သည်။

သမီးငယ် မသေဆုံးမီတွင် သူဌေးကြီးသည် မိမိအား ပြောသွားသော၊ ခေါ်သွားသောစကားကို အမှတ်ရနေသည်။

'ချစ်သမီး၊ ဘယ်လိုနေသနည်း'ဟု သူဌေးကြီးက မေးလေလျှင်၊ သမီးငယ် သုမနဒေဝီက....

'မသက်သာ မောင်ကလေး'ဟု ပြန်ဖြေလေသည်။

'ယောင်ယမ်းနေသလော ချစ်သမီး'ဟု မေးပြန်ရာ....

'မယောင်ယမ်းပါ မောင်ကလေး'ဟု ဖြေပြန်သည်။

'ကြောက်နေသလော ချစ်သမီး'ဟု သူဌေးကြီးက ထပ်မေးပြန်ရာ....

'မကြောက်ပါ မောင်ကလေး'ဟု ပြန်ဖြေလေသည်။

သမီးသုမနဒေဝီသည် ဤမျှသော စကားများကိုပြောပြီး သေသွားရှာလေသည်။ ထို့ကြောင့် သမီးအတွက် စိတ်မချမ်းမသာ သောကရောက်နေရခြင်းဖြစ်သည်။

* * *

အနာထပိဏ်သူဌေးကြီးသည် သမီးသုမနာ၏ ဈာပနကြောင့် ဘုရားကျောင်းတော်သို့ မရောက်သည်မှာ တစ်ပတ်ခန့် ရှိနေသဖြင့် ယနေ့ ဘုရားကျောင်းတော်သို့ ဘုရားရှင်အား ဖူးမြော်ရန် ထွက်လာခဲ့သည်။

'သူဌေးကြီး အဘယ့်ကြောင့် နှလုံးမသာမယာမျက်နှာမကြည်မလင် ဖြစ်နေသနည်း'

ဘုရားရှင်သည် ဦးချဖူးမြော်ကန်တော့နေသော သူဌေးကြီးအား မေးလိုက်လေသည်။

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား...တပည့်တော်၏သမီး သုမနာဒေဝီ သေရှာလေပြီဖြစ်သောကြောင့် ဖြစ်ပါသည်'

သူဌေးကြီးက မြတ်စွာ ဘုရားအား လျှောက်ထားလိုက်သည်။

'သူဌေးကြီး အဘယ့်ကြောင့် စိုးရိမ်သောက ဖြစ်ဘိသနည်း၊ သတ္တဝါဟူသမျှ သေမြဲဖြစ်သည်ကို မသိသလော' ဟု ဘုရားရှင်က မေးလေသည်။

'ရှင်တော်ဘုရား...တပည့်တော်သည် သူ့ခပ်သိမ်းတို့ သေခြင်းတရားရှိသည်ကို သိပါ၏ဘုရား၊ သိသော်လည်း အရှက်အကြောက်ရှိသော တပည့်တော်သမီးသည် သေခါနီးဝယ် သတိကိုမအောက်မေ့နိုင်ရှာဘဲ ယောင်ယမ်းလျက် သေလေသောကြောင့် အတိုင်းမသိ စိုးရိမ်သောက ဖြစ်နေခြင်း ဖြစ်ပါတော့သည်' ဟု သူဌေးကြီးက လျှောက်ထားလိုက်သည်။

'သူဌေးကြီး၊ သင့်သမီးသည် အဘယ်စကားကို ယောင်ယမ်းသနည်း' ဟု ရှင်မြတ်ဘုရားက မေးတော်မူလိုက်သည်။

သူဌေးကြီးသည် သမီးသုမနာဒေဝီနှင့် မိမိတို့ပြောဆိုခဲ့ကြသော အကြောင်းကို ရှင်တော်ဘုရားအား အလုံးစုံလျှောက်ထားလိုက်သည်။

'သူဌေးကြီး သင့်သမီးသည် ယောင်ယမ်း၍ ဆိုသည် မဟုတ်ပေ'

'ဘုန်းတော်ကြီးသောဘုရား၊ သို့ဖြစ်လျှင် အဘယ့်ကြောင့် မဟုတ်မတရား ဆိုလေရှာသိသနည်း'

သူဌေးကြီး သုမနဒေဝီအာ ဆင့်အား'မောင်လေး'ဟုခေါ်ခြင်းကား ဖခင်မှန်းမသိ၍ ခေါ်ခြင်းမဟုတ်ပေ။ မဂ်—ဖိုလ်အရ သင်သူဌေးကြီးသည် သင့်သမီးထက်ငယ်သောကြောင့် မောင်လေးခေါ်ခြင်းဖြစ်သည်။ သင်ကား သောတာပန်သာဖြစ်၍ သင့်သမီးကားသကဒါဂါမ်ဖြစ်သည် သူဌေးကြီး၊ ထို့ကြောင့် သင့်အား မောင်လေးခေါ်ခြင်းဖြစ်ပေသည်ဟု ရှင်တော်မြတ်က သူဌေးကြီးအား ရှင်းလင်းမိန့်မြွက်ကြားလိုက်လေသည်။

'ဪ....သို့ကြောင့်ခေါ်သလော မြတ်စွာဘုရား'

သူဌေးကြီးက ကြည်နူးစွာ မေးလျှောက်ထားလိုက်သည်။

'အေး...ဟုတ်ပေသည်သူဌေးကြီး'

'ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ ယခု သုမနဒေဝီသည် အဘယ်မှာ ဖြစ်နေရှာလေသနည်း'

သူဌေးကြီးသည် သမီးငယ်ဖြစ်ရာဘုံဌာနကို သိလိုသဖြင့် မြတ်စွာဘုရားရှင်အား လျှောက်ထားလိုက်သည်။

'သူဌေးကြီး သင့်သမီး သုမနဒေဝီသည် ယခုအခါ တုသိတာနတ်ပြည်တွင် ဖြစ်လေသည်' ဟု မိန့်တော်မူလိုက်သည်။

သူဌေးကြီးသည် သုမနဒေဝီ၏လားရာကတိကို သေချာစွာသိရလေလျှင် စိုးရိမ်သောက ပျောက်ကာ ချမ်းသာပီတိ ဖြစ်ရလေတော့သတည်း။

(ဓမ္မပဒ အဋ္ဌကထာမှ ဝတ္ထုနှစ်ပုဒ်ကို ဆက်စပ်ရေးပါသည်။)



၇။ အရှက်ကွဲ၍ တရား၇

ပုဏ္ဏား၊ ငါကား ထူးခြားရှိမှုဖြင့် မဟော၊ အချို့ကား တစ်ဆင့်ကြားရှိမှုဖြင့် ဝန်ခံကြသည်။ အချို့ကား ယုံကြည်ကာမှုဖြင့် ဝန်ခံကြသည်။

အချို့ကား ကိုယ်တိုင်ဟုတ်မှန်စွာသိသောအားဖြင့် ဝန်ခံကြသည်။

ထိုသူတို့တွင် ငါဘုရားကား ကိုယ်တော်တိုင်ဟုတ်မှန်စွာသစ္စာလေးပါးကို ထိုးထွင်း၍ သိသောကြောင့် ဗုဒ္ဓဟု ဝန်ခံခြင်းဖြစ်သည်။

## အရှက်ကွဲ၍ တရား၇

‘ဟပ်ချိုး....ဗုဒ္ဓါ’

ဓနဉ္စာနီပုဏ္ဏေးမကြီးသည် အမှတ်မထင် နှာချေလိုက်သည်။ ပုဏ္ဏေးမကြီး နှာချေလိုက်သည်ကို သာဂါ၍ ပုဏ္ဏားကြီးသည် မကျေမနပ်နှင့် ကြည့်လိုက်ပြီး

‘ဟ....နှာချေတာ ရိုးရိုးချေပါကွ၊ ဘာကြောင့် ဗုဒ္ဓါက ပါလာရတာလဲ၊ ဒါကြီးကို မရွတ်ဆိုစမ်းပါနဲ့’ဟု ငေါက်ငမ်းလိုက်သည်။

ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီးအား ဘာမှပြန်မပြောဘဲ သူလုပ်စရာရှိသည့်အလုပ်များကိုသာ ဆက်လက် လုပ်ကိုင်နေသည်။

ယခင်က ဤပုဏ္ဏေးမကြီးသည် ‘ဗုဒ္ဓါ’ ဆိုသောစကားကို ရွတ်ဆိုလေ့မရှိ။ ယခုမှ ဘယ်ကဘယ်လို ‘ဗုဒ္ဓေါ’ ဆိုသောအကျင့်ကို ရလာသည်မသိရပေ။

သည် ဗုဒ္ဓေါဆိုသောအသံကို ပုဏ္ဏားကြီးသည် အမုန်းဆုံးဖြစ်သည်။ မမုန်းနေမည်လား။ ဘာမှမသိတတ်သည့် သာကီဝင်မင်းမျိုးမှ ဆင်းသက်လာသော သိဒ္ဓတ္ထက သူ့ကိုယ်သူ ဗုဒ္ဓ အမည်ခံ၍ လောကတွင် သူသာအတတ်ဆုံး၊ အမြတ်ဆုံးဟု ကြွေးကြော်နေသည်။ ဤသည်

ကို သင်္ဂါရဝပုဏ္ဏားကြီးက လက်မခံနိုင်ချေ။ လောကတွင် ပုဏ္ဏားမျိုးသာ အမြတ်ဆုံးဖြစ်သည်ဟု မာနထောင်လွှားနေသည်။

ကမ္ဘာဦးတည်ကတည်းက မဟာဗြဟ္မာကြီး၏ ခံတွင်းမှဆင်းသက်လာသူများမှာ သူတို့ ပုဏ္ဏားခေါ်သော ဗြာဟ္မဏများသာဖြစ်သည်ဟု ယုံကြည်နေသည်။

အချင့် 'ဝဇ္ဇာ' တွင်လည်း သူတို့သာအမြတ်ဆုံး၊ ပညာတွင်လည်း သူတို့သာအတတ်ဆုံးဟု ခံယူထားသည်။ ထို့ကြောင့် 'ဗုဒ္ဓ' ကို အထင်လည်းမကြီး၊ ရှုလည်း မရှိသေး၊ လေးစားရကောင်းမှန်းလည်း မသိပေ။ ထိုကဲ့သို့သောသူ၏ နာမည်ကို သူ့ဇနီးနှုတ်မှထွက်လေသော အခါ မခံချိမခံသာ နားထောင်၍မရချေ။ ဗုဒ္ဓေါဆိုသောအသံကြားရသည်မှာ ပုဏ္ဏားကြီးအဘွက် နားကလောလှသဖြင့် သူ့ဇနီး မနဥ္စသိ ပုဏ္ဏေးမကြီး မရွတ်ဆိုရန်တားမြစ်လိုက်ခြင်း ဖြစ်သည်။

* * *

ဟပ်ချိုး....ဗုဒ္ဓေါ'

ပုဏ္ဏေးမကြီးသည် ပုဏ္ဏားရှေ့တွင် သတိထားသည့်ကြားမှ ထွက်ဖြစ်အောင် ထွက်သွားသည်။

'ဟေ့....ဒီစကားကို မရွတ်ဆိုပါနဲ့ဆိုတာ ပြောလို့မရဘူးလား သပေါက်မရဲ့ အမျိုးယုတ်မရဲ့'

သင်္ဂါရပုဏ္ဏားကြီးသည် သူ့ဇနီးထံမှ 'ဗုဒ္ဓေါ' စကားလုံးကို ထပ်၍ကြားရလျှင် ဆဲဆိုကြိမ်းမောင်းလေတော့သည်။

'နေပါဦး ပုဏ္ဏားကြီးရယ်၊ ဒီဗုဒ္ဓေါရွတ်မိတာနဲ့ ပုဏ္ဏားကြီးမှာ ဘာဖြစ်ထိခိုက်နေလို့လဲ' ပုဏ္ဏေးမကြီးက ချိုအေးစွာပြန်မေးလိုက်သည်။

'မထိခိုက်ဘဲနေမလားကွာ၊ မင်းက တို့အမျိုးလောက်မှမမြတ်တဲ့ ရှင်ကြီးဂေါတမကို တမ်းတရှိခိုးတာ သိကွာကျတာပေါ့၊ အေး ငါ့ဆာ မရှိခိုးပါနဲ့လို့ပြောလျက်နဲ့ နောက် ရှိခိုးရင်တော့ အသေပဲ'

သင်္ဂါရဝပုဏ္ဏားကြီးက ခပ်မာမာပြောလိုက်သည်။

ပုဏ္ဏေးမကြီးသည် စကားနည်းရန်စဲသဘောမျိုးဖြင့် တုဖက်ပြိုင်၍ မပြောမနေတော့ဘဲ ထွက်သွားတော့သည်။

ပုဏ္ဏားကြီးကမူ သူ့ဇနီးအား မကျေနပ်သော မျက်စောင်း တစ်ချက် ထိုးလိုက်လေသည်။

* * *

'ကဲ…ဗိုဟုဒ္ဓေါကို မရှိခိုးပါနဲ့ဆိုတာ ရှိခိုးချင်ဦးကွာ၊ ရှိခိုးချင်ဦး'

သင်္ဂါရဝပုဏ္ဏားကြီးသည် သူ့ဇနီးထံမှ 'ယပ်ချီး ဗုဒ္ဓေါ' ဆိုသောအသံ ထွက်ပြန်သဖြင့် လုံးပ သည်းခံခြင်းငှာ မစွမ်းနိုင် တော့ဘဲ သူ့ဇနီးဖြစ်သော ဓနဉ္စာနီပုဏ္ဏေးမကြီးကို ခြေဖြင့် ကန် ကျောက် တံတောင်ဖြင့်ထောင်းတော့သည်။

ပုဏ္ဏေးမကြီးသည် ပုဏ္ဏားကြီး ရိုက်နှက်သမျှကို ဘာမှလည်း ပြန်မပြော ပြန်မလုပ် ငုတ်တုတ်ငုံ့ခံနေလိုက်သည်။

စင်စစ် ပုဏ္ဏေးမကြီးသည် မြတ်စွာဘုရားရှင်၏ တရားတော် ကို နာကြားရသဖြင့် သောတာပန်ဖြစ်နေပြီ။ ဘုရား၊ တရား၊ သံဃာ တည်းဟူသော ရတနာသုံးပါးကို မကြည်ညိုမကိုးကွယ် မဆည်းကပ် ရဟုဆိုလျှင် အသက်သာ အသေခံပေမည်၊ ရတနာသုံးပါးကိုကား စွန့်လွှတ်မည်မဟုတ်ပေ။

သင်္ဂါရပုဏ္ဏားကြီးသည် သူ့ဇနီး ဘုရားသာဝက အရိယာ သောတာပန်ဖြစ်နေသည်ကို မသိချေ။ ပုဏ္ဏေးမကြီးကလည်း ပြော မထားချေ။ ပြောထားလိုက်သည်ပင်မဖြစ်ပေ။ သင်္ဂါရဝပုဏ္ဏားကြီးသည် မြတ်စွာဘုရားရှင်အား ငြိုးသူရန်သူကဲ့သို့ သဘောထားနေသော ကြောင့် ဖြစ်လေသည်။

'ဒါ...မင်းကိုရိုက်တာ ပဏာမဆုံးပဲ၊ နောက်တစ်ခါ ဗုဒ္ဓါဆို တဲ့အသံ မင်းနှုတ်က ထွက်ဝံ့ထွက်လာရင်း၊ အသေသတ်ပစ်မယ်'

သင်္ဂါရပုဏ္ဏားကြီးသည် သူ့ဇနီးအား ခြိမ်းခြောက်နေသည် မဟုတ်ပေ။ ထိုစဉ်က လူ့ဒွန္တမှုစနစ်အရ ဘုရင်က တိုင်းသူပြည်သား များကို ပိုင်သလို ယောကျ်ားများကလည်း ဇနီးမယားများကို ရိုက် နှက် သတ်ပိုင်ခွင့်ရှိသည်ဟု ဆိုကြလေသည်။

ပုဏ္ဏေးမကြီးသည် သင်္ဂါရဝ ပုဏ္ဏားကြီးအား ခွန်းတုံ့မပြန် အထူးအထွေလည်း ပြောမနေတော့ဘဲ ပကတိ တည်ကြည်စွာ ပုဏ္ဏားကြီးအနီးမှ ထွက်ခွာသွားလေသည်။

* * *

သင်္ဂါရဝပုဏ္ဏားကြီးသည် လွန်စွာ စိတ်ညစ်၍နေလေသည်။ မညစ်နေမည်လား၊ သူ့ဇနီးသည် နှာချေဆတ်လေတိုင်း တစ်စုံတစ်ရာ ဖြစ်လေတိုင်း ဗုဒ္ဓါကား ရွတ်ဆိုသည်ချည်းသာ ဖြစ်ချေသည်။

ကြာလာတော့လည်း ဆိုဆဲသူ၏အသံသာ လူကြားသည်။ ရိုက်နှက်သူသာ လက်ပျော့ရသည်။ သူ့ဇနီးပုဏ္ဏေးမကား ဗုဒ္ဓေါ မရွတ်ဆိုရန် ပြော၍မရတော့။ ပုဏ္ဏားကြီးသည် ဗုဒ္ဓေါသံကိုကြား လေတိုင်း မိုးကြိုးပစ်သံတမျှ သူ့နားကြောင် အခံရဆိုးလေသည်။ သို့ သော်လည်း ပုဏ္ဏားကြီး ဘာမှ တတ်နိုင်။

သည့်အသံကိုမကြားချင်လျှင် သည့်မိန်းမကို စွန့်ပစ်ရန်သာ ရှိချေသည်။ သို့ဖြစ်သည့်တိုင် ငယ်စဉ်ကတည်းက ပေါင်းလာသော ဇနီးမယားဖြစ်၍ သံယောဇဉ်အမြစ် တွယ်နေရကား စွန့်လည်းမစွန့် ရက် ဖြစ်နေပေသည်။

ဤသို့ ဇနီးကို မစွန့်ပစ်နိုင်သောအခါ ကြက်မနိုင် ကျီမီးရှို့ ဆိုသကဲ့သို့ လောကသုံးပါးတွင် သူ့သာအတတ်ဆုံး အမြတ်ဆုံးဆိုသော သိဒ္ဓတ္ထတဖြစ်လဲ ဂေါတမအမည်ခံ ဗုဒ္ဓဟုဆိုသူကိုသာ ဓားဖြင့် နုတ် နုတ်စဉ်းပစ်ချင်စိတ် ပေါက်နေမိတော့သည်။

သူ့ဇနီး ဗုဒ္ဓေါ—ဗုဒ္ဓေါဟု ရွတ်ဆိုနေသည်မှာ သင်္ဂါရဝ ပုဏ္ဏားကြီး ကြားနေရုံဖြင့် အကြောင်းမဟုတ်၊ သူကဲ့သို့ ဝေဒဗေဒင် ဝေဒသုံးပုံဆောင် ပညာတတ် ပုဏ္ဏားကြီးတွေများ ကြားသွား ပါလျှင် သင်္ဂါရဝပုဏ္ဏား အရှက်ကွဲမည်ဖြစ်လေသည်။

သင်္ဂါရဝပုဏ္ဏားကြီးအိမ်တွင်လည်း စရဏနှင့်ပြည့်စုံကုန်သော ဝေဒသုံးပုံဆောင် ပညာတတ်ပုဏ္ဏားကြီးများကို အခါအားလျော်စွာ ထမင်းဖိတ်ကျွေးလေ့ ရှိပေသည်။

လာမည့် တစ်ရက်နှစ်ရက်အတွင်းမှာပင် ပုဏ္ဏားကြီးများအား သင်္ဂါရဝပုဏ္ဏားအိမ်တွင် နို့ထမင်းကျွေးရန် ဖိတ်ထားလေသည်။ ထိုအချိန်တွင် သူ့ဇနီးသည် ပညာတတ် ပုဏ္ဏားကြီးများရှေ့ဝယ် ဗုဒ္ဓေါဆိုသောစကားသံ ရွတ်ဆိုချေသော် သင်္ဂါရဝပုဏ္ဏားကြီး မုချ အရှက်ကွဲပေတော့မည်။

သည့်ကိုစွန့်ပစ်သက်၍ ကြိုတင်ကာ ပုဏ္ဏေးမကိုပြောထားမှ ဖြစ်ပေလိမ့်မည် ဆုံးဖြတ်ကာ သူ့ဇနီးအား အကျိုးအကြောင်းနှောပြောလေတော့သည်။

ပုဏ္ဏားကြီးကခေါ်သဖြင့် ပုဏ္ဏေးမကြီးသည် သင်္ဂါရဝပုဏ္ဏား ကြီးအနီး၌ ရိုကျိုးစွာလာထိုင်သည်။

'ရှင်မပုဏ္ဏေးမရေ…လာမည့် နှစ်ရက်မြောက်မှာ တို့အိမ်မှာ ဝေဒသုံးပုံဆောင် ပညာတတ် ပညာရှိကြီးများကို နို့ထမင်းကျွေးဖို့ ဖိတ်ထားတာ မင်းလဲအသိပဲနော်၊ အဲဒီအချိန်မှာ မင်းနှုတ်က ဗုဒ္ဓေါ

ဆိုတဲ့အသံ ယောင်လို့တောင် မထွက်မိပါစေနဲ့ကွာ၊ ပုဏ္ဏားကြီးတွေ ရှေ့မှာ အဲဒီစကားသာထွက်ရင်တော့ မင်းကို ချမ်းသာမပေးနိုင်ဘူးဗျ၊ အသေသတ်ရလိမ့်မယ်' ဟု ပြောဆိုထားလေသည်။

ပုဏ္ဏေးမကြီးကလည်း....

'ဟုတ်ကဲ့ပါတော်၊ ကျွန်မ မရွတ်ဆိုမိအောင် သတိထားနေပါ့မယ်၊ စိတ်ချသာနေပါ' ဟု အထပ်ထပ် ကတိပေးလိုက်လေသည်။

* * *

သင်္ဂါရဝပုဏ္ဏားကြီးနှင့် ဓနဉ္စာနီပုဏ္ဏေးမကြီးတို့သည် ဝေဒ သုံးပုံဆောင် ပညာတတ်ပုဏ္ဏားကြီးငါးရာ ထမင်းစားကြွရောက်လာ တော့မည်ဖြစ်၍ အခြွေအရံများနှင့် ပြင်ဆင်လျက်ရှိကြလေသည်။

မကြာမီ ပုဏ္ဏားငါးရာတို့သည် သင်္ဂါရဝ ပုဏ္ဏားအိမ်သို့ ထမင်းစား ကြွရောက်လာကြလေသည်။

ပြင်ထားသော ထမင်းပွဲများတွင် ပညာတတ် သမဏဗြာဟ္မဏ များ အသီးသီးထိုင်မိကြလေလျှင် ဓနဉ္စာနီပုဏ္ဏေးမကြီးသည် နို့ ထမင်း လိုက်ထည့်ပေးနေလေသည်။ သူ့နှုတ်မှ ဗုဒ္ဓေါဆိုသော စကားကို မရွတ်ဆိုမိရန် သတိထားနေရသည်။ သို့သော် ထားနေသည့် ကြားမှ သတိထားကြီးလှန်းပြန်လျှင်လည်း ဖြစ်တတ်သည့် သဘာဝ အတိုင်း နို့ထမင်းတစ်ပွဲသည် မတော်တဆ လွတ်ကျသွားလေသည်။

လွတ်ကျသွားသည်နှင့် တစ်ပြိုင်နက် ဓနဉ္စာနီ ပုဏ္ဏေးမကြီး နှုတ်မှ....

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'

ဟု အစအဆုံး ဘုရားရှိခိုးကို ရွတ်ဆိုမိလျက်သား ဖြစ်သွား တော့သည်။

ထို နေ့ညနေခ ပုဏ္ဏေးမ၏ ရှတ်ဆိုသံကိုကြားလိုက်ရသော ညော်သည်သမဏာဗြာဟ္မဏတို့သည် ပွက်လောရိုက်ကာ ရှုတ်ရှတ်ယဲသဲ ဖြစ်သွားလေတော့သည်။

'ဗုဒ္ဓကိုတပည့်ခံတဲ့ ဗြာဟ္မဏ ဇာတ်ပျက်ရဲ့ယမင်းကို တို့မစား တော့ဘူးယေ့' ဟု ဆိုတ်ဆို မာန်ဆိုး အမျိုးမျိုး ဆဲဆိုကဲ့ရဲ့ကြပြီးလျှင် အလျိုလျို ထပြန်သွားကြလေတော့သည်။

သင်္ဂါရဝ ပုဏ္ဏားကြီးက တိုလျှိုး တောင်းပန်သော်လည်း တစ်ဦးတလေပင် မနေနိုကြ မစားကြတော့ပေ။

ပုဏ္ဏားများ ထပြန်သွားသောအခါ သင်္ဂါရဝပုဏ္ဏားကြီးသည် ဆတ်ဆတ်တုန်သည်အထိ သူ့ဇနီးကို ဒေါသထွက်မိလေသည်။

'ဟဲ့ အယုတ်တမာမ၊ နင့် ဒီဇဂါတမကို ဗြာဟ္မဏတွေရှေ့ မတမိအောင်နေပါလို့ ငါအထပ်တန်ပြောထားတဲ့ကြားက တမိ အောင်တတယ်။ ရှတ်ဆိုမိအောင် ရှုတ်ဆိုတယ်။ နင့်ကြောင့် ငါအရှက် ကွဲရပြီ၊ နင့်ကို ငါအသေသတ်မယ်' ဟုဆိုကာ ဓားကိုဆွဲပြီး ပုဏ္ဏေးမ ကြီးအား ခုတ်ပိုင်းရန် လုပ်လေတော့သည်။

ပုဏ္ဏေးမကြီးသည် သူ့ခင်ပွန်းက သူ့အားသတ်ရန် ဓားဖြင့် ချိန်ရွယ်နေသော်လည်း မကြောက်မရွံ့၊ စိုးရိမ်သောကမျှပါဒတို့ တင်းမဲ့စွာ ငြိမ်သက်သောလက္ခဏာဖြင့်....

'ပုဏ္ဏားကြီး၊ ကျွန်မကို ရှင်ပြုချင်သလိုအားပြုပါ၊ ကျွန်မခံပါ့ မယ်၊ ဗုဒ္ဓေါင်ကို တော့မရှုတ်ဆိုဘဲ မနေနိုင်ပါ။ ကျွန်မဟာ ရှင့်မယားဖြစ် လို့ ရှင့်ဆန္ဒအတိုင်းသာ စီရင်ပါ' ဟု မတုန်မလှုပ်သောအသံဖြင့် ပြောလိုက်လေသည်။

သင်္ဂါရဝ ပုဏ္ဏားသည် ဓားမြှောက်လျက် သူ့ဇနီးမျက်နှာကို ကွက်ခနဲလှမ်းကြည့်လိုက်သည်။ သူ့ဇနီးကား ဘာမှမဖြစ်သလို တည်တည်ကြည်ကြည် အေးအေးဆေးဆေးဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့ဩနေလေသည်။

ဓားကို မြှောက်ကိုင်ထားသောလက်သည်လည်း အောက်သို့ ကျသွားရလေသည်။

'နေပါဦး၊ ငါကသတ်မည့်လုပ်တာတောင် မင်းက မတုန်မလှုပ် ကျောက်ရုပ်လိုပါပဲလား' ပုဏ္ဏားကြီးက သူ့ဇနီးအား မေးလိုက်သည်။

'ပုဏ္ဏားကြီး လောကမှာ သတ္တဝါဟူသမျှ သေခြင်းတရားကို မည်သူမှမလွန်ကြပါ၊ ယခု ရှင်မသတ်သော်လည်း တစ်နေ့ကျ မုချ သေရမည်သာဖြစ်သောကြောင့် ကျွန်မ ကြောက်ခြင်း ထိတ်လန့်ခြင်း မရှိပါ၊ သေခြင်းတရားသည် မြဲ၏လို့ မြတ်ဗုဒ္ဓကိုယ်တော်တိုင် ဟောတော်မူထားပါတယ် ပုဏ္ဏားကြီး'

ပုဏ္ဏားမကြီးက တစ်လုံးချင်းပြတ်သားစွာ ပုဏ္ဏားကြီးအား ပြောလိုက်သည်။

'ဟော မင်း ဒီဘာမဟုတ်တဲ့ အောက်တန်းစားဂေါတမကိုပဲ ချီးကျူးနေပြန်ပါလား၊ ပခုံးကစ်ဖက်ဖော်နဲ့ ဝါညစ်ညစ်အဝတ်ကို ဝတ်ထားတဲ့ ဥပြည်တော့တုံးတိုမျှသာ သွားပြီး အထင်ကြီးနေပလေ့'

သင်္ဂါရပုဏ္ဏားကြီးသည် မြတ်စွာဘုရားအား ကဲ့ရဲ့ပြစ်တင် ရှုတ်ချလေသည်။

'ပုဏ္ဏားကြီး ရှင်ဟာ မြတ်စွာဘုရားရဲ့ သီလပညာတော်ရဲ့ ဂုဏ်ကျေးဇူးကိုမသိသေး၍သာ ရှုတ်ချကဲ့ရဲ့နေတာပါ၊ အကယ်၍ ဘုရားရှင်ရဲ့ ဂုဏ်ကျေးဇူးကိုသာသိလျှင် ကဲ့ရဲ့ရှုတ်ချတော့မှာ မဟုတ်တော့ပါဘူး' ဟုပုဏ္ဏားမကြီးက ပြောလိုက်လေသည်။

'အောင်မာ ကြီးကျယ်လိုက်တာ၊ မင်းဂေါတမတဘာဂုဏ် တွေ ဘာဒြပ်တွေနဲ့ပြည့်စုံနေလို့လဲ ငါနဲ့တွေ့ချင်စမ်းပါဘိ'

ပုဏ္ဏားကြီးသည် မြတ်စွာဘုရားကိုချီးမွမ်းနေသော သူ့ဇနီး အား မခံချိမခံသာဖြင့် မကျေမချမ်း ပြန်ပြောလိုက်သည်။

'တစ်နေ့ သူရားရှင် ဒီကိုကြွလာပါလိမ့်မည်၊ ကြွလာလျှင် သွားတွေ့ပေါ့' ပုဏ္ဏားမကြီးက ရိုးရိုးသားသားပင် ပြောလိုက်သည်။

'အေး....ရှင်ကြီးဂေါတမလာလျှင်သာ ငါ့ကိုပြော ငါသွားတွေ့မယ် ဝါဒချင်းပြိုင်မယ်'

ပုဏ္ဏားကြီးသည် သူ့ဇနီးအား ဒေါမာန်ပါပါဖြင့် ကြုံးဝါးပြောဆိုလိုက်လေသည်။

*　　*

မြတ်စွာဘုရားသခင်သည် စဥ္စလီကပ္ပရွာ တောဒေယျပုဏ္ဏားကြီး၏သရက်ဥယျာဥ်တွင် ကြွရောက်လာသည်ဟု ဓနဥ္စာနီပုဏ္ဏားမကြီးသည် ကြားသိရလေသည်။

ထိုအကြောင်းကို သူ့ခင်ပွန်းဖြစ်သော သင်္ဂါရဝပုဏ္ဏားကြီးအား ပြောလိုက်လေသည်။

သင်္ဂါရဝပုဏ္ဏားကြီးသည် မြတ်စွာဘုရား စဥ္စလီကပ္ပရွာသို့ရောက်လာကြောင်းကို သိရလျှင် ချက်ချင်းပင် မြတ်စွာဘုရားရှိရာ တောဒေယျပုဏ္ဏားကြီး၏ သရက်ဥယျာဥ်သို့ ရှေးရှုသွားလေတော့သည်။

သရက်ဥယျာဥ်သို့ရောက်သော် မြတ်စွာဘုရားထံ ချဉ်းကပ်၍ သူမေးလိုသောအကြောင်းကို မေးလျှောက်လေသည်။

'အရှင်ဂေါတမ မျက်မှောက်သောဘဝ မြတ်သောအကျင့်၌ အထွဋ်အထိပ်ရောက်သော ရဟန်းပုဏ္ဏား ရှိပါသလော၊ အရှင်ကော အဘယ်သူဖြစ်ပါသနည်း၊ အဘယ်ကဲ့သို့ အရှင် ဂေါတမဝန်ခံပါသနည်း'

သင်္ဂါရဝ ပုဏ္ဏား၏အမေးကို ရှင်တော်မြတ်ဘုရားသည် အောက်ပါအတိုင်း ဖြေကြားလေသည်။

'ဘာရဒွါဇ ပုဏ္ဏား၊ ငါကား ထူးခြားရုံမျှဖြင့်မဟော၊ အချို့ကား တစ်ဆင့်ကြားရုံမျှဖြင့် ဝန်ခံကြသည်၊ အချို့ကား ယုံကြည်ကာမျှဖြင့် ဝန်ခံကြသည်။ အချို့ကား ကိုယ်တိုင်ဟုတ်မှန်စွာသိသောအားဖြင့် ဝန်ခံကြသည်၊ ထိုသူတို့တွင် ငါဘုရားကား ကိုယ်တော်တိုင်ဟုတ်မှန်စွာ သစ္စာလေးပါးကို ထိုးထွင်း၍သိသောကြောင့် ဗုဒ္ဓဟုဝန်ခံခြင်းဖြစ်သည်' ဟောကြားတော်မူလေသည်။

ထို့ပြင်လည်း မြတ်စွာဘုရားရှင်သည် ဘာရဒွါဇမျိုးနွယ် ဖြစ်သောသင်္ဂါရဝပုဏ္ဏားအား သိဒ္ဓတ္ထဘုရားလောင်းဘဝ ကျင့်ကြံခဲ့သည်မှစ၍ သဗ္ဗညုတဉာဏ်ရသည်အထိ ဟောတော်မူလိုက်သည်။

သစ္စာတရားကို ဟောကြားသောအခါ သင်္ဂါရဝပုဏ္ဏားသည် သောတာပန် တည်သွားလေသည်။

'အရှင်ဂေါတမ၊ အရှင်ဘုရားတရားတော်ကား အလွန်နှစ်သက်ဖွယ် ရှိပါပေစွ၊ ပုဏ္ဏားတို့၏ ဝိဇ္ဇာသုံးပါးနဲ့ အရိယာတို့ရဲ့ ဝိဇ္ဇာသုံးပါးကား မနှိုင်းယှဉ်သာအောင် ကွာခြားလှန်းလှပါသည် အရှင်ဘုရား၊ အရှင်ဂေါတမ တပည့်အား ယနေ့မှစ၍ အသက်ထက်ဆုံး ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ်သော ဥပါသကာဟု မှတ်တော်မူပါ အရှင်ဘုရား'

သင်္ဂါရဝ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား ခြေတော်အစုံကို သူ့နဖူးဖြင့် တိုက်ကာတိုက်ကာ လျှောက်ထားရှာလေသတည်း။

(မဇ္ဈိမနိကာယ မဇ္ဈိမပဏ္ဏာသ၊ ဗြာဟ္မဏဝဂ် သင်္ဂါရဝသုတ်)



## ၈။ ကံ…ကံ၏ အကျိုး

မင်းကြီး....ကြည်စဘုလိုကာမျှဖြစ်သော ခိုးဝှက်မှု မကောင်းကျိုးသည် ဤသို့ ခံရသေးလျှင် အကယ်၍ ခိုးလိုသောစိတ်ဖြင့် ခိုးဝှက်သော မကောင်းကျိုးကား အဘယ်မှာ ဆိုဖွယ်ရာ ရှိမည်နည်း။ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး မကောင်းမှုပြုသူသည် ငရဲ၌ ဖြစ်ရမည်။ ကောင်းမှုပြုသူသည် နတ်ပြည်၌ ဖြစ်ရမည်။

## ကံ ကံ၏ အကျိုး

အချိန်ကာလကား ဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတွင် နေတော်မူသောအချိန် ဖြစ်လေသည်။ ထိုအချိန်တွင် နတ္ထိကမိစ္ဆာ အယူရှိသော 'အပူသက္ကာ' မည်သော လိစ္ဆဝီမင်းသည် ဝေသာလီပြည်ကို မင်းပြုနေလေသည်။

ယင်းဝေသာလီပြည်၌ ကုန်သည်တစ်ဦးရှိလေသည်။ ကုန်သည်၏ အိမ်အနီးတွင် ရွှံ့ညွန်အိုင် ဖြစ်နေလေသည်။ ထိုရွှံ့ညွန်အိုင်ကြောင့် အချို့သူများ ခုန်လွှားသွားသဖြင့် ပင်ပန်းကုန်သည်။ အချို့သူများ မခုန်လွှားဘဲ ဆင်းသွားကြရသဖြင့် ရွှံ့ညွန်လူးကုန်ကြသည်။

ကုန်သည်သည် ဤသို့ နေ့တိုင်း မြင်တွေ့နေရသောကြောင့် သွားလာသူများ မပင်ပန်းစေခြင်း၊ ရွှံ့ညွန်မလူးစေခြင်းငှာ ခရုသင်းနှင့်တူသော နွားခေါင်းရိုးတစ်ခုကိုယူကာ အညှီနံ့ အပုပ်နံ့တို့ ပျောက်ကင်းအောင်ပြု၍ တံတားခင်းပေးလေသည်။

ကုန်သည်သည် သဒ္ဓါတရားလည်းကောင်း၊ အကျင့်သီလနှင့်လည်း ပြည့်စုံ၊ အမျက်ဒေါမာန်လည်း နည်း၊ သိမ်မွေ့နူးညံ့သောစကားလည်း ပြောလေ့ရှိပေသည်။

* * *

မြစ်ရေသည် လွန်စွာကြည်လင်လှပေသည်။ တစ်ခုသော မြစ်ဆိပ်တွင် လူတစ်စု ရေချိုးနေကြလေသည်။ ထိုရေချိုးနေသူများသည် ကုန်သည်၏မိတ်ဆွေများ ဖြစ်ကြလေသည်။ ကုန်သည်သည် မိတ်ဆွေတစ်စု ရေချိုးနေသည်ကို လှမ်းမြင်နေရသည်။ ကုန်သည်လာသည်ကို မိတ်ဆွေများ ဂရုမစိုက်မိကြချေ။ ထို့ကြောင့် ကုန်သည်သည် အကြံရသော မိတ်ဆွေများကို နောက်ပြောင်ကျီစယ်ချင်စိတ် ပေါ်လာသည်။

ထို့ကြောင့် မိတ်ဆွေများ ချွတ်ထားသော အဝတ်တို့ဆီ မျက်စိရောက်သွားသည် ကုန်သည်သည် ရေချိုးနေကြသောမိတ်ဆွေများ မမြင်ရန် ကိုယ်ကိုကုန်း၍ မိတ်ဆွေများချွတ်ထားသော အဝတ်တို့အနီး ကပ်သွားပြီးနောက် အဝတ်များကို အသာယူ၍ တစ်နေရာတွင် ပုန်းကွယ်နေလိုက်သည်။

မကြာမီ မိတ်ဆွေများသည် မြစ်ဆိပ်မှတက်လာကြပြီး သူတို့အဝတ်များချွတ်ထားရာသို့ လာကြသည်။

'ဟာ....တို့အဝတ်အထည်တွေ ဘယ်ရောက်ကုန်ပြီလဲ'

တစ်ယောက်က ပြောလေသည်။

'အေး....ဟုတ်သ၊ မရှိတော့ဘူး သူခိုးသူဝှက်များ လာယူသွားသလား မသိဘူး' နောက်တစ်ယောက်က ပြောလိုက်ပြန်လေသည်။

'ဒုက္ခပဲ....တို့ချမ်းလှပြီ၊ ဘယ်လိုလုပ်ကြမလဲ'

ကုန်သည်၏မိတ်ဆွေများသည် နံငယ်ပိုင်းလေးများဖြင့် တုန်ခိုက်နေကြချေပြီ။ သူတို့ အဝတ်များမှားလေသလားဟု အထပ်ထပ်ရှာဖွေနေကြသည်။ အချိန်က နေဝင်ရီတရော ဆောင်းဝင်စမို့ အချမ်းက တဖြည်းဖြည်းပိုကဲလာသည်။ သူတို့တတွေ ဘာလုပ်ရမည်မသိ ဖြစ်နေကြသည်။

'ကဲ...တို့ ဒီလိုနေလို့မဖြစ်သေးဘူး၊ ချမ်းလို့သေကုန်လိမ့်မယ် အိမ်ပြန်ကြစို့'

တစ်ယောက်ကပြောလိုက်ရာ အားလုံး သဘောတူကြသဖြင့် အိမ်ပြန်ကြရန် ဟန်ပြင်လေသည်။

ကုန်သည်သည် သူ၏မိတ်ဆွေများအဖြစ်ကိုကြည့်ကာ တခွိခွိ ရယ်လျက် ပွန်းကွယ်နေရာမှ အဝတ်များကို ပွေ့ပိုက်၍ ထွက်လာလေသည်။

'ဟာ…. တော်တော်ကျီစားတဲ့လူကွာ၊ တို့မှာဖြင့် ချမ်းလို့ တုန်နေပြီ'

ကုန်သည့်မိတ်ဆွေများက သူတို့အဝတ်များကို လှမ်းယူရင်း ကုန်သည်ကို အပြစ်တင်ကြသည်။ ကုန်သည်ကား နံငယ်မိုင်းလေးများနှင့် ခိုက်ခိုက်တုန်နေသော သူ့မိတ်ဆွေများကိုကြည့်ကာ ရယ်မောမဆုံး ရှိနေလေသည်။

* * *

နိဂုံးဇနပုဒ်တစ်ခုတွင်ဖြစ်သည်။ ထိုရပ်ကွက်မှ လူများသည် သူတို့အိမ်မှ အိုးပျောက် အကျီအဝတ်အစားပျောက် ဖြစ်နေသဖြင့် သူခိုးဖမ်းရန် တိုင်ပင်နေကြခြင်းဖြစ်သည်။

'တို့….ဒီတိုင်းနေလို့တော့ မဖြစ်ဘူးကွ၊ သူခိုးဖမ်းပြီး အရေးယူကို ဆက်မှဖြစ်မယ်'

အကြီးအမှူးတစ်ဦးက ပြောလိုက်သဖြင့် အားလုံးက ဝိုင်းထောက်ခံလိုက်သည်။

'ဟုတ်တယ်….ဟုတ်တယ်၊ မိအောင်ဖမ်းပြီး ဘုရင့်ထံ အပ်မှဖြစ်မယ်'

အားလုံးသော လူများသည် သူခိုးဖမ်းရန် တက်ကြွနေကြသည်။

သူခိုးကလျှင်သည်၊ မည်သည့်အခါမှမမိ၊ ခိုးသမျှလွတ်သည်။

'အေး….သူခိုးကိုလည်း မိအောင်ဖမ်းကွာ၊ ကိုယ့်ပစ္စည်းကိုလည်း အမှတ်သင်္ကေတထား၊ ပစ္စည်းတွေ့ရင် သူခိုးဖမ်းလို့ရနိုင်တယ်'

အားလုံးက အကြီးအမှူးစကားကို သဘောတူကြလေသည်။

မကြာပါချေ၊ နှစ်ရက်သုံးရက်အလွန်တွင် ကုန်သည်၏တူကို သူတို့၏ပစ္စည်းအချို့နှင့်အတူ ကုန်သည့်အိမ်တွင် ဖမ်းမိကြလေသည်။

ကုန်သည်ကိုလည်း သူခိုးလက်ခံသူအဖြစ် ဖမ်းကာ တူဝရီး နှစ်ယောက်စလုံး မင်းထံဆက်ကြလေသည်။

လိစ္ဆဝိဘုရင်လည်း ဖမ်းလာသော သူခိုးတူဝရီးနှစ်ယောက် အား ပြစ်ဒဏ်ချမှတ်လိုက်လေသည်။

'မင်းချင်းတို့ အခုဖမ်းလာသောသူနှစ်ဦးကို ဦးရီးဖြစ်သူအား ဦးခေါင်းပြတ် အသေသတ်စေ၊ တူကိုကား အရှင်လတ်လတ် တံကျင် လျှိုစေ'ဟု မိန့်တော်မူလေသည်။

ဦးရီးဖြစ်သူ ကုန်သည်သည် ဘုမ္မစိုးနတ် ဖြစ်သွားလေသည်။ တူကား အရှင်လတ်လတ် ငရဲခံရသကဲ့သို့ ပြင်းစွာ ဝေဒနာခံစားရ ရှာလေသည်၊ ဘုမ္မစိုးနတ်သည် တံကျင်အလျှိုခံရသော မိမိတူကို သေလျှင် ငရဲကျမည်ကို မြင်သဖြင့် သနားစိတ်ဖြစ်ပြီးလျှင် 'မနောဇဝ' သိန္ဓောမြင်းကိုစီး၍ ညဉ့်သန်းခေါင်အချိန်တွင် တူ၏အထံသို့လာ လေသည်၊ လာပြီးသော် တံကျင်အလျှိုခံရသောတူ၏ မနီးမဝေး နေရာတွင်ရပ်၍....

'မောင်လုလင်မင်း အသက်ရှင်အောင်နေပါ၊ မင်းအဖို့ သေခြင်းထက် အသက်ရှင်ခြင်းက မြတ်ပါတယ်' ဟု လာ၍လာ၍ ပြော လေတော့သည်။

* * *

အပ္ပသက္ကာရလိစ္ဆဝိမင်းသည် မြတ်သော ဆင်ကျောကုန်းထက် စီးလျက် မြို့ကို လက်ျာရစ်လှည့်လေသည်။ ထိုသို့ ဘုရင်မင်းမြတ် မြို့ကို လှည့်လာစဉ် အိမ်တစ်အိမ်မှ မိန်းမတစ်ဦးသည် လေသာပြတင်းကို ဖွင့်၍ မင်း၏ တင့်တယ်ခြင်းကို ကြည့်ရှုလေသည်။

မင်းလည်း လေသာပြတင်းဖွင့်၍ မိမိအား ကြည့်နေသော မိန်းမကို မြင်သွားလေသည်။ မင်း၏စိတ်တွင် ထိုမိန်းမ၌ တပ်နှစ်သက်သောစိတ် ဖြစ်ပေါ်လေတော့သည်။ ထိုမိန်းမအပေါ် တတ်စွမ်းသော တဏှာစိတ်ကို ပယ်ခွာခြင်းငှာ မတတ်နိုင်အောင် ဖြစ်နေပေသည်။

ထို့ကြောင့် မိမိအနီးတွင်ရှိသော မင်းချင်း တစ်ယောက်ကို ခေါ်၍ 'မောင်မင်း ဟို လေသာပြတင်းမှ ငါ့ကိုကြည့်နေသော မိန်းမကို မြင်ခဲ့တယ်မဟုတ်လား၊ အဲဒီမိန်းမဆီသွား၊ လင်ရှိမရှိ သိအောင်မေး' ဟု မိန့်ကာ လွှတ်လိုက်သည်။

မင်းချင်းယောကျ်ားလည်း ဘုရင်၏စေလွှတ်ချက်ဖြင့် ထိုမိန်းမထံသွား၍ လင်ရှိမရှိ မေးလေသည်။

လင်ရှိကြောင်းသိရလျှင် ဘုရင့်ထံ ပြန်လာပြီး သံတော်ဦးတင်လေသည်။

'မှန်လှပါ အရှင်မင်းကြီး၊ အရှင်မင်းကြီး အမေးခိုင်းသော မိန်းမဟာ လင်ရှိကြောင်းပါဘုရား'

ဘုရင်သည် မင်းချင်းလျှောက်ထားချက်ကြောင့် စိတ်ထဲတွင် စနိုးစနောင့် ဖြစ်သွားလေသည်။ လင်မရှိလျှင် ထိုမိန်းမကို မိဖုရားမြှောက်ရန် သွားအမေးခိုင်းခြင်းဖြစ်သည်။ လင်ရှိကြောင်း သိရသော် ဘုရင်သည် အကြံရ ခက်သွားသည်။ လင်ရှိလျက် မိဖုရားမြှောက်မည်ဆိုလျှင် ပြည်သူပြည်သားတို့၏ ကဲ့ရဲ့ပြစ်တင်ခြင်းကို ခံရပေမည်။ ထိုမိန်းမအပေါ် စွဲလမ်းစိတ်ကလည်း ချိုးနှိမ်၍မရပေ။

ထို့ကြောင့် သူ့မယားလိုချင်လျှင် သူ့လင်ကို သတ်ရပေလိမ့်မည်။ အပြစ်မရှိဘဲ သတ်ပြန်လျှင်လည်း မတရားသဖြင့် ပြုရာကျချေမည်။ သူ့လင်ကို အပြစ်ရှာ၍ ရာဇဝတ်ပြစ်ဒဏ် ပေးရပေမည်။ မိမိနှင့် ဝေးနေပြန်လျှင်လည်း အပြစ်ပေးရန်ခက်ခဲမည်။ မိမိအနီးထားမှ

သာ အပြစ်ပေးရန် လွယ်ကူမည်ဟု ဘုရင့်၏စိတ်တွင် ယုတ်မာသော အကြံဆိုးများ ပေါ်လာလေသည်။

'မောင်မင်းသွားချေ၊ ထိုမိန်းမ၏ယောကျ်ား၊ ငါ့ထံသို့မပြတ်ခစားရမည်ဟု'မိန့်ကာ မင်းချင်းအား လွှတ်လိုက်လေတော့သည်။

*　*　*

ထိုမိန်းမ၏ လင်သည်လည်း မင်း၏အကြံအစည်ကိုသိ၍ မမေ့မလျော့ အပြစ်မရှိအောင် ခစားရှာလေသည်။ အပြစ်တစ်စုံတစ်ရာမရှိ ဖြစ်နေသောအခါ ဘုရင်သည် ထိုယောကျ်ားအပေါ်တွင် အပြစ်ရှာရန် ခက်နေလေတော့သည်။

ထို့ကြောင့် ဘုရင်သည် ထိုယောကျ်ားအား အပြစ်မရှိအပြစ်ရှာ၍ သတ်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ....

'မောင်မင်း သွားချေ၊ ရေကန်တစ်ခုက် အဆင်းအာရုံနဲ့ပြည့်စုံတဲ့ မြေညက်၊ ကြာနီ ကြာဖြူတို့ကို ယူချေလော့၊ ယနေ့ နေ့ချင်းအရောက် ပြန်ခဲ့ရမည်၊ နေ့ချင်းမရောက်က သင့်အား အာဏာဖီဆန်မှုဖြင့် သတ်မည်'ဟု မိန့်၍ စေလွှတ်လိုက်လေသည်။

ထိုယောကျ်ားသွားသော် ဘုရင်သည် တံခါးစောင့်ကိုခေါ်ပြီး....

'မောင်မင်း တံခါးစောင့်၊ ယနေ့ နေမဝင်မီ တံခါးအားလုံးပိတ်၊ မည်သူ့ကိုမှ ဖွင့်မပေးရ'ဟု မိန့်မှတ်လေသည်။

*　*　*

ရေကန်ကား ဝေသာလီပြည်နှင့် သုံးယူဇနာ ဝေးလေသည်။ ထိုယောကျ်ားသည် သေဘေးမှ လွန်စွာကြောက်သဖြင့် လျင်မြန်စွာ သွားရှာလေသည်။

ရေကန်သို့ မွန်းမတည့်မီ ရောက်သွားခဲ့လေသည်။ ရောက်လျှင် မိမိတွင်ပါလာသော စားဖွယ်ကို နှတ်တို့အား ပေးသည်။ ပေးပြီး ထိုယောကျ်ားသည် ထမင်းစားလေသည်။ ထမင်းစားပြီး၍ ကျန်သော စားကြွင်းများကို ရေကန်တွင်းမှ ငါးသိပ်တို့စားရန် ပေးလှူ၍ အမျှဝေလေသည်။

ထိုရေကန်တွင် စောင့်သောသူကား ဒကရက္ခိုက်တည်း။ ဒကရက္ခိုက်လည်း ထိုယောကျ်ားကို သနားကြင်နာသောကြောင့် လူအသွင် ဖန်ဆင်းကာ....

'အို....ယောကျ်ား၊ ငါ့ရေကန်အနီးသို့ သင် အဘယ်ကြောင့်လာသနည်း'ဟု မေးလေသည်။

ထိုယောကျ်ားလည်း မိမိနှင့် ဘုရင်တို့၏ အကြောင်းစုံကို အကုန် ရှင်းပြလိုက်လေသည်။

'အမောင် ဒီအတွက်ကြောင့်ဖြင့် စိတ်သောက ရောက်မနေနဲ့၊ ငါ့ရေကန်မှ မြေညက်၊ ကြာနီ ကြာဖြူတို့ကို ယင်ကိုက်သလောက် ယူဆောင်သွားလော့'ဟုဆိုကာ ဒကရက္ခိုက်သည် ကွယ်ပျောက်သွားလေသည်။

ထိုယောကျ်ားလည်း ဒကရက္ခိုက်၏ ခွင့်ပြုချက်ရသဖြင့် ဝမ်းမြောက်ရွှင်လန်းစွာ ကပျာကယာ ခူးယူပြီးလျှင် သုတ်ခြေတင်၍ အမြန်ပြန်လာခဲ့လေတော့သည်။

ထိုယောကျ်ားသည် နေမဝင်မီပင် မြို့တံခါးသို့ ဆိုက်ရောက်လာသည်။ ထိုယောကျ်ားလာသည်ကို တံခါးစောင့်မြင်သည်နှင့် တစ်ပြိုင်နက် တံခါးကို ချက်ချင်း ထပိတ်လေတော့သည်။

ထိုယောကျ်ားသည် တံခါးပိတ်သွားသဖြင့် မြို့တွင်းသို့ ဝင်၍ မရတော့ပေ။ ထို့ကြောင့် မြို့တံခါးအနီးတွင် တံကျင်အလျှိုခံရသော သူထံသွား၍....

'မိတ်ဆွေ သင့်ကို ငါ သက်သေပြုပါသည်၊ ငါ နေမဝင်မီ ရောက်လာသည်ကို သင်အသိပင် ဖြစ်ပါသည်၊ သို့ပါလျက် တံခါးစောင့်သည် ငါ့အား ဖွင့်မပေး၊ ရှင်ဘုရင်က မေးခဲ့သော် ငါ့ဘက်မှ သက်သေခံပါ'ဟု ပြောလေသည်။

တံကျင်အလျှိုခံနေရသော ဘုမ္မစိုး၏တူ ဖြစ်ခဲ့ဖူးသူလည်း....

'အစ်ကို၊ ကျွန်ုပ်ကား တံကျင်အလျှိုခံနေရသူမို့ အခု သေမသွား၊ သော်ကြာသေမှသား မသိရပါ၊ အချိန်မရွေး သေလူဖြစ်ပါသည်၊ အစ်ကို့အတွက် သက်သေခံနိုင်မည် မဟုတ်ပါ၊ သို့သော် သန်းခေါင်ချိန်လောက်တွင် နတ်မင်းတစ်ပါး ကျွန်ုပ်ထံသို့ လာလာနေပါသည်၊ ၎င်းနတ်မင်းကြီးကို သက်သေခံခိုင်းပါ'ဟု တံကျင်လျှိုခံရသူက ပြောလေသည်။

ထိုယောကျ်ားသည် နတ်မင်းကြီးအလာကို စောင့်ရလေသည်။

နတ်မင်းကြီး သန်းခေါင်အချိန်တွင် လာရောက်၍....

'မောင်လုလင် မင်းအသက်ရှင်အောင်နေပါ၊ မင်းအဖို့ သေခြင်းထက် အသက်ရှင်ခြင်းက မြတ်ပါတယ်'ဟု ပြောလေသည်။

ထိုယောကျ်ားသည် ထိုနတ်မင်းအား အကျိုးအကြောင်းပြော၍ သက်သေခံခိုင်းလေသည်၊ နတ်မင်းကလည်း သက်သေခံမည်ဖြစ်ကြောင်း ကတိပေးလေသည်။

*　*　*

ထိုယောကျ်ားသည် နံနက်လင်းသော် မင်းထံ ခစားရန် သွားလေသည်။

'မောင်မင်း သင်သည် နေ့ချင်းလာဟုမိန့်လျက် ယနေ့မှ ရောက်လာသည့်အတွက် မင်းအာဏာ လွန်ဆန်သူအဖြစ် ရာဇဒဏ် ပေးရမည်'ဟု ဘုရင်က မိန့်မေးလသည်။

'အရှင်မင်းကြီး ကျွန်တော်မျိုးအား အာဏာတော်ကို မလွန်ဆန်ပါ၊ နေမဝင်မီ ကျွန်တော်မျိုး ရောက်လာပါသည်၊ တံခါးစောင့်က တံခါးမဖွင့်ပေး၍သာ မဝင်ရခြင်း ဖြစ်ကြောင်းပါ ဘုရား'ဟု ထိုယောကျ်ားကလည်း မကြောက်မရွံ့ ရဲရဲဝံ့ဝံ့ ပြန်ကြားလျှောက်ထားလေသည်။

'ဟယ်....မောင်မင်း၊ သင်ပြန်လာသည်ကို မည်သို့ ငါတို့သိနိုင်မည်နည်း၊ သက်သေ ခိုင်လုံစွာပြလော့'ဟု ဘုရင်က ဆိုလေသည်။

'အရှင်မင်းကြီး ကျွန်တော်မျိုးသက်သေကား တံခါးအနီးတွင် တံကျင်အလျှို ခံနေသော သူထံသို့လာသော နတ်မင်းကြီးပါ ဘုရား'ဟု လျှောက်သည်။

'ဟဲ့....မောင်မင်း၊ သင် မဖြစ်နိုင်ရာကို အဘယ်ကြောင့် ပြောရသနည်း၊ ငါ ဘယ်လို ယုံကြည်ရမည်နည်း'

'မှန်လှပါ အရှင်မင်းကြီး၊ ယုံလောက်သော မင်းချင်းတစ်ဦးကို ကျွန်တော်မျိုးနှင့်အတူ ညသန်းခေါင်အချိန်မှာ စေလွှတ်တော်မူပါ၊ ၎င်း နတ်မင်းကြီးကို ကျွန်တော်မျိုး ပြပါမည်'

ဘုရင်သည် ထိုယောကျ်ားစကားကို လုံးဝ အယုံအကြည် မရှိချေ။ အထူးအားဖြင့် နတ်တို့က အသူရှိသောကြောင့် နတ်ကို လုံးဝ လက်မခံနိုင်ပေ။ ထို့ကြောင့်.

'ကဲ....မောင်မင်း၊ သို့ဆိုလျှင် သန်းခေါင်ချိန်မှာ သွားကြမည်၊ ငါကိုယ်တော်တိုင်လိုက်'ဟု မိန့်သည်။

ညဉ့်သန်းခေါင်အချိန် ရောက်သော် ထိုယောကျ်ားနှင့် ဘုရင်တို့သည် တံကျင်အလျှိုခံရသောသူထံသို့ သွားကြလေသည်။

ထိုယောကျ်ားနှင့် ဘုရင်တို့သည် တံကျင်အလျှိုခံရသူ အနီးသို့ ရောက်၍ မကြာမီပင်လျှင် နတ်မင်းကြီးသည် ရောက်လာကာ....

'မောင်လုလင်မင်း အသက်ရှင်အောင်နေပါ၊ မင်း၏အဖို့ သေခြင်းထက် အသက်ရှင်ခြင်းက မြတ်ပါတယ်' ဟု ပြောလေသည်။

ထိုအခြင်းအရာကို အလုံးစုံမြင်တွေ့ရသော ဘုရင်သည် အံ့သြသွားလေသည်၊ နတ်မင်းကြီးကိုလည်း မေးခွန်းထုတ်လိုက်သည်၊

'နတ်မင်းကြီး၊ တံကျင် အလျှိုခံရသောသူအား အဘယ်ကြောင့် အသက်ရှင်ခြင်းစကားကို ပြောသနည်း'

'မင်းကြီး ဤသူကား လူ့ဘဝက ငါ့တူတည်း၊ ဤသူသည် သူ့ငစ်ပါးဥစ္စာခိုးခြင်း စတဲ့ မကောင်းမှုတွေကို ပြုခဲ့သူဖြစ်သည့် အတွက်ကြောင့် သေလျှင် ငရဲခံရလိမ့်မည်၊ ငရဲခံခြင်းထက် တံကျင်အလျှိုခံလျက် အသက်ရှင်ခြင်းက မြတ်သည်လို့ငါပြောခြင်းဖြစ်သည် မင်းကြီး'ဟု နတ်မင်းကြီးက ဘုရင့်အမေးကို ပြန်ဖြေလေသည်။

'နတ်မင်း သည့်ပြင်လည်း ထပ်မေးပါရစေဦး၊ စိတ်မဆိုးပါလင့်' ဟု ဘုရင်သည် နတ်မင်းအား ခွင့်ပန်လေသည်။

ဘုမ္မစိုးနတ်မင်းကလည်း 'သင်မင်းကြီး ငါမဆိုး၊မေးလိုရာ မေးလော့' ဟု ခွင့်ပြုလေသည်။

'နတ်မင်း အဘယ်ကြောင့် သင်နတ်မင်းအား မနောဇဝ သိန္ဓောမြင်းကို ရပါသနည်း'

'မင်းကြီး....သင်စိုးပိုင်သော ငသားလီပြည်တွင် တစ်ခုသော ရှိညွှန့်အိုင်ကို တံတားခင်းဖူးသောကြောင့် ရသည်'

'အဘယ်ကြောင့် ကိုယ်အဆင်းလှပသနည်း'

'ငါသည် လူ့ဘဝက စကားကို နူးညံ့သိမ်မွေ့စွာပြောခြင်း၊ အမျက်စောင်မာန်မကြီးခြင်းတို့ကြောင့် အဆင်းလှပသည်'

'အဘယ်ကြောင့် ကိုယ်မှ နတ်၏အမွှေးနံ့ ကြိုင်လှိုင်နေသနည်း'

'ဂုဏ်ကျေးဇူးရှိသောသူတို့၏ ကျေးဇူးကို ဟုတ်မှန်တိုင်း ပြောကြားသဖြင့် နတ်၏အမွှေးနံ့ ကြိုင်လှိုင်ရသည်'

'အဘယ်ကြောင့် ကိုယ်မှာ အဝတ်မရှိသနည်း'

'ငရဲချီးဆိပ်၌ ရေချိုးနေကြသော မိတ်ဆွေတို့၏ အဝတ်ပုဆိုးများကို ကျီစားလိုစိတ်ဖြင့် ခိုးဝှက်ထားမိသောကြောင့် အဝတ်မဝတ်ရခြင်း ဖြစ်ပါသည် မင်းကြီး'

'မင်းကြီး ကျီစားလိုရာမျှဖြစ်သော ခိုးဝှက်မှု မကောင်းကျိုးသည် ဤသို့ခံရသေးလျှင် အကယ်၍ ခိုးလိုသောစိတ်ဖြင့် ခိုးဝှက်

သော မကောင်းကျိုးကား အဘယ်မှာ ဆိုဖွယ်ရာရှိမည်နည်း၊ အရှင်မင်းကြီး ငါ့ဘာဖြစ်ကိုသာ ကြည့်ရှုလော့၊ ကိုယ်နှုတ်နှလုံး သုံးပါးစလုံး မကောင်းမှုပြုသူသည် ငရဲ၌ဖြစ်ရမည်၊ ကောင်းမှုပြုသူသည် နတ်ပြည်၌ဖြစ်ရမည် ဟု ဘုမ္မစိုးနတ်မင်းက ဘုရင်အား ရှင်းလင်းပြောပြလေသည်။

မင်းလည်း မိစ္ဆာအယူရှိသောကြောင့် မယုံကြည်သဖြင့်....

'နတ်မင်း...ငါ့အား ကံ ကံ၏အကျိုးရှိသည်ကို အဘယ်သူ ယုံအောင်ပြနိုင်သနည်း' ဟု မေးလေသည်။

'မင်းကြီး သတ္တဝါတို့၏ သုဂတိဒုဂတိ၌ ဖြစ်ခြင်းကို မြင်ခြင်းကြားခြင်းဖြင့် ယုံကြည်တော်မူ၊ ကံ ကံ၏အကျိုးကို မယုံကြည်သော သူတို့သည် အပါယ်ငရဲ၌ ဆင်းရဲခံရကုန်သည်' ဟု နတ်မင်းက ပြောပြလေသည်။

'နတ်မင်း၊ သင်သည့် ကံ ကံ၏အကျိုးကို ယုံကြည်လျက် အဘယ့်ကြောင့် အဝတ်မဝတ်ရဘဲ ဆင်းရဲနေရသနည်း'

'မင်းကြီး ငါပြုအပ်သော ကောင်းမှုလည်း မရှိ၊ ငါ့အတွက် ရည်စူး၍ ရဟန်းပုဏ္ဏားတို့အား ပေးလှူပြီး ငါ့ကို အမျှပေးဝေသူလည်း မရှိသောကြောင့်သာ အဝတ်မဝတ်ရခြင်းဖြစ်သည် ရှင်မင်းကြီး'

မင်းကြီးသည် ဘုမ္မစိုးနတ်စကားကိုကြားသော်....

'ကောင်းပြီ နတ်မင်း၊ ထိုအကျိုး ခံစားလျှင် နတ်မင်းအတွက် ပုဆိုးခြင်းအကြောင်းကိုပြောပါ' ဟု ဘုရင်ကဆိုလေသည်။

'ရှင်မင်းကြီး၊ ဤ ဝေသာလီပြည်တွင် အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်ကပ္ပိတမထေရ်သည် ရှိပါ၏၊ ၎င်းအရှင်အား ပုဆိုးတစ်စုံ ကျွန်ုပ်အတွက်လှူပြီး အမျှဝေပါ၊ ငါ ပုဆိုးဝတ်ရပါလိမ့်မည်' နတ်မင်းက ပြောလေသည်။

ဘုရင်လည်း နတ်မင်းကြီးကို အရှင်ကပ္ပိတမထေရ်အား ပုဆိုးလှူပါမည်ဟူ ဝန်ခံကတိပေးလိုက်သဖြင့်....

'နတ်မင်း ကောင်းပါပြီ၊ မထေရ်အားလည်း ပုဆိုးလှူပါမည်၊ ရှင်နတ်မင်းအားလည်း မြင်ပါရစေ' ဟု ပြောလေသည်။

ထို့နောက် နတ်မင်းနှင့်ဘုရင်၊ ထိုယောကျ်ားတို့သည် လမ်းခွဲ၍ ကိုယ့်ရွာနေ ပြန်ကြလေသည်။

*　*　*

လိစ္ဆဝီမင်းသည် ပုဆိုးရှစ်စုံကိုယူ၍ အရှင် ကပ္ပိတမထေရ်ထံ သွားလေသည်။

ပဏ္ဍိတ်တရောက်သော် 'အရှင်ဘုရား၊ ဤပုဆိုး ရှစ်စုံကို အလှူခံတော်မူပါဘုရား' ဟု လျှောက်ထားလေသည်။

မထေရ်သည်း အကြောင်းစုံ သိသော်လည်း စကားဖြစ်စေခြင်းငှာ....

'မင်းကြီး၊ သင်သည် ရှေးယခင်က ရယာန်းပုဆိုးတို့ကိုမလှူဘဲလျက် ယခုမှ အဘယ်ကြောင့်လှူရသနည်း' ဟု မေးတော်မူသည်။

ဘုရင်လည်း မိမိနှင့် ဘုမ္မစိုးနတ်တို့၏ ပြောဆိုခဲ့သောအကြောင်းကို ပြန်လည်လျှောက်ထားလေသည်။

ထို့နောက် ဘုရင်သည် ပုဆိုးရှစ်စုံကို မထေရ်အား လှူဒါန်းလေသည်။ မထေရ်လည်း အလှူခံလေသည်၊ ဘုရင်လည်း ပုဆိုးများလှူပြီး နတ်မင်းအား အမျှပေးလိုက်သည်။ ထိုခဏ၌ ဘုမ္မစိုးနတ်သည် နတ်ပုဆိုးဝတ်၍ မင်းနှင့်မထေရ်အား နတ်၏အသွင်ကို ပြလေသည်။

မင်းကြီးသည် နတ်မင်းကိုမြင်သော် ဝမ်းမြောက်ဝမ်းသာ ပီတိဖြာလျက်....

‘ငါသည် ကံ ကံ၏အကျိုးကို မျက်မှောက်ထင်ထင်မြင်ရပြီ၊ သို့ဖြစ်လျက် အဘယ်ကြောင့် ကောင်းမှုကိုမပြုဘဲ နေအံ့နည်း’ ဟု နတ်မင်းအား သက်သေထား၍ ပြောကြားလိုက်သည်။


‘ဆင်မင်းကြီး ယခုအချိန်မှစ၍ အဓမ္မကိုရှယ်၊ ဓမ္မကိုကျင့်သည်ဖြစ်အံ့၊ ငါသက်သေခံမည်၊ သင်မင်းကြီးထံသို့လည်း ငါမပြတ်လာအံ့၊ တံကျင်အလျှိုခံရသော သူကိုလည်း တံကျင်မှ လွှတ်လိုက်ပါ။ အသက်ရှင်လျက် ဝဠ်ဆင်းရဲမှ လွတ်ပါလိမ့်မည်၊ အရှင်ကပ္ပိတမထေရ်မြတ်ကိုလည်း အခါမပြတ် ဆည်းကပ် တရားနာပါ၊ ကောင်းမှုကုသိုလ်တို့ကိုသာပြုပါ ရှင်မင်းကြီး’ ဟု ပြောပြီးလျှင် ဘုမ္မစိုးနတ်မင်းသည် ကွယ်သွားလေသည်။

လိစ္ဆဝီမင်းလည်း နတ်မင်းကြီးသွားသော်ကပ္ပိတမထေရ်အား ရှိခိုးပြီး မြို့တွင်းသို့ဝင်လေသည်။ ထို့နောက် လျင်မြန်စွာ လိစ္ဆဝီပရိသတ်ကို စည်းဝေး၍ တံကျင်လျှိုထားသောသူကို လွှတ်လိုက်လေသည်။ လွှတ်လိုက်ပြီး အနာကိုပျောက်ကင်းအောင် ဆေးသမားတို့အား ဂရုတစိုက် ဆေးအကုခိုင်းလေသည်။

တံကျင်အလျှိုခံရသူသည်လည်း အနာ ပျောက်ကင်းသော် သတိသံဝေဂရသဖြင့် ရဟန်းပြုသွားလေသည်။ ရဟန်းပြုပြီး၍ မကြာမီပင်လျှင် အရဟတ္တဖိုလ် ရသွားလေသည်။

လိစ္ဆဝီမင်းကြီးသည်လည်း ကံ ကံ၏အကျိုးတရားကို ယုံကြည်လတ်ခံကာ အရှင်ကပ္ပိတမထေရ်၏အဆုံးအမကို လိုက်နာသောကြောင့် သောတာပန်အစစ် အရိယာသာဝက ဖြစ်သွားလေတော့သတည်း။

(သံဝေဂဒီပနီ ပထမတွဲမှ)



၉။ တိရစ္ဆာန်သော်မှ

ရဟန်းတို့ ရှုန့်ရင်းကြမ်းတမ်းသော စကားသည် လူ၊ ရဟန်းပင် မဆိုထားဘိ၊ တိရစ္ဆာန်သော်မှ မနှစ်သက်ကုန်။

ရှေးကလည်း တိရစ္ဆာန်ဖြစ်သော နွားသည် မိမိအား ကြမ်းကြုတ်သော စကားဖြင့်ဆိုသော ပုဏ္ဏားအား အသပြာ တစ်ထောင် ရှုံးစေခဲ့ဖူးပြီ....။

# တိရစ္ဆာန်သော်မှ

သည်နွားကို အလှူခံခဲ့သည့်နေ့မှစ၍ သားအရာ၌ ငါထားခဲ့သည်။ သူ့ကို ချစ်ခင်နှစ်သက်သဖြင့် နန္ဒိဝိသာလဟု အမည်မှည့်ခဲ့သည်။ ငါဆင်းရဲသည့်တိုင် သူ့ကို မကောင်းသောမြက်ခြောက် ကောက်ရိုးခြောက်တို့ မကျွေးခဲ့။ မြေပဲ၊ နှမ်းဖတ်၊ ဖွဲနုတို့ ယာဂု ဆန်ဆေးရည် ပဲနောက် မှော်ဇာတို့၊ ပဒေါ်မြစာ စသောမြက်နုတို့ဖြင့် ကျွေးမွေးခဲ့သည်။

ငါ အလှူခံခဲ့စဉ်က ဤနွားသည် ကျုံ့လှီသေးကွေး၍ အရွယ် ခပ်ငယ်ငယ်သာဖြစ်သည်။ ငါ့ထံ ရောက်လာမှ ကြီးပြင်းဆူဖြိုး လာသည်။

ထိုသို့ ငါသည် သူ့ကို ပြုစုကျွေးမွေးလာသဖြင့် တစ်ကြောင်း၊ ငါဆင်းရဲသဖြင့် တစ်ကြောင်း ငါ့ကို ငွေအသပြာရအောင်လုပ်ပေးမည်ဟုဆိုကာ ဂေါဝိန္ဒက သူဌေးနှင့် အသပြာတစ်ထောင်ကြေး အလောင်းအစားပြုစေသည်။ သို့သော်....

သို့သော် နန္ဒိဝိသာလသည် ငါ့အား နှိပ်စက်လေတော့သည်။ လှည်းတစ်ရာန်ကို သူတစ်ကောင်တည်း မရုန်းနိုင်ပါဘဲလျက် သူဌေးနှင့် အလောင်းအစားပြုခိုင်းသည်။ မရှိမဲ့ရှိမဲ့စုထားသော ငါ့အသပြာ

တစ်ထောင် ရှုံးခဲ့ချေပြီ။ အသပြာစာတစ်ထောင် ငါမည်သို့ ပြန်ရှာနိုင်တော့မည်နည်း။

ငါ ည်စဉ်းစား ိမိ လတိုင်း နန္ဒိဝိသာလကို စိတ်ဆိုးဒေါသဖြစ်မိတော့သည်။

အသပြာတစ်ထောင် ရှုံးရခြင်းသည် သူ့ကြောင့် သူ့ကြောင့်။

'ဖခင်ပုဏ္ဏား အသပြ တစ်ထောင် လိုချင်သလော'

တစ်နေ့တွင် နန္ဒိဝိသာလသည် သူ့အား ငါအစာကျွေးခိုက်မေးလာသည်။

'ချစ်သား၊ နန္ဒိဝိသာလ၊ အဘယ်မှာ မလိုချင်ရှိမည်နည်း'

'သို့ဖြစ်လျှင် ဖခင် ဂေါဝိန္ဒက သူဌေးထံသွားပါချေ၊ ငါ၏နွားသည် တစ်စပ်တည်းဖွဲ့ထားသော လှည်းတစ်ရာဝန်ကို ရုန်းနိုင်သည်ဟုပြောပြီး အသပြာတစ်ထောင်ကြေး လောင်းခြင်းကို ပြုလော့'

ဟု ပြောလေသည်။

'ကောင်းပြီချစ်သား၊ ငါသွား၍ ပြောဆိုမည်'

ငါသည် အသပြာတစ်ထောင်ရလိုသဖြင့် ဂေါဝိန္ဒက သူဌေးထံထွက်လာခဲ့သည်။ ဘာမျှမစုံးစမ်း မဆင်ခြင်မိခဲ့။

'ဟော၊ အရှင်ပုဏ္ဏား၊ အဘယ်အကျိုးငှာလာသနည်း၊ ကြွပါထိုင်ပါ'

ငါ့ကိုမြင်သည်နှင့် ဂေါဝိန္ဒကသူဌေးသည် ခရီးဦးကြိုပြုလျက် ငါ့ကို နေရာပေးသည်။

'သူဌေး အဘယ်သူ၏နွားသည် စွမ်းအားနှင့်ပြည့်စုံသနည်း'

ဂေါဝိန္ဒကသူဌေးကို ငါမေးလိုက်သည်။ ဂေါဝိန္ဒကသူဌေးသည် ငါ့အမေးကို....

'ဤမည်သောနွား၊ ထိုမည်သောနွားတို့သည် စွမ်းအားနှင့်ပြည့်စုံကုန်သည်၊ အလုံးစုံသောမြို့၌ကား ထိုနွားများနှင့်တူသောနွားသည် မရှိချေ'

ဂေါဝိန္ဒကသူဌေးက ပြန်ဖြေလေသည်။

သူဌေး သင့် နွားတို့ထက် တစ်ဝက်တည်းဖွဲ့ထားသောလှည်း တစ်ရာကို ရုန်းနိုင်သောနွားတစ်ကောင် ရှိချေသည်'

သူဌေးသည် ငါ့စကားကို ယုံကြည်ဟန်မတူပေ။

'အသင်ပုဏ္ဏား မဖြစ်နိုင်ချေတကား။ လှည်းတစ်ရာကို တစ်ကောင်တည်း ဆွဲနိုင်သောနွား အဘယ်မှာရှိမည်နည်း'

'ငါ့ထံမှာရှိသည် သူဌေး'

ငါသည် နန္ဒိဝိသာလအားကိုးဖြင့် ဝင့်ကြွားစွာ ပြောလိုက်သည်။

'အို—မဖြစ်နိုင်ပါ ပုဏ္ဏား၊ သင့်နွား ရုန်းနိုင်မည်မထင်ပါ'

'သူဌေး အကယ်သင်မယုံလျှင် သင်နှင့်ငါ အသပြာတစ်ထောင် ကြေး လောင်းကုန်အံ့'

သူဌေးသည် ငါ့စကားကို ဝမ်းမြောက်ဝမ်းသာဖြင့် လက်ခံလိုက်သည်။

'ကောင်းပြီ ပုဏ္ဏား ငါတို့ လောင်းကြကုန်အံ့'

*　　*　　*

ငါသည် ငါ့သားနန္ဒိဝိသာလအား ရေချိုးပေးပြီးလျှင် နံ့သာရည်တို့ကိုလိမ်းကျံကာ နန္ဒိဝိသာလ၏လည်၌ ပန်းကုံးစွပ်၍ ပြိုင်ပွဲသို့ နန္ဒိဝိသာလကို ခေါ်လာခဲ့တော့သည်။

တစ်ကောင်တည်းသောနွားက ဝန်အပြည့် လှည်းတစ်ရာကို ဆွဲမည်ဟူသော သတင်းကြောင့် လူထုကြီးသည် အုတ်အုတ်ကျက်ကျက် သူ့ထက်ငါ အသီးသီး ပြိုင်ပွဲသို့ ကြည့်ရှုရန်ရောက်လာကြသည်။

လှည်းတစ်ရာကို ဝန်ရိုး၌ဖွဲ့သောလွန်ဖြင့် တစ်ပေါင်းတည်း ဖွဲ့ထားသည်။ လှည်းတစ်ရာပေါ်တွင်လည်း ကျောက်၊ ရေစ်သဲတို့ဖြင့် အပြည့်တင်ထားသည်။

ငါသည် အဦးဆုံးဖြစ်သောလှည်းကို ငါ့သား နန္ဒိဝိသာလကို ကလိုက်သည်။ ငါလှည်း လှည်းဦးတွင်ထိုင်၍ နှင်တံကိုမြှောက်ကာ

'ကောက်ကျစ်သောနွား ယုတ်မာသောနွား၊ သွားလော့၊ ဝန်ကိုဆောင်လော့' ဟု ဆို၍ ဝန်ကို ရုန်းစေတော့သည်။

ငါသည် ထိုသို့ဆိုကာ အဆန်တန်မောင်းပါသော်လည်း နန္ဒိဝိသာလသည် တုပ်တုပ်မှမလှုပ်၊ ခြေလေးချောင်းတို့သည် ကျောက်တိုင်များပမာ ခိုင်ခန့်စွာ ရပ်နေလေတော့၏။

လာရောက်ကြည့်ရှုကြသော ပရိသတ်သည် ငါ့ကို ... ထောဲလော သောဖြင့် အပြစ်တင်ကြကုန်တော့သည်။

'ပုဏ္ဏားကြီး သင့်နွား ဝန်ကိုမရုန်းနိုင်ဘဲလျက် ဘယ့်ကြောင့် အလောင်းအစားပြုတိသနည်း၊ အသပြာလိုသော် အလှူခံပါတော့လား' ဟု ဆိုပြောကြသည်

ထို့ပြင်သည်း ငါ့အား အမျိုးမျိုး နောက်ပြောင် ကျီစယ်ကြကုန်၏။

ငါလည်း ... တို့ပြော...မျှကို မည်သို့မျှ မပြောနိုင်၊ ခေါင်းကိုသာ အောက်စိုက်ချယ...မှ...တော့သည်။

'ကဲ ပုဏ္ဏား....သင်ရှုံးပြီ၊ ငါ့အား အသပြာတစ်ထောင်ပေးလော့'

ဂေါဝိန္ဒကသူဌေးသည် ငါရှုံးသဖြင့် အသပြာတစ်ထောင် ငါ့အား တောင်းလေတော့သည်၊ ငါသည် မနေသာတော့ဘဲ ငါ၌ရှိသော အသပြာတစ်ထောင်ကို သူဌေးအား ပေးလိုက်ရသည်။

ငါသည် အသပြာတစ်ထောင်ရှုံးသဖြင့် စိုးရိမ်သောက ဖြစ်ရလေတော့သည်။ ငါ့ကို အသပြာလိုချင်သလောဟု ပြောခဲ့သော နန္ဒိဝိသာလ၊ ဝန်အပြည့်တင်ထားသော လှည်းတစ်ရာကိုရုန်းနိုင်ပါသည်ဟု ဆိုသော နန္ဒိဝိသာလ၊ သူ့ကိုယုံစား၍ ငါ အသပြာတစ်ထောင် ရှုံးခဲ့ရချေပြီ။

ငါ အနှစ်နှစ် အလလ စုံဆောင်းထားခဲ့သော အသပြာတစ်ထောင်၊ မစားမသောက်ရပါဘဲလျက် ကုန်ချေပြီ။

နန္ဒိဝိသာလသည် ငါကျွေးမွေးခဲ့သော ကျေးဇူးကိုမှ မငဲ့ညှာ၊ နန္ဒိဝိသာလသည် ငါ့အား နှိပ်စက်လေစွတကား။

*   *

'ဖခင်ပုဏ္ဏား၊ အဘယ်ကြောင့် မအိပ်သနည်း'

ငါ အိမ်ရှေ့ကွပ်ပျစ်တွင် လဲလျောင်းနေရာ၊ ကျက်စားရာမှ ပြန်လာသော နန္ဒိဝိသာလသည် ငါ့ကို မေးလေသည်။

ချစ်သား အသပြာတစ်ထောင်ရှုံးသော ငါ့အား အဘယ်မှာ အိပ်ပျော်နိုင်ပါမည်နည်း'

ငါသည် နှလုံးမသာမယာဖြင့် နန္ဒိဝိသာလအား ပြန်ပြောလိုက်သည်။

'ဖခင်ပုဏ္ဏား၊ ငါသည် သင့်အိမ်သို့ ရောက်သည်မှစ၍ အိုးကို ခွဲဖူးသလော၊ တစ်စုံတစ်ခုသော ဥစ္စာကို နင်းဖူးသလော၊ ကျင်ကြီး ကျင်ငယ်ကို အရာမဟုတ်သည်၌ စွန့်ဖူးသလော၊ ထိုသို့ ငါ မကောင်းစွာ နေလျက် ငါ့အား ကောက်ကျစ်သောသူ၊ ယုတ်မာသောသူ ဟု ... သော စကားဖြင့် ပရိသတ်အလယ်မှာ အဘယ်ကြောင့် ဖခင် ဆို... သနည်း။ ဤအပြစ်သည် ဖခင်အပြစ်သာတည်း၊ ငါကား အပြစ်မရှိ

'ဖခင် တစ်ဖန် သွားချေ၊ ဂေါဝိန္ဒကသူဌေးနှင့် အသပြာနှ... ထောင်တို့ဖြင့် လောင်းခြင်းကို ပြုချေဦးလော့၊ မကောက်ကျစ်သော မယုတ်မာသော ငါ့အား ကောက်ကျစ်၏ ယုတ်မာ၏ဟု မပြောပါ... လင့်'

နန္ဒိဝိသာလ ဝန်အပြည့်ရှိသော လှည်းတစ်ရာကို မရုန်းခြင်းသည် ငါ၏ နှုတ်ကြမ်းသော စကားကြောင့်ဖြစ်သည်ဟု ငါ အခုမှ သိရတော့သည်။

နန္ဒိဝိသာလသည် တစ်ဖန် ဂေါဝိန္ဒကသူဌေးနှင့် အလောင်းအစား ပြုရန် လှတ်ပြန်တော့သည်။

ငါသည် ရှုံးထားသော အသပြာကိုလည်း ပြန်လိုချင်၊ ငါ့သားကိုလည်း ယုံကြည်သဖြင့် ဂေါဝိန္ဒကသူဌေးထံသွား၍ နောက်ထပ် အသပြာနှစ်ထောင်ကြေးလောင်းရန် ပြောကြားလိုက်သည်။

ဂေါဝိန္ဒကသူဌေးသည် ပထမတစ်ခါက သူနိုင်ထားသဖြင့် ယခုလည်း သူပင်နိုင်ဦးမည်ဟု တွက်ဆကာ ငါ့ကို မထေ့တထေ့ ပြုံး၍....

'ကောင်းပြီ ပုဏ္ဏား၊ ဤတစ်ခါ သင်သည် သုံးထောင်သော အသပြာတို့ ရှုံးခြင်းသို့ ရောက်လတ္တံ့'

နောက်တစ်နေ့ရောက်သော် ငါသည် ငါ့သား နန္ဒိဝိသာလအား ရေချိုး တန်ဆာဆင်ပြီးလျှင် ပြိုင်ဆိုင်မည့်နေရာ ထွက်လာခဲ့သည်။ လူထုကြီးသည် ယခင်အခါထက်ပင် များပြားနေသည်ကို တွေ့ရသည်။

ငါ့ကို ရိုသေလေးစားကြသော လူအချို့က ငါ့နွား ရုန်းမှ ရုန်းနိုင်ပါမလားဟု စိုးရိမ်နေကြဟန်တူသည်။ ငါကမူ လုံးဝမမှုချေ။ ငါ့သားနန္ဒိဝိသာလကို အကြွင်းမဲ့ ယုံကြည်ထားပြီးဖြစ်သည်။ ယခင်အခါ ငါ့စကား ထွက်ကြောင့်သာ ငါ့သား မရုန်းခြင်း ဖြစ်လေသည် မဟုတ်တုံလော။

ငါသည် ရှေ့ဆုံးလှည်းကို ငါ့သားအား ကလိုက်သည်။ ငါလည်း လှည်းဦးကထိုင်၍ နန္ဒိဝိသာလ၏ ကျောကုန်းကို ပွတ်သပ်ပေးကာ....

'လိမ္မာသောနွား၊ ကောင်းမြတ်သော နွား၊ သွားလော့....! ဝန်ကိုဆောင်လော့'ဟု ဆိုလိုက်သည်နှင့် နန္ဒိဝိသာလသည် ဝန်အပြည့်

တင်ထားသော လှည်းယစ်ရာကို ဆစ်ပြောင်အားကဲ့သို့ ကြီးမားသော အားအစွမ်းဖြင့် တစ်ကောဘ်တည်းရှုန်း၍ ဆွဲလိုက်သည်။

နောက်တည်သောလှည်းကို ရှေ့တည်သောလှည်း၏ နေရာ၌ သာ တည်စေတော့သည်။

ထိုအခါ လာရောက်ကြည့်ရှုကြကုန်သော ပရိသတ်တို့သည်....

'နန္ဒိဝိသာလ၊ နန္ဒိဝိသာလ'ဟု ဟစ်အော်သော လက်ခုပ်လက်ဝါးတီး၍ ကောင်းချီးပေးကြလေသည်။

ဂေါဝိန္ဒကသူဌေးလည်း ရှုံးသဖြင့် အသပြာနှစ်ထောင်ကို ငါ့အားပေးရလေတော့သည်၊ အခြားသော သူတို့သည်လည်း အချို့က အသပြာတို့ဖြင့် လည်းကောင်း၊ အချို့က အဝတ်ပုဆိုးတို့ဖြင့် လည်းကောင်း နန္ဒိဝိသာလအား များစွာသောဥစ္စာတို့ကို ချီးမြှောက်ပေးတမ်းကြလေသည်။

ထိုနန္ဒိဝိသာလအားပေးသောဥစ္စာတို့သည် ငါသာလျှင်ရချေသည်။

ငါသည် ဥစ္စာတို့အပြင် တစ်သက်မှတ်ထိုက်သော သင်ခန်းစာကိုလည်း ရလိုက်လေသည်။ အကြောင်းကား လူပင်မဆိုထားဘိ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ရိုင်းပျကြမ်းတမ်းသည့် မနှစ်သက်ဖွယ်သော စကားကို အလိုမရှိကြချေတကားဟူ၍ပင် ဖြစ်လေဘိသတည်း။

*   *

## ဉာဏ၀ဏ္ဏာ ဟောတော်မူရခြင်း အကြောင်းရင်း

နတ်နှင့်တကွသော လူတို့ကို ဆုံးမတော်မူတတ်သော သဗ္ဗညုမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်း၌ ကိန်းအောင်းမွေ့လျော် သီတင်းသုံးတော်မူစဉ် 'မနုညဗေ—ဘာသေယျ'

အစရှိသော ဂါထာဖြင့် တန်ဆာဆင်အပ်သော ဤနန္ဒိဝိသာလဇာတ်ကို ဆဗ္ဗဂ္ဂီရဟန်းတို့အား ဟောကြားတော်မူခြင်းဖြစ်လေသည်။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ခိုက်ရန်ပြုကုန်လျက် သီလနှင့် ပြည့်စုံကုန်သော ရဟန်းတို့ကို ဆဲရေးရှုတ်ချခြင်း၊ နှုတ်လှံထိုးခြင်း၊ ဆယ်ပါးသော အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးခြင်းကို ပြုကြကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ထားသော် မြတ်စွာဘုရားသည် ဆဗ္ဗဂ္ဂီရဟန်းတို့အား ခေါ်စေ၍ အမေးတော်ကြောင့် ဝန်ခံရကား မြတ်စွာဘုရားသည် ရဟန်းတို့အား ကဲ့ရဲ့တော်မူ၏။

ရဟန်းတို့ရန့်ရင်းကြမ်းတမ်းသောစကားသည်လူရဟန်းပင်မဆိုထားဘိ၊ တိရစ္ဆာန်သော်မှ မနှစ်သက်ကုန်။ ရှေးကလည်း တိရစ္ဆာန်ဖြစ်သော နွားသည် မိမိအား ကြမ်းကြုတ်သော စကားဖြင့်ဆိုသော ပုဏ္ဏားအား ငွေပြားတစ်ထောင် ရှုံးစေခဲ့ဖူးပြီဟု မိန့်တော်မူ၏။ ရဟန်းတို့သည် တောင်းပန်သဖြင့် ဤနန္ဒိဝိသာလဇာတ်ကို ဟောတော်မူလေသည်။

(ဧကနိပါတ်၊ ၂၈—နန္ဒိဝိသာလဇာတ်)



၁၀။ ပင်းသမီးခေါင်းခွပ်ထားသော ဘီလူးမ

သခင်မ ဝေဒေဟိကာသည် မိမိတ ကျွန်ကဲ့သို့ လုံလေသေး မရှိ ရလေအောင်လုပ်ဆောင်နေ၍ စိတ်သဘော နူးညံ့နေခြင်းလော၊ သည်းခံစိတ်ရှိနေခြင်းလော၊ သို့မဟုတ် မိမိကလုပ်ရမည့် တာဝန် ဝတ္တရားများကို မလုပ်ဘဲနေလျှင် အကယ်သည်းခံနိုင်မည်လော။ မိမိကောင်း၍ သခင်မ တော်နေခြင်းလော စသဖြင့် သိလိုသည်။

## မင်းသမီးခေါင်းစွပ်ထားသော ဘီလူးမ

သာဝတ္ထိတစ်ပြည်လုံး သခင်မဝေဒေဟိကာ၏ ကောင်းသတင်းသည် ပျံ့နှံ့ကျော်စောနေကြောင်း ကာဠီ သိရှိရလေသည်။

သခင်မ ဝေဒေဟိကာသည် နူးညံ့သည်၊ နှိမ့်ချသည်။ အေးမြသည်။ အမျက်စောင်မာန် နည်းသည်၊ သည်းခံစိတ်ရှိသည်ဟု လူအများက သခင်မ ဝေဒေဟိကာအား ချီးကျူးပြောဆိုကုန်ကြသည်။

သခင်မ ဝေဒေဟိကာသည် အကယ်ပင် လူအများ ပြောဆိုချီးကျူးသကဲ့သို့ စိတ်ရင်းစေတနာ ကောင်းလေသလော၊ သို့မဟုတ် ဒေါသအမျက်ထွက်ရန် အကြောင်းမတိုက်၍ မထွက်ဘဲနေသလောဟု သခင်မ ဝေဒေဟိကာအပေါ် ကျွန်မကာဠီသည် သိလိုသောစိတ်ဆန္ဒ ဖြစ်မိလေသည်။

စင်စစ် သခင်မဝေဒေဟိကာသည် သာဝတ္ထိတစ်ပြည်လုံး ချီးကျူးသည်မှာ မှန်သည်။ ယခုအချိန်ထိ ကျွန်မကာဠီကိုယ်တိုင်လည်း သခင်မ ဒေါသအမျက်ကြီးသည်၊ ရန့်ကြမ်းသည်ကို တစ်ခါမျှ မတွေ့ကြုံခဲ့ဖူးပေ။ ကာဠီကို အရိုက်အနှက် အငေါက်အငန်း ရန့်ကြမ်းသောစကား မဆိုထားနှင့် မကျေနပ်သောအကြည့်၊ မကျေနပ်သော အသွင်ကို တစ်ခါမျှမပြခဲ့၊ မပြုမူခဲ့ချေ။ ကာဠီကိုယ်၌ကလည်း သခင်မ ဝေဒေဟိကာ မကြိုက်နှစ်သက်သော အလိုမကျသောအရာဟူသမျှ

ဘာမျှမလုပ်မိခဲ့။ သခင်မဆန္ဒ သခင်မစိတ်တိုင်းကျသာ ဖြစ်စေခဲ့သည်။

ကာဋ္ဌီသည် နံနက်ဆိုလျှင် ခင်းဝေဟိကာ အိပ်ရာမထမီ ယာဂုကျိုခြင်း ရေနွေးအိုးတည်ခြင်းတို့ကို ပြုလုပ်ပြီးဖြစ်သည်။ အိပ်ခြံဝင်းတစ်ခုလုံးကို သစ်ရွက်ပင်ရွက် မြက်ပင်စင်မရှိအောင် တံမြက်လှည်းထားပြီးဖြစ်သည်။ သောက်ရေသုံးရေသည်း ခပ်ပြီးသားပင်။

သခင်မအိပ်ရာမှထသည်နှင့် မျက်နှာသစ်ရေ၊ ဒန်ပူ မျက်နှာသုတ်ပဝါတို့ အဆင်သင့်ပြင်ဆင်ပေးသည်။ ထို့နောက် သခင်မအတွက် ယာဂုကိုပြင် ကျွေးသည်။

ထိုကိစ္စများပြီးလျှင် နံနက်စာအတွက် စျေးသွားကာ ဟင်းသီးဟင်းရွက် သားငါးပုစွန်ဝယ်၍ သခင်မအကြိုက်ဖြစ်စေရန် ချက်ပြုတ်ကြော်လှော်သည်။ ထို့နောက် သခင်မအား ခူးခပ်ပြင်ဆင် ကျွေးရသည်။

နေ့လယ်ရောက်သော် အိမ်ကြမ်းပြင်ကိုတိုက်သည်။ အိမ်တွင်း ခေါင်မိုးမှ ကျပ်ခိုးအမှိုက်သရိုက်များကို လှည်းကျင်းသည်။ သခင်မ၏ အင်္ကျီကိုယ်ဝတ်၊ စောင် ခေါင်းအုံးစွပ်များကို လျှော်စရာရှိလျှင် လျှော်ဖွပ်သည်။ နောင်း ထောင်းပြီး ဆန်များကိုပြာတန်ပြာ စပါးလုံးရွေးတန်ရွေး ပြုလုပ်သည်။

ထိုကိစ္စများပြီးလျှင် သခင်မရေချိုးရန် ရေနွေးကျိုသည်။ ရေနွေးကျိုပြီး သခင်မအား ရေအေးနှင့်ရောစပ်ကာ ရေချိုးစေသည်။ သခင်မ ရေချိုးနေစဉ် ကိုယ်မှန့်တိုက်ပေးခြင်း၊ ချေးတွန်းပေးခြင်းကို ပြုပေးရသည်။

ညနေရောက်လာပြန်သော့ ညနေစာအတွက် ချက်ရပြုတ်ရပြန်သည်။ ချက်ပြုတ်၍ သခင်မအား ခူးခပ်ပြင်ဆင် ကျွေးပြီးလျှင် ကာဋ္ဌီသည် သူကိုယ်တိုင်စားသည်။ စားပြီး၍ ဟင်းကြွင်း ထမင်းကြွင်းများကို ခွေး၊ ကြောင်၊ ကျေးငှက်စသော တိရစ္ဆာန်များကို ကျွေးသည်။ ထို့နောက် အိုးခွက်ပန်းကန်များကို ဆေးကြောသည်။

မီးတင်းကုတ် သန့်ရှင်းသည်။ ခွေး၊ ကြွက်၊ ငှက် မဝင်ရန် ပိတ်ဆို့သည်။

ညနေရောက်သော် ဆီမီးညှိထွန်းသည်၊ သခင်မအား ခြေဆုပ်ပေးခြင်း၊ လက်နယ်ပေးခြင်းစသော အမှုကို ပြုသည်။ သခင်မက သွားတော့ဆိုမှ သွားသည်၊ သခင်မအိပ်ပျော်သွားလျှင် ကာဠီသည် ခြံဝင်းတံခါး အိမ်တံခါးတို့ကို အစေ့အစပ်ကြည့်ရှုပြီး လျှင် လုံခြုံစွာ အသေအချာပိတ်သည်။

ထို့နောက်မှ မိမိအိပ်ခန်းရှိရာနောက်ဖေးသို့ ဝင်၍ အိပ်လေသည်။

ကာဠီသည် ထိုသို့ ပြုလုပ်ဆောင်ရွက်သည်မှာ တစ်ရက်လည်းမဟုတ်၊ တစ်လလည်းမဟုတ်၊ တစ်နှစ်သည်လည်းမဟုတ်သေး၊ နှစ်အတန်ကြာမြင့်ခဲ့ချေပြီ။ ကာဠီ ကျွန်မသည် ဤအတိုင်း မပျက်မရှိ လုံ့လဝီရိယဖြင့် အလုပ်မှန်သမျှ သခင်မစိတ်တိုင်းကျဖြစ်အောင် ဆောင်ရွက် ပြုလုပ်သည်ချည်း ဖြစ်သည်။

သခင်မ ဝေဒေဟိကာသည် မိမိက ဤကဲ့သို့ လိုလေသေးမရှိရလေအောင် လုပ်ဆောင်နေ၍ စိတ်အေးအေးသာ နေ့ညဉ့်နေခြင်းလော၊ သည်းခံစိတ်ရှိနေခြင်းလော သို့မဟုတ် မိမိလုပ်ရမည့် တာဝန်ဝတ္တရားများကို မလုပ်ဘဲနေလျှင် အောင့်အည်းခံနိုင်ပါ့မလော၊ မိမိကောင်း၍ သခင်မ ဝေဒေဟိကာ စိတ်ကောင်းနေခြင်းလော စသဖြင့် ကာဠီ သိလိုသည်၊ ထို့ကြောင့် ကာဠီသည် သခင်မ ဝေဒေဟိကာ၏ အကြောင်းကို သေချာစွာသိရန် စုံစမ်းဖို့ ဆုံးဖြတ်လိုက်သည်။

*   *   *

နေမင်းကြီးသည် အရှေ့အရပ်မှ လောကဓာတ် တစ်ခွင်လုံး မြှာကျလျက် ရှိချေသည်၊ သာဝတ္ထိပြည်သူပြည်သားတို့သည် လုပ်ငန်း ကိုယ်စီလုပ်ရန် ပေါက်ချွန်းကိုင်သူကိုင်၊ တူရွင်းဆွဲသူဆွဲဖြင့် အလျှိုလျှို မြို့မှ တောသို့ ထွက်ကြလေသည်။ အိမ်ရှင်မများလည်း ခင်ပွန်းသည် များ ပြန်လာလျှင် အဆင်သင့်စားသောက်ရန် ချက်ကြပြုတ်ကြ ကြော်လှော်ကြကုန်သည်။

ယနေ့ ကျွန်မကာဠီသည် အခါတိုင်း သူပြုလုပ်နေကျအလုပ် များကို တစ်ခုမှမလုပ်ပေ၊ မိမိထနေကျအချိန်တွင် နိုးနေသော်လည်း သခင်မဝေဒေဟိကာ၏ စိတ်သဘောထားကိုသိလို၍ ပေအိပ်နေ လိုက်သည်။

'ဟဲ့…ကာဠီ ထလာ နေမြင့်လှပြီ၊ နေမကောင်းသလော'

သခင်မ ဝေဒေဟိကာသည် ကာဠီအိပ်နေသော နောက်ဖေးသို့ လာ၍ ကာဠီအား နှိုးလေသည်၊ ထိုအခါမှ ကာဠီသည် အိပ်ယာမှ ထ၍ မျက်နှာသစ်ပြီး သခင်မဝေဒေဟိကာထံ လာခဲ့သည်။

'ကာဠီ…နေမကောင်းသလော'

သခင်မဝေဒေဟိကာသည် ကာဠီအား စူးစမ်းသောအကြည့် ဖြင့် ကြည့်ကာ မေးလိုက်သည်။

'ဘာမှမဖြစ်ပါ သခင်မ'

ကာဠီသည် မတုန်မလှုပ် မကြောက်မရွံ့ တည်ငြိမ်စွာ သူ့ သခင်မအား ပြန်ဖြေလိုက်သည်။

'ဘာမှမဖြစ်ဘဲလျက် ဤမျှအိပ်ရသလော ကာဠီ'

ဝေဒေဟိကာသည် မျက်မှောင်ကြုတ်လျက် ဒေါသအမျက် သံဖြင့် ပြောဆိုလိုက်သည်။

စင်စစ် သခင်မဝေဒေဟိကာသည် အမျက်ထွက်တတ်သည်ပဲဟု ကာဠီ သတိပြုလိုက်မိသည်၊ ကာဠီသည် သခင်မ ဝေဒေဟိကာအား

မည်သို့မျှ ပြန်မပြောတော့၊ သူလုပ်စရာရှိသော အလုပ်များကိုလုပ်ရန် သခင်မဝေဒေဟိကာအနီးမှ ထွက်ခဲ့လေတော့သည်။

ကာဠီသည် ထိုမျှဖြင့်မကျေနပ်သေး၊ သူ့သခင်မအား ထပ်မံစုံစမ်းဦးမည်ဟု စိတ်ကူးလိုက်ပြန်သည်။

*   *   *

'ကာဠီ....ကြည့်ဦးလေ၊ အချိန်မည်မျှရှိနေပြီနည်း၊ အဘယ့်ကြောင့် အိပ်ယာမှမထသေးသနည်း'

ကာဠီသည် ယမန်နေ့ကထက်ပင် အိပ်ယာမှမထဘဲ နေမြင့်အောင် အိပ်နေသဖြင့် သခင်မဝေဒေဟိကာသည် အသံစာစာဖြင့် လာနှိုးတော့သည်။

'ဘာမှမဖြစ်ပါ သခင်မ၊ တမင် ပျင်းရိသောကြောင့် မထခြင်း ဖြစ်ပါသည်'

ကာဠီသည် အိပ်ရာမှမထဘဲ ဝေဒေဟိကာအား ပြန်ပြောလိုက်သည်။

'ဟယ်....ကျွန်စုတ်မ၊ သပေါက်မ၊ ဘာမှမဖြစ်ဘဲလျက် ဤမျှ အိပ်နေရသလော'

ဝေဒေဟိကာသည် ကျွန်မကာဠီအား ရိုင်းပျစွာရုန့်ရင်းကြမ်းတမ်းစွာ ဆဲဆိုငေါက်ငန်း၊ ကြိမ်းမောင်းလေတော့သည်။ ကာဠီသည် ဝေဒေဟိကာအား ခွန်းတုံ့မပြန်ဘဲ အိပ်ရာမှာ အသာငြိမ်နေလိုက်သည်။

ကျွန်မကာဠီသည် သူ့သခင်မဝေဒေဟိကာအား အမျက်ထွက်ရန် အကြောင်းရှိလျှင် အမျက်ထွက်ကြောင်း ရုန့်ကြမ်းသောစကား ပြောစရာကြုံလာလျှင်ပြောဆိုကြောင်း ကာဠီကိုယ်တိုင်တွေ့မြင်ရချေပြီ။

ဤမျှ ယုတ်ညံ့သောစကားများကို သခင်မ မည်သည့်အချိန်ဆ တတ်နေပါသနည်း။ သခင်မရုပ်ရည်နှင့် နှုတ်ထွက်စကားတို့သည် မလိုက်ဖက်လေစွဟု စဉ်းစားမိလေသည်။

သခင်မ ဝေဒေဟိကာ၏ အမျက်သည် ဤမျှသာလော၊ ထို့ထက်ပင် ဆိုးချိုးဥူ၍ အံ့သော၊ ထပ်မံ၍ စုံစမ်းမည်ဟု ကာဠီ သန္နိဋ္ဌာန် ချလိုက်သည်။

*     *     *

'ဟယ်... ကာဠီ အမျိုးယုတ်မ ထပါတော့လား၊ နေမြင့်လှပြီ ကော ဘယ်ကြောင့် အိပ်ရာမှမထတဲ နေဘိသနည်း'

ဝေဒေဟိကာသည် အသံခပ်မာမာဖြင့် အော်ကြီးဟစ်ကျယ် ကျွန်မကာဠီအား နှိုးလေဟော့သည်။

ကျွန်မကာဠီသည် အိပ်ရာမှထလာပြီးလျှင် သခင်မ ဝေဒေဟိကာအား....

'ဘာမှမဖြစ်ပါ သခင်မ၊ ကျွန်မ အလုပ်လုပ်ရန် ပျင်းရိသောကြောင့်သာ မထခြင်းပါ' ဟု ပြောလိုက်သည်။

ကာဠီ၏ အဖြေစကားကိုကြားလိုက်ရသော ဝေဒေဟိကာသည် အမျက်ဒေါသကို ထိန်းသိမ်းခြင်းငှာ မစွမ်းနိုင်တော့ပေ၊ ဝေဒေဟိကာသည် နဖူးဝင်းသည်ပမာ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်လျက် ဒေါသအမျက် မချောင်းချောင်းထွက်ကာ....

'ဟဲ့....သူတန်းမ အမျိုးမစစ်မ၊ နင် ဤသို့ပြုသည်မှာ သုံးရက်ရှိချေပြီ၊ ငါ့ကို တမင်အရွဲ့တိုက်လေသလော၊ ငါ့စိတ်ကို စမ်းသလော၊ ဤမျှ ခေါင်းမာလှသည့် ကျွန်မယုတ်၊ ကဲ....မှတ်ကရော၊ မှတ်ကရော' ဟု ဆိုပြောပြီး အရှိန်ရှိသည့် ကွေးသော တံခါးမင်းတုပ်ကို ဆွဲ၍ ကျွန်မ ကာဠီ၏ဦးခေါင်းကို နှစ်ချက်ဆင့်ရိုက်ချလိုက်သည်။

ကာဠီ၏ဦးခေါင်းမှ သွေးများသည် ဖြာထွက်ကျလာသည်။ ကာဠီသည် အိမ်ခြံဝင်းအတွင်းမှ သွေးရူးသွေးတန်းဖြင့် ပြေးထွက်သွားပြီးလျှင် အိမ်နီးချင်းများကြားအောင် ဤသို့လျှင် အော်ဟစ်ပြောကြားလိုက်သည်။

'ကြည့်ကြစမ်းပါဦး အရှင်မတို့ရေ၊ ရှင်တို့က နူးညံ့သည် ပျော့ပျောင်းသည်၊ နိမ့်ချသည်၊ အေးမြသည်၊ အမျက်စောင်မာန်နည်းသည်၊ သည်းခံစိတ်ရှိသည်ဆိုသော မိန်းမကောင်းကြီး ဝေဒေဟိကာ၏ ပြုမူပုံကိုလေ၊ ကျွန်မအိပ်ရာထ နောက်ကျရသလားဟုဆိုပြီး ကျွန်မ ဦးခေါင်းကို မင်းတုတ်နှင့် ရိုက်ခဲ့ပါသည်၊ အကယ်စင်စစ် ဝေဒေဟိကာသည် အမျက်နည်းခြင်း မဟုတ်၊ သည်းခံစိတ်ရှိခြင်း မဟုတ်ပါ၊ ကျွန်မကောင်း၍ သူကောင်းနေခြင်းသာ ဖြစ်ပါသည်၊ ကျွန်မ တာဝန်ဝတ္တရားကျေပွန်၍သာ ကျွန်မ အပြစ်မရှိ၍သာ ဝေဒေဟိကာ ကောင်းနေခြင်းပါ၊ ယခု ကျွန်မ အိပ်ရာထ သုံးရက်နောက်ကျသဖြင့် ဤသို့ အရိုက်ခံရပါသည်၊ အရှင်မတို့ ကောင်းသည်ဆိုသော ဝေဒေဟိကာကား မကောင်းသောမိန်းမကြီးသာဖြစ်ပါသည် အရှင်မတို့'

အိမ်နီးချင်း မိန်းမများသည် ကာဠီ ဤသို့ပြောဆိုသံကြောင့် ဝိုင်းဝန်း၍ ထွက်ကြည့်ကြသည်၊ မကြာမီ ကာဠီအနီး လူအုပ်ကြီးဖြစ်လာသည်။

ဝေဒေဟိကာကိုလည်း အမျိုးမျိုး တစ်ယောက်တစ်ပေါက် ဝေဖန်ပြစ်တင်ကြသည်။

'သူတော်ကောင်း စိတ်ထားနူးညံ့သည်ဆိုသော မိန်းမနှယ် အိပ်ရာထနောက်ကျရုံမျှ ခေါင်းပေါက်အောင် ရိုက်ရသလေသလား' ဟူ၍ တစ်မျိုး....

'ယခင်က ဤဝေဒေဟိကာကို အလွန်အထင်ကြီးခဲ့ဘိသည်၊ အခုတော့ သူလည်း မိုက်ရိုင်းရှန်ကြမ်းသော မိန်းမပေပဲ' ဟူ၍ တစ်ဖုံ....

စသည်ဖြင့် ကျွက်စီကျွက်စီ မကျေမနပ် ဗျစ်တောက်ဗျစ်တောက် ဖြင့် ကာဠုဒါယီမှ မခံချင်စိတ်ဖြင့် ပြင်းပြစွာ ပြောဆိုကြကုန်သည်။

ဝေဒေဟိကာသည်လည်း ထိုမိန်းမများ ပြောဆိုနေကြသည်ကို ကြားဟန်တူပသည်၊ ဝေဒေဟိကာသည် ကျွန်မ ကာဠုဒါယီအား သူ့အရှက်ခွဲရကောင်းလားဟု ဒေါသအကြီးအကျယ် ဖြစ်နေပြီးလျှင် ကာဠုဒါယီအား သတ်လိုစိတ်ပင် ဖြစ်ပေါ်လာမိသည်။

သို့ရာတွင် အကယ်၍သူ ကာဠုဒါယီထံသွားလျှင် ကာဠုဒါယီမသေဘဲ ကာဠုဒါယီကို မုန်းကြသော လူအများက သူ့ကို ဝိုင်းရိုက်မည်မှာသေချာသည်၊ ထို့ကြောင့် သူမသွားဝံ့ပေ၊ အိမ်ထဲတွင်ကုတ်၍ အံကြိတ်လျက်သာ ကာဠုဒါယီအား မကျေမနပ်ဖြစ်နေလေသည်။

ထိုအခါတွင် ဝေဒေဟိကာသည် ရန့်ရင်းကြမ်းတမ်းသည်၊ ယောင်လွှားတတ်ကြမ နှုတ်ခက်ထန်သည် ဆူပူမာန်မဲတတ်သည်ဟူသော မကောင်းသတင်းနှင့် ပျံ့နှံ့ ကျော်စောသွားတော့သတည်း။

(မဇ္ဈိမနိကာယ်... မူလပဏ္ဏာသ၊ ၂၆ ကကစူပမသုတ္တန်မှ)